www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက် = ၁၀၃၃ / ၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက် = ၆၃၆ / ၂၀၀၁ (၈)
ပုံနှိပ်ခြင်း = ၂၀၀၁ - ခုနှစ်
အောက်တိုဘာလ - ပထမအကြိမ်
အုပ်ရေ = ၅၀၀
တန်ဖိုး = ၃၀/
ထုတ်ဝေသူ = ဦးတင်ရှိန် (မြဲ - ၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄ / ၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ
အဖုံးပုံနှိပ်သူ = ဦးကျော်ခင် (မြဲ - ၀၄၂၂၉)
နိုင်ရည်မွန် ပုံနှိပ်တိုက်
တိုက်ခွဲ ၁၄/၁၆၊ မဟာသုခလမ်းနှင့်
၈၁-ဗိုလ်ချုပ်လမ်းပုဇွန်တောင်မြို့နယ်။
အတွင်းပုံနှိပ်သူ = ဦးရိုးမောင် (မြဲ - ၀၄၈၀၅)
ရောင်ခြည်ဦးပုံနှိပ်တိုက်
အမှတ် (၇၆)၊ ၄၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်၊
စည်းကမ်းကိုက်ညီ ဘေးကင်းသည်၊

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

⇒ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
⇒ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
⇒ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
⇒ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# သူပြောနေသမျှယုံချင်တယ်

မောင်စိန်ဝင်း(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

'သည့်ထက်ပိုသော
အပူအမောနဲ့
သူပြောနေသမျှ ယုံချင်တယ် . . .



www.burmeseclassic.com

www.burmeseclassic.com

မတ်လ၏ အပူကို ဂရုမထားနိုင်ဘဲ လိုရာခရီးကို ရောက်ဖို့ပင် အမျိုးသားနှစ်ယောက် ဇောကပ်နေကြ၏။

သူတို့ စီးနင်းလိုက်ပါလာသော ခရီးသည်တင်ကားငြာ အမြန်နှုန်းကို အားမလို အားမရ ဖြစ်နေကြသည်။

လူငယ်က သူ့နံဘေးမှ အပေါ်ဖြစ်သူကို စိုးရိမ်မကင်းစွာဖြင့် ပြောလိုက်၏။

"ဆရာစိုး . . . ဒီပုံစံအတိုင်းဆိုရင် 'အေး' ရဲ့ ဈာပနကို ကျွန်တော်တို့ မီပါ့မလား"

"မီမှာပါ ကိုနောင်၊ အခုမှ ဆယ့်နှစ်နာရီခွဲပဲ ရှိသေးတာ၊

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင် မြို့ကို ရောက်တော့မှာပါ ကိုနောင်"

စကားပြောဆိုကြပြီး အတွေးကိုယ်စီဖြင့် ပြန်လည်ငြိမ်သက်သွားကြပြန်၏။

မြို့နယ်နိမိတ်ကို ချင်းနင်းဝင်ရောက်လာပြီ ဖြစ်သောကြောင့် ကားစပယ်ယာဖြစ်သူက ဆင်းမည့်ခရီးသည်များကို အသင့်ပြင်ထားရန် ဆော်ဩလိုက်၏။

ကားစပယ်ယာသံ ဆုံးသည်နှင့် နောင်လင်းထွန်းနှင့် ဆရာစိုးဝေတို့က မတိုင်ပင်ဘဲ လှုပ်ရှားလိုက်ကြ၏။

နောင်လင်းထွန်းတို့ ကားပေါ်မှ ဆင်းတော့ နေ့လည်တစ်နာရီ ထိုးနေပြီ။ တစ်ခါမှ မရောက်ဖူးသော နောင်လင်းထွန်းက ဆရာစိုးဝေကို မေးပြန်၏။

"ဆရာစိုး . . . ကျွန်တော်တို့ ဘယ်ကို အရင်သွားကြမှာလဲ"

"ခဏလေး ကိုနောင်၊ အသုဘချ သွားမသွား မြင်းလှည်းဆရာကို မေးကြည့်လိုက်မယ်"

အနားသို့ ထိုးဆိုက်လာသော မြင်းလှည်းကို ကြည့်ရင်း ဆရာစိုးဝေ ပြောလိုက်သည်။



မြင်းလှည်းမောင်းသူက ဆရာစိုးဝေကို မြင်သည်နှင့် နှုတ်ဆက်စကား ဆိုတော့၏။

ဆရာစိုးဝေက ဒီမြို့လေးမှာ ကြီးပြင်းခဲ့သောသူ ဖြစ်သောကြောင့်ပင် မြင်းလှည်းမောင်းသူနှင့် သိကျွမ်းနေခြင်း . . . ဟု နောင်လင်းထွန်း တွေးလိုက်၏။

"ဟာ . . . ကိုစိုးဝေပါလား၊ ခင်ဗျားတူမ အေးမြတ်မိုရဲ့ အသုဘကို လာတာထင်တယ်၊ လာဗျာ လာ လာ၊ အွင်း ကောင်မလေးက ကံဆိုးလွန်းပါတယ်၊ အိမ်ထောင်ရေးကံ မကောင်းတဲ့အပြင် ဒိတ်ဆင်းရဲပြီး အရွယ်ကောင်းမှာ ဆုံးသွားရှာတာဗျ"

မြင်းလှည်းမောင်းသူက နောင်လင်းထွန်းကို အကဲခတ်သလိုကြည့်ပြီး ပြောလိုက်၏။

ဆရာစိုးဝေကတော့ မြင်းလှည်းဆရာအား အဓိကကျသော အချက်ကို မေးလိုက်သည်။

"အေးမြတ်မိုရဲ့ အသုဘ ချသွားပြီလား"

"ချသွားပြီ ကိုစိုးဝေ၊ နာရီဝက်နီးပါးလောက်တော့ ရှိသွားပြီ"

"ကဲ . . . ကိုနောင်၊ မြင်းလှည်းပေါ် တက်၊ ဆရာတို့ သုသာန်ကို အမီ လိုက်သွားရအောင်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်လင်းထွန်းရော ဆရာစိုးဝေပါ မြင်းလှည်းပေါ် တက် လိုက်ကြသည်။

မြင်းလှည်းဆရာကလည်း အလိုက်သိစွာဖြင့် မြင်းလှည်းကို ခပ်ပြင်းပြင်း မောင်းပေးလေ၏။

သူသာန်သို့ ရောက်ဖို့အရေးနှင့် အလောင်းကို မြင်ခွင့်ရဖို့ အရေးမှာ နောင်လင်းထွန်းနှင့် ဆရာစိုးဝေတို့ နှစ်ယောက်ထဲမက တော့ဘဲ မြင်းလှည်းမောင်းသူသို့ပါ ကူးစက်သွားရတော့သည်။

"ကိုစိုးဝေ တူမလေးက တကယ့်ကို သနားစရာပါဗျာ၊ သူ ဒီမြို့က နှစ်နှစ်လောက် ပျောက်သွားတော့ အားလုံးက ဝမ်းသာနေ ကြတာ၊ သူ့ယောကျ်ား အောင်သစ်ကိုရော အောင်သစ်မိဘတွေ ဆွေမျိုးတွေကိုပါ မြို့ကလူတွေအားလုံးက အော့နှလုံးနာကြတာ၊ ဒီမြို့ မှာ အောင်သစ်တို့က စီးပွားရေး အတောင့်ဆုံး၊ အေးမြတ်မိုတို့က သာမန်ပဲ၊ အေးမြတ်မို ဆယ်တန်းအောင်တော့ အောင်သစ်က အတင်းရအောင် ယူလိုက်တာ၊ အောင်သစ်က အေးမြတ်မိုထက်





ငါးနှစ်လောက်တော့ ကြီးမယ်ထင်တယ်နော် ကိုစိုးဝေ"

မြင်းလှည်းဆရာက နောင်လင်းထွန်းကို ရည်ရွယ်ပြီး တမင် ပြောဆိုနေတာ ထင်ရှားနေ၏။

အေးမြတ်မိုနှင့် နောင်လင်းထွန်းတို့ ဆက်စပ်ပတ်သက်နေ သည်ကို မြင်းလှည်းဆရာက သတင်းရထားပုံရ၏။

"အားလုံးက ဒီလိုအဖြစ်ဆိုးကို ဘယ်ဖြစ်စေချင်ကြပါ့မလဲ၊ အေးမြတ်မို ကိုယ်၌ကကို ကံဆိုးလွန်းပါတယ်"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဒီမြို့ကနေ အေးမြတ်မို ပျောက်သွားတော့ ကိုစိုးဝေဆီမှာဆိုတာ ဘယ်သူမှ မသိကြဘူး၊ အားလုံးကလည်း မေ့လျော့နေကြတာ၊ အေးမြတ်မို မြို့ကို ရုတ်တ ရက် ပြန်ရောက်လာတော့ အားလုံး အံ့သြသွားကြတယ်"

"ဟုတ်တယ်ဗျာ၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဒီလို အချိန်မျိုးမှာပဲ ကျွန်တော် မြို့ကို ပြန်ရောက်ခဲ့တယ်၊ အေးမြတ်မိုရဲ့ သတင်းကို ကြားတယ်၊ ကျွန်တော့်အစ်မတွေကရော ဆွေမျိုးတွေက ဒါ အေးမြတ်မိုကို လစ်လျူရှုထားကြတယ်၊ အဲဒီအချိန်မှာ အောင်သစ်ရဲ့ ဆိုးဒဏ် ပေဒဏ်နဲ့ အောင်သစ်အသိုင်းအဝိုင်းဒဏ်ကို အေးမြတ်မို အလူးအလဲ ခံနေရတာ၊ ကျွန်တော်လည်း မကြည့်ရက်



www.burmeseclassic.com

တာနဲ့ ရန်ကုန်ကို ခေါ်လာခဲ့တာ"

ဒီအကြောင်းတွေကို နောင်လင်းထွန်းလည်း သိနေသည်ပဲ။ အေးမြတ်မိုးနှင့် ပတ်သက်ခဲ့၍သာ အခုချိန်ခါမှာ နောင်လင်းထွန်း သောကတွေ ဖြစ်နေရ၏။

အလိုက်မသိသည်ပဲ ပြောရမည်လား၊ စပ်စုလွန်းသည်ပဲ ပြောရမည်လား မသိ။ နောင်လင်းထွန်းနှင့် ပတ်သက်သည်တို့ကို မြင်းလှည်းဆရာက အမေးအမြန်းထူလိုက်၏။

"အော် ဒါနဲ့ ကိုစိုးဝေကို မေးရဦးမယ်၊ ဘာရယ်တော့ မဟုတ်ပါဘူး၊ မြို့မှာ သတင်းထွက်နေတဲ့ကိစ္စပါ၊ ကိုစိုးဝေအိမ်မှာ နေတုန်း အေးမြတ်မိုးက သူနဲ့ရွယ်တူကောင်လေးတစ်ယောက်နဲ့ ဘာလိုလို ညာလိုလို ဖြစ်ခဲ့တယ်ဆိုတာ ဟုတ်လား၊ ယူတော့မလိုလို ဖြစ်ခဲ့တယ်ဆို"

မြင်းလှည်းဆရာ၏ စကားကြောင့် ဆရာစိုးတော့ နောင်လင်းထွန်းကို ကြည့်လိုက်၏။ သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီးမှ မထူးတော့သည်မို့ ဆရာစိုးဝေ ပြောလိုက်သည်။

"ယူဖြစ်မယ့် အနေအထားမျိုးတော့ မရောက်ခဲ့ကြပါဘူး၊ ပတ်သက်ခဲ့တယ်လို့တော့ ပြောရမလားပဲ၊ သူက တခြားလူ မဟုတ်





ဘူး၊ ဒီမြင်းလှည်းပေါ်မှာ ကျွန်တော်တို့နဲ့ အတူတူ ပါလာတဲ့ နောင်လင်းထွန်းပဲ"

ဆရာစိုးဝေ စကားကြောင့် မြင်းလှည်းဆရာ၏ မျက်နှာ ပြုံးယောင်သမ်းသွား၏။ သူ လူကဲခတ် တော်ကြောင်းကို သူ့ဘာသာ ဂုဏ်ယူနေပြန်သည်။

"ကိုစိုးဝေနဲ့ တွဲပြီး စတွေ့ကတည်းက ကျွန်တော် ထင်သား ပဲ၊ ကိုစိုးဝေနဲ့ အတူတူ အသုဘကို လိုက်လာတယ်ဆိုမှတော့ အေးမြတ်မိုးနဲ့ ပတ်သက်နေတယ်ဆိုတာကို ရိပ်မိပါတယ်၊ ကျွန်တော်တင် မဟုတ်ပါဘူး၊ သုသာန်ရောက်ရင် အားလုံးက ဒီလိုပဲ ထင်ကြမှာပါ"

သုသာန်တစပြင်ကို နေပူပူအောက်မှာ လှမ်းမြင်နေရ၏။

အသုဘအခမ်းအနားမှ ပြန်လာကြသော လူအုပ်ကြီးနှင့် တည့်တည့်တိုးလေ၏။

နောင်လင်းထွန်းတို့ သုသာန်သို့ ရောက်ခဲ့ကြသော်လည်း အခါက နှောင်းခဲ့လေပြီ။

www.burmeseclassic.com



"မင်းတို့ နောက်ကျသွားပြီ မောင်စိုးဝေ၊ မင်းတူမရဲ့ အုတ်ဂူပိတ်ပြီးသွားပြီ"

သေဆုံးသွားသော အေးမြတ်မို၏ မိဘများက နောင်လင်းထွန်းတို့ကို ဆီးပြောကြ၏။

ဆရာစိုးဝေနောက်မှ ကပ်ပါလာသော နောင်လင်းထွန်းကို မြို့ခံလူများက စိတ်ဝင်တစား ရှိနေကြ၏။

အေးမြတ်မိုနှင့် နောင်လင်းထွန်းတို့အကြောင်းကို အားလုံးနီးပါးက သိထားကြသည် ထင်၏။

"ကောင်လေးက လူရည်သန့်သန့်နဲ့ ခပ်ချောချောလေးပဲနော်"

"ဆုတောင်း မှားကြတယ်ဆိုတာ ဒါမျိုးကို ပြောတာနေမှာပေါ့၊ အေးမြတ်မိုက အောင်သစ်အပေါ် အတော်လေးကို စိတ်ကုန်လို့ မြို့က အပြီးထွက်သွားတာ၊ အေးမြတ်မို မြို့ကို ပြန်ရောက်လာတာ အတော်လေး ကုသိုလ်ကံ ဆိုးသွားတာ"

"သူ့ဇာတ်မှာပဲ ခေါင်းချတဲ့ သဘောပဲ နေမှာပေါ့၊ ဒီကောင်လေးနဲ့ အေးမြတ်မိုတို့က ယူခါနီးဆဲဆဲလို့ ပြောသံကြားတာပဲ"

"အေးမြတ်မို မသေဘဲ အောင်သစ် သေသွားရင် ဘယ်





လောက် ကောင်းလိုက်မလဲနော်"

အသုဘရှုပြီး ပြန်ထွက်လာကြသူများက သူတို့၏ အမြင်များကို တစ်ယောက်တစ်ပေါက်ဖြင့် တီးတိုး ပြောဆိုနေကြ၏။

နောင်လင်းထွန်းတို့ကတော့ ဘယ်သူ့ကိုမှ ဂရုမထားဖြစ်ကြပဲ အုတ်ဂူရှိရာသို့ အရောက်သွားနေ၏။

ပူပြင်းသော ကောင်းကင်အောက်မှာ ဝမ်းနည်းစရာများဖြင့် ဆုံလွှမ်းနေသော တစပြင်ကတော့ လှုပ်လှုပ်ရှားရှားမရှိပေ။

အေးမြတ်မို
အသက် (၂၄) နှစ်

အုတ်ဂူပိတ်ခြင်း ပြီးဆုံးသွား၍ စာတန်းရေးခြင်းကို ဆက်လုပ်နေကြသော ပန်းရံအလုပ်သမား နှစ်ယောက်သုံးယောက်သာ အုတ်ဂူနားမှာ ရှိနေကြ၏။

"ကဲ . . . ကိုနောင်ရေ အေးမြတ်မိုကို ဒီအတိုင်းပဲ နှုတ်ဆက်လိုက်ကြရအောင်"

"ကျွန်တော် အရမ်းဝမ်းနည်းတယ် ဆရာစိုး၊ အေးရဲ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာလေးကိုတောင် ကျွန်တော် မမြင်မတွေ့ရတော့ဘူး"

နောင်လင်းထွန်းတို့နှစ်ယောက် အုတ်ဂူနားမှာ ရပ်ရင်း ဝမ်းနည်းမှုကို ပြုနေကြစဉ်မှာပင် လူတစ်ယောက် အုတ်ဂူနားသို့ ရောက်လာ၏။ ထိုလူ၏ ကြုံးဝါးခြိမ်းခြောက်သံကြောင့်ပင် နောင်လင်းထွန်းတို့၏ ဝမ်းနည်းမှုမှာ တစ်ပိုင်းတစ်စ ဖြစ်သွားရပြန်၏။

"ခင်ဗျားတို့ ရောက်လာကြပြီကိုး၊ တကယ်တော့ အေးမြတ်မိုကို ခင်ဗျားတို့နှစ်ယောက် ပူးပေါင်းပြီး သတ်ပစ်လိုက်တာပဲ၊ အေးမြတ်မိုရဲ့ သေဆုံးမှုမှာ ခင်ဗျားတို့နှစ်ယောက်က အဓိက တရားခံတွေ"

ယမကာ၏ အရှိန်ကြောင့်ပင် မျက်နှာတို့ နီမြန်းနေလေ၏။ နောင်လင်းထွန်းကတော့ ဘယ်သူဘယ်ဝါ ဖြစ်မည်ကို ချက်ချင်း ရိပ်စားမိ၏။

ဆရာစိုးဝေကတော့ မျက်နှာချင်းဆိုင်လိုက်ပြီး လေသံအေးအေးဖြင့် ပြန်လည်ထိုးနှက်လိုက်လေ၏။

"ကိုအောင်သစ် . . . ကျွန်တော်တို့က အေးမြတ်မိုရဲ့ နောက်ဆုံးခရီးကို လိုက်ပို့နှုတ်ဆက်ဖို့ အဝေးကြီးက လာခဲ့ရတဲ့ လူတွေပါ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး အရမ်းဝမ်းနည်းနေရပါ





တယ်ဗျာ၊ ကျွန်တော်တို့ ရောက်လာချိန်မှာ အားလုံးက အပြီးအစီး ဖြစ်နေပြီပဲ"

"အေးမြတ်မိုကို ခင်ဗျားတို့ သတ်လိုက်တာ"

"အဲဒီလိုတော့ ထင်ရာမြင်ရာ ပြောပြီး မစွပ်စွဲပါနဲ့ဗျာ၊ အေး သေသွားတာကို ကျွန်တော်တို့ ဘာမှ မပြောဘူး၊ တကယ်ဆို အေးက ကိုအောင်သစ် လက်ထဲမှာပဲ သေသွားခဲ့တာ"

နောင်လင်းထွန်း ပြောလိုက်သည့် စကားကြောင့် ကိုအောင်သစ်တစ်ယောက် ရုပ်ပျက်ဆင်းပျက် ဒေါသထွက်သွား၏။

ကိုအောင်သစ်ကလည်း အေးမြတ်မိုနှင့် ပတ်သက်၏။

နောင်လင်းထွန်းကလည်း ပတ်သက်၏။

သုသာန်တစပြင်မှာ ထိုသူနှစ်ယောက်၏ စကားသံများကြောင့်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏။

"ကိုနောင် ဆိုတာ မင်းလား"

"ဟုတ်ပါတယ် ကိုအောင်သစ်၊ ကျွန်တော့်ကို အေးက



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်လို့ ခေါ်တယ်၊ ကျွန်တော့်နာမည်က နောင်လင်းထွန်းပါ"

"ဒါဆိုရင် အေးမြတ်မိုဟာ ငါ့မိန်းမမှန်း သိလျက်နဲ့ မင်း ဘာမင်ကြာခိုခဲ့တာပေါ့၊ မင်းကြောင့် သူ သေရတာ"

"ကိုအောင်သစ် စကားလုံးတွေက ကြမ်းတမ်းလွန်းနေ တယ်၊ ကျွန်တော်နဲ့ အေးတို့ ကြားမှာရှိတဲ့ ချစ်ခြင်းက အဖြူသက် သက်ပါပဲ၊ အေးဟာ ကိုအောင်သစ်ရဲ့ မိန်းမဖြစ်ခဲ့ဖူးတာ ဖြစ်ကောင်း ဖြစ်မယ်၊ ကျွန်တော်နဲ့ တွေ့တဲ့အချိန်ဟာ အေးစိတ်ထဲမှာရော နှလုံး သားထဲမှာပါ ကိုအောင်သစ် မရှိတော့ဘူး၊ အေးရဲ့စိတ်နဲ့ နှလုံးသား လွတ်လပ်မှု ရှိနေတဲ့အချိန်မှာ ကျွန်တော်တို့ချင်း တွေ့ဆုံခဲ့ကြတာ"

"ငါနဲ့မှ ပြတ်ပြတ်စဲစဲ မရှိကြသေးတာ၊ သူ့စိတ်ထဲမှာ ဘာပဲ ဖြစ်နေနေ၊ သူဟာ ငါ မကွာရှင်းသေးခင် ကာမပိုင်တစ်ယောက်ပဲ"

ဆရာစိုးဝေကတော့ နောင်လင်းထွန်းတို့နှစ်ယောက် အငြေ အတင် ပြောဆိုနေခြင်းကို အသာနားထောင်နေ၏။

နောင်လင်းထွန်းကလည်း ကိုအောင်သစ်၏ စကားများကို ပြန်လည်ချေပနေ၏။

"ဇနီးမယားမှန်း မသိတဲ့သူ၊ ချစ်ခင်စုံမက်ခြင်းကို အလွဲသုံး စားလုပ်တဲ့ ယောက်ျားတစ်ယောက်အပေါ် လစ်လျူရှုပိုင်ခွင့် ရှိကို





ရှိနေရမယ် ကိုအောင်သစ်၊ အေးဟာ တရားလက်မှဲ့ လော်လီတာ မဟုတ်ဘူး၊ ဖောက်ပြားတာ မဟုတ်ဘူး၊ ခင်ဗျားရဲ့ ဒဏ်ကို သည်းခံ နိုင်စွမ်း မရှိလို့ လွတ်ရာ ပြေးခဲ့ရတာ၊ သူ့စိတ်ထဲ နှလုံးသားထဲမှာ ခင်ဗျားကို လုံးဝ ထုတ်ပယ်ထားပြီးသား၊ သူ့မှာရော ကျွန်တော့်မှာပါ အပြစ်မရှိကြဘူး"

"ချောင်းကိုပစ်လို့ မြစ်ကိုရှာချင်တဲ့ သဘောပဲ မဟုတ်လား၊ ငါ့ကို ဘာကြောင့်မို့ ယူတုန်းက သူ ယူခဲ့သလဲ"

"ဒါကတော့ ရှင်းရှင်းလေးပါ ကိုအောင်သစ်၊ ခင်ဗျားရဲ့ ဟန်ဆောင်ချစ်ခင်မှုကို သူယုံခဲ့လို့ပဲ၊ သူ ယုံကြည်မှုကို ခင်ဗျားပဲ ဖျက်ချိုးခဲ့တာ၊ တရားခံက ဆရာစိုးလည်း မဟုတ်ဘူး၊ ကျွန်တော် လည်း မဟုတ်ဘူး၊ အေး ဒီလို အသက်ဆုံးရှုံးရတာ ခင်ဗျားကြောင့် ပဲ"

နောင်လင်းထွန်းလည်း သည်းခံနိုင်စွမ်းမဲ့ပြီး ရင်ပွင့်ထွက် လေပြီ။

အခြေအနေကတော့ ရုတ်တရက်ကြီး လမ်းကြောင်း ပြောင်းသွား၏။

"မင်း စော်ကားလှချည်လား၊ ဒါ ငါ့နယ်မြေနော်၊ မင်းစကား



www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်ခြင်၊ သစ္စာမဲ့တဲ့ မိန်းမနောက်ကို မင်းပါ အဆစ်လိုက်သွားချင် လား"

ကိုအောင်သစ်က ပါးစပ်ကလည်း ဒလစပ်ပြောရင်း လက်ပါ ပါချင်လာ၏။

ချက်ချင်းဆိုသလိုပင် ဆရာစိုးဝေက နောင်လင်းထွန်းရှေ့မှာ ဝင်လိုက်ရသည်။

"ဒီမှာ ကိုအောင်သစ်၊ ကိုနောင်ရော ကျွန်တော်ပါ ညီသည်တွေပါ၊ ကျွန်တော်တစ်ယောက်သာ ဒီဒေသမှာ ကြီးပြင်းခဲ့တာ၊ ကိုနောင့်အဖို့ကတော့ ဒီနေ့ ဒီအချိန်အခါမျိုးမှာမှ ဒီဒေသကို ရောက်ဖူးတဲ့သူ၊ ခင်ဗျားစကားတွေ အမူအရာတွေက ရင့်သီးလွန်းပါတယ်"

အုတ်ဂူကို မွမ်းမံနေသော ပန်းရံအလုပ်သမားမှာ အလုပ်ဆက်မလုပ်တော့ဘဲ စကားစစ်ထိုးပွဲကို စောင့်ကြည့်နေကြ၏။ အလုပ်သမားခေါင်းဆောင်ဟု ယူဆရသူ လူကြီးက ဆရာစိုးဝေတို့ဘက်မှ ဝင်ပြောလိုက်၏။

"ဟုတ်တယ် အောင်သစ်၊ မင်းလုပ်ပုံတွေက အခုထိ မောက်မာနေတုန်းပဲ၊ မင်းသာ မမောက်မာဘူး၊ အေးမြတ်မိုအပေါ် တရားလက်လွှတ် စိတ်ဆင်းရဲအောင် မပြုခဲ့ဘူးဆိုရင် ဒီနေ့ဒီအချိန်





မှာ မင်းတို့ချင်း စကားတွေ များနေစရာ မလိုသလို အေးမြတ်မိုလည်း သေမှာ မဟုတ်ဘူး၊ မင်းကြောင့်ပဲ အေးမြတ်မိုတစ်ယောက် စိတ်နာပြီး အဝေးပြေးခဲ့ရတယ်၊ ဒီက သူငယ်နဲ့ တွေ့ခဲ့ကြမယ်၊ ဒါတွေအားလုံးဟာ မင်းကြောင့် ဖြစ်ခဲ့ရတာပဲ၊ ငါတို့တွေကတော့ ဧည့်သည်ဘက်မှာ ရပ်ပေးရမှာပဲ အောင်သစ်"

တစ်ယောက်နှင့်အများမို့ ကိုအောင်သစ် နောက်ဆုတ်သွားရသည်။

ဒေါသထွက်ထွက်နှင့် တောက်တစ်ချက်ခေါက်ပြီး တစပြင်မှ ကိုအောင်သစ် ထွက်ခွာသွားတော့သည်။

"ဦးလေးတို့ အလုပ်ကို နှောင့်ယှက်တာတော့ မဟုတ်ဘူး၊ ဒီအုတ်ဂူကို ကျွန်တော်ပါ ဝိုင်းလုပ်ပေးပါရစေ"

"အေးကွယ်၊ မောင်ရင့်ကိုတော့ ဦးလေးတို့က ကရုဏာဖြစ်မိပါတယ်၊ မောင်ရင့်သဘောပါပဲ"

တကယ်တော့ နောင်လင်းထွန်းတစ်ယောက်သာ အုတ်ဂူအချောသတ်ခြင်းလုပ်ငန်းကို ဝင်လုပ်ပေးနေခြင်း မဟုတ်။ ဆရာစိုးဝေကပါ ဝင်ကူပေး၏။

နောင်လင်းထွန်းတစ်ယောက် မျက်ရည်ဝဲနေရင်းက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းနိုင်ဘဲ ငိုလေတော့၏။ နောင်လင်းထွန်း၏ ဝမ်းနည်းခြင်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ ဟန့်တားခြင်း မပြုကြ။

နောင်လင်းထွန်း၏ မျက်ရည်တို့သည် အုတ်ဂူမှာ စွန်းထင်းလေပြီ။

အေးမြတ်မိုးနှင့် နောင်လင်းထွန်းတို့သည် အချိန်ကာလ တစ်ခုအထိ ဒီ မိုးကောင်းကင်အောက်မှာ တွေ့ဆုံဖူးခဲ့ကြသည်။

ထိုတွေ့ဆုံမှုမှာ အိပ်မက်မဟုတ်၊ မိုးကောင်းကင်၏ နယ်မြေဒေသ တစ်ခုမှာ အမှန်တကယ် ဖြစ်ပွားခဲ့ဖူးသည်ပဲ . . . ။



လာမှာပါလေ
ယုံကြည်နေဆဲ
အချိန်လဲ (လည်း) ကျော်
ကြော် ..... သူ ညာပြီပေါ့
မလာတော့တာ၊ သေချာပြီပဲ
ညာရက်ရဲတာ ....

www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုးဝေ ဦးစီးသော 'စိတ်ကူးသစ်' စာသင်ဝိုင်းကို သူ မျက်စိလည်ပြီး ရောက်သွားခဲ့သည်။ လှည်းတန်းနှင့် မလှမ်းမကမ်းတွင် ရှိနေသော ဘူတာရုံလမ်းတွင် ဆရာစိုးဝေ၏ 'စိတ်ကူးသစ်' စာသင်ဝိုင်း ရှိသည်။ 'စိတ်ကူးသစ်' တွင် သူနှင့် အဆင်ပြေစပြုနေသော 'သန္တာလှိုင်း' က ကျူရှင်တက်သည်။

"နှောင်နှောင်က ဆယ်တန်း ဒုတိယနှစ်လား တတိယနှစ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘတိယနှစ် ဆိုပါတော့ သန္တာရာ၊ သန္တာကရော"

"နောင်နောင်နဲ့ အတူတူပဲ"

"ဒီနှစ် သန္တာနဲ့အတူတူ အောင်အောင် မြေပါလားဟင်"

ဒီအမှုအကျင့်လေးတွေကတော့ မိန်းကလေးတော်တော်များများမှာ ရှိနေကြ၏။ သူတို့နှင့် တွဲနေသူအတွက် ဂုဏ်ယူချင်စိတ်ရှိနေကြသည်။

"ဘာလဲ သန္တာ့ကို ဆယ်တန်းအောင်မှ သန္တာနဲ့တွဲရမယ်ဆိုတဲ့ သဘောလား"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ကို ဆယ်တန်းမအောင်တာနဲ့ သန္တာနဲ့တွဲနေတာ သိပ်မှမပတ်သက်ပဲ"

"သန္တာ ပြောချင်တာက သန္တာတက်နေတဲ့ ကျူရှင်မှာ နောင်နောင့်ကို လိုက်တက်စေချင်တယ်၊ သန္တာတို့ ဆရာစိုးက ကျောင်းသားကို ဂရုစိုက်တယ်၊ အထူးသဖြင့် သန္တာတို့လို အကျသမားတွေအတွက် ဆက်ရှင်တစ်ခု ဖွင့်ထားပေးတယ်"

သန္တာလင်းပြောသော ဆရာစိုးနှင့် စိတ်ကူးသစ်ကို သူ စိတ်မဝင်စားတာတော့ အမှန်ပင်။





"ကို ပြောမယ် သန္တာ၊ ကို့အနေအထားနဲ့ အဲဒီလို ကျူရှင်မျိုး ဆယ်ခုမက တက်နိုင်တယ်၊ ကို့ ဒက်ဒီတို့က အိမ်မှာ ဆရာခေါ် ပေးပြီး သင်တာတောင် ကို စိတ်မဝင်စားဘူး၊ စာဆိုတာ ကိုယ် ကျက်မှတ်နိုင်မှ ကိုယ်ရတာ"

"ဒါတော့ ဒါပေါ့၊ သန္တာတက်တဲ့ အချိန်က ညခုနှစ်နာရီကနေ ကိုးနာရီလေ၊ နောင်နောင်လာတက်ရင် သန္တာနဲ့ တွေ့လို့ လွယ်တာပေါ့၊ အခုလိုလည်း တွေ့ရမယ်၊ ကျူရှင်ချိန်တိုင်းလည်း အလွယ်တကူ တွေ့နိုင်တာပဲ"

ဆရာစိုးနှင့် စိတ်ကူးသစ်ထက် သန္တာပြောသော အစီအစဉ်လေးကို အတော်လေး စိတ်ဝင်တစား ဖြစ်သွား၏။

"ဒီလိုဆိုရင်တော့ သန္တာနဲ့ အတူတူ အဲဒီကျူရှင်ကို လိုက်တက်ရမှာပေါ့၊ ဒါမှ သန္တာနဲ့ တွေ့တဲ့အချိန်တွေ ပိုများမှာပေါ့၊ မဟုတ်ဘူးလား"

ဆရာစိုး ကျူရှင်ကို သူ လိုက်တက်မည်ဆိုတော့ သန္တာလင်း ဝမ်းသာသွား၏။

သန္တာလင်းကတော့ သူ့လိုအချိန်အရမ်းအားနေသူ မဟုတ်၊ ရန်ကုန်မြို့လယ်၏ ပလာဇာတစ်ခုတွင် အရောင်းကောင်တာ ထိုင်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

သန္တာလင်းက အားရက်မရှိသလောက် ဖြစ်သည်။ ထိုပလာဇာသို့ ပစ္စည်းသွားဝယ်ရင်းက သန္တာလင်းနှင့် ငြိခဲ့ခြင်း ဖြစ်၏။

သူနှင့် တွယ်ငြိမိသောအခါမှ နှစ်ပတ် တစ်ရက်လောက်တော့ သန္တာလင်း ခွင့်ယူဖြစ်သည်။ အဲဒီနေ့များမှာဆိုရင် သူ့နံဘေးမှ သန္တာလင်း တစ်နေကုန် ရှိနေတတ်သည်။

"နောင်နောင့်ကို မေးရဦးမယ်"

"မေးလေ သန္တာ"

"နောင်နောင်က ရှုပ်တယ်ဆို"

"ဟုတ်တယ်လေ"

"သန္တာက နောင်နောင်ရဲ့ ဘယ်နှစ်ယောက်မြောက် ရည်းစားလဲဟင်"

"ကို မမှတ်မိတော့တာ အမှန်ပဲ၊ ကို့နှလုံးသားက အရမ်းနုတယ်လေ၊ ကောင်မလေးတွေကလည်း အရမ်း ချစ်စရာ ကောင်းပြီး လှလွန်းတော့ ကို့နှလုံးသားကို ခဏခဏ လုယူသွားတတ်ကြတယ်"

သန္တာလင်းက သူ့စကားကြောင့်ပင် ဘဝင်မကျ ဖြစ်သွားသည်။





"နောင်နောင်ကလည်းကွာ သန္တာနဲ့ကျရင် အရင်လူတွေလိုမျိုး မဖြစ်စေနဲ့နော်"

"ကောင်မလေးတွေ တော်တော်များများက ကို့ကို ဒီလိုစကားမျိုးပဲ ပြောကြတာပဲ၊ နောက်တော့လည်း ကို့အနားက ခွာသွားကြတာပဲလေ"

"သန္တာကတော့ နောင်နောင့်အတွက် အမြဲဖြစ်ရမှာပါ"

"အခုတော့ ကို ယုံထားပါ့မယ်၊ နောင်ဖြစ်မယ့်ကိစ္စတွေကို မေ့ထားတာ အကောင်းဆုံးပါ၊ အခုလက်ရှိအချိန်လေးတွေကို နှမြောဖို့ ကောင်းပါတယ်"

"ကောင်းပါပြီရှင်"

သန္တာလင်းက သူ့မျက်စိထဲမှာတော့ အတော်လေးလှပနေသူ ဖြစ်၏။

သန္တာလင်းကို မျက်စိကျပြီး နောက်ပိုင်းအချိန်တွေ အများကြီး မပေးရပေ။ သန္တာလင်းနှင့် တွယ်ငြိမိသောအခါ သူ့လက်ရှိ ရည်းစားနှစ်ယောက်ကို အဆက်ဖြတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကူးသစ်' စာသင်ဝိုင်းမှာ သူ စတက်ဖြစ်သည့်နေ့၌ ကျောင်းအပ်ခြင်းကိစ္စကို သန္တာလင်းကပင် လူကြီးလုပ်ပေးခဲ့၏။

ဆရာစိုးဆိုသူနှင့် သန္တာလင်းမှာ အတော်လေး ရင်းနှီးနေ၏။

"ဆရာစိုး"

သူတို့နှစ်ယောက် စာသင်ခန်းသို့ ရောက်သွားချိန်မှာ လူ အတော်ရှင်းနေသေး၏။

သူနှင့် ဆရာစိုးတို့ ရင်းနှီးမှု ရစေရန် ရည်ရွယ်ပြီး တမင် အချိန်စောကာ သွားခဲ့ခြင်း ဖြစ်သည်။

"သန္တာလင်းက ဒီနေ့ ထူးထူးခြားခြား အစောကြီး ရောက်လာပါလား၊ အရင်ရက်တွေဆိုရင် အတော်နောက်ကျမှရောက်တတ်တာပဲ"

"ဟုတ်တယ် ဆရာစိုး။ ဆရာစိုးလက်ထဲကို ကျောင်းသားသစ်တစ်ယောက် အပ်ချင်လို့ တမင်စောလာခဲ့တာ"

သူ့ကို ရည်ရွယ်ကာ သန္တာလင်း ပြော၏။ ဗျက်ချင်းဆိုသလိုပင် ဆရာစိုးက သူ့ကို ကြိုဆိုနှုတ်ဆက်လိုက်၏။

"မင်္ဂလာရှိတဲ့ စကားပဲ၊ ဆရာ့ကို မိတ်ဆက်ပေးဦး သန္တာ





လင်း"

"သူက နောင်လင်းထွန်းတဲ့ ဆရာစိုး၊ ဆရာစိုးဆီမှာ တက်ဖို့ သမီး မဲဆွယ်လာခဲ့တာ"

"ဟုတ်ပါတယ် ဆရာစိုး၊ ကျွန်တော့်ကို သန္တာ့လိုပဲ ခင်ပါ ဆရာစိုး၊ ပြီးတော့ သွန်သင်ဆုံးမပါ"

ဆရာစိုးနှင့် ရင်းနှီးသွားစေရန် အလိုက်အထိုက် သဘောမျိုး သူ ပြောလိုက်သည်။

ဆရာစိုးကတော့ လူကဲခတ် သိပ်မညံ့ပေ။

"နောင်လင်းထွန်း ပြောတာသက် ကိုနောင်လို့ ခေါ်တာ ပို ရင်းနှီးမယ် ထင်တယ်နော် ဒို့ပြင် ကျူရှင်တွေ ဘာတွေရော တက်ဖူး တာ ရှိလား"

"နောင်နောင်က ဝိုင်းတွေ ဘာတွေတော့ တက်ဖူးတယ်၊ ဒါပေမယ့် နောင်နောင်က သိပ်စိတ်မဝင်စားဘူး ဆရာစိုးရဲ့၊ ဒါကြောင့် ဆယ်တန်းကို သုံးနှစ်ထိုင်နေရတာ၊ 'သန္တာတို့ကတော့ နောင်နောင့်လို မတတ်နိုင်လို့သာ၊ နောင်နောင့်လို နေရာမှာဆိုရင် ဆရာစိုးကို ခေါ်ပြီး သင်ပစ်လိုက်မှာ"

"စာဆိုတာ ကိုယ်တစ်ယောက်တည်း ကျက်တာ မှတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ထက် နည်းလမ်းသိတဲ့သူတွေရဲ့ လမ်းညွှန်မှုတော့ လိုတယ်၊ နည်းသိရင် စာကျက်မှတ်ရတာ ပိုရလွယ်တယ်၊ တကယ်တော့ စာမေးပွဲအောင်ဖို့ဆိုတာ သိပ်ခက်ခဲတဲ့အလုပ်တော့ မဟုတ်ဘူး ကိုနောင်၊ ဒီနှစ်တော့ ကိုနောင် အောင်ပြီလို့ စိတ်ထဲမှာ မှတ်ထားလိုက်တော့၊ အဲဒီစိတ်ကိုသာ အမြဲထား၊ စာမေးပွဲအောင်ဖို့ ရာခိုင်နှုန်း တော်တော်သေချာနေပြီ"

ဆရာစိုး၏ စိတ်ဓာတ်စစ်ဆင်ရေးမှာ အောင်မြင်သည်ဟု သူ သိလိုက်သည်။ ဘာဖြစ်လို့လည်းဆိုတော့ ဆရာစိုး စကားများက သူ့ကို လွှမ်းမိုးထားနိုင်လို့ပဲ ဖြစ်၏။

"ဆရာစိုး နောင်နောင်က ဆရာစိုး သင်္ချာတင် တက်မှာ မဟုတ်ဘူးနော်၊ ကျန်တဲ့ဘာသာတွေပါ သင်္ချာနဲ့ အတူတူတက်မှာ"

"ဟုတ်ပါတယ် ဆရာစိုး"

"ညည်းကိုတော့ သိပ်အာမ,မခံရဲဘူး၊ ကိုနောင်ကတော့ အောင်ဖို့ များမှာ သေချာတယ်၊ ဟုတ်တယ် မဟုတ်လား ကိုနောင်"

"ဟုတ်မယ် ဆရာစိုး၊ သင်္ချာက လုပ်ဖို့ပဖို့နဲ့ ရည်းစားထားဖို့လောက်ပဲ ကျွမ်းကျင်တာ"

အပြောင်အပနောက်များဖြင့် စကားဝိုင်းလေး ဝေစည်သွား





၏။ စာသင်ချိန်ပြင်ပမှာတော့ ဆရာစိုးက သူငယ်ချင်းတွေလို သူငယ်ချင်းပေါင်း,ပေါင်းတာ ထင်ရှားနေသည်။

တကယ်တမ်း စာသင်တော့ ဆရာစိုးနှုတ်မှ အပြောင်အပနောက်စကားတို့ သိပ်မပြောဖြစ်ပေ။ သူ သိထားသည့် ကျူရှင်ဆရာအများစုက စာသင်ခြင်းထက် ကျောင်းသားစိတ်ပျော်အောင် လူပျက်လို အရွှန်းဖောက်တတ်တာ များ၏။

ဆရာစိုး တစ်ယောက်ကတော့ သူ ကြားဖူးနားဝ ရှိထားသည်များနှင့် လုံးလုံးလျားလျား ဆန့်ကျင်နေပြန်၏။

"အခု ဆရာသင်မယ့် အခန်းကတော့ သီအိုရမ်တွေ ဆောက်လုပ်ချက်တွေ သုံးပြီး သက်သေပြချက်တွေကို တစ်ဆင့်စီ ပြုလုပ်သွားမယ့် ဂျီဩမေတြီ ပညာရပ်ပဲ၊ မင်းတို့ အလွယ်သိထားတဲ့ သင်္ချာတူးပဲ၊ တြိဂံတွေ၊ မျဉ်းပြိုင်တွေ၊ စက်ဝိုင်းတွေ ပါဝင်မယ်၊ ဂျီဩမေတြီဆိုရင် ကျောင်းသား တော်တော်များများက ဝေးဝေး ရှောင်ချင်ကြတယ်၊ အဲဒါ မဟာ အမှားပဲ၊ သိပြီးသား သီအိုရမ်တွေကို သုံးပြီး ပြဿနာတစ်ခုကို ရှင်းတဲ့ ပညာရပ်ပဲ၊ လူတစ်ယောက်ရဲ့ တွေးတတ်ခေါ်တတ် မြင်တတ်လာစေတဲ့ သင်ခန်းစာပဲ၊ ရှေးဂရိ ပညာရှိကြီး တစ်ယောက်ရဲ့ လက်သုံးစကားပဲ၊ ပလေတိုလို့ခေါ်တဲ့ ပညာရှိကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူ့ရဲ့ အကယ်ဒမီထို့ အမည်ရတဲ့ တက္ကသိုလ်ကျောင်းဝမှာ ဘာ ရေးထားသလဲဆိုရင် ဂျိုဩမေတြီပညာရပ်ကို စိတ်မဝင်စားချင်တဲ့လူ ဟာ . . . သူ့တက္ကသိုလ်ကို တက်ခွင့်မရှိစေရဘူးတဲ့၊ ပလေတိုနဲ့ မနိုင်းကောင်း နှိုင်းကောင်းလို့ ဆိုရမယ်၊ ဆရာ့ရဲ့ 'စိတ်ကူးသစ်' မှာလည်း အဲဒီလို ရေးထားရမလို ဖြစ်နေပြီ၊ တွေးခေါ်မှုကို စိတ်ဝင် စားမှုမှာ အရာရာကို အောင်နိုင်တယ်၊ အတွေးအခေါ်ဆိုတာနဲ့ ကြောက်မသွားကြပါနဲ့ မင်းတို့ ငါတို့ဟာ နေ့တိုင်း တွေးနေရတာ၊ အတွေးမှာရှင် ခြေလှမ်းတွေ နောက်ကျကျန်နေခဲ့မယ်၊ ကဲ . . . တွေးခေါ်မှု စိတ်ထားမြင့်ဖို့ ဂျိုဩမေတြီ ဘာသာရပ်ကို စလိုက် ကြရအောင်"

ဆရာစိုး စကားများခဲ့သို့ သူ အာရုံစိုက်မိချိန်မှာတော့ သန္တာလင်းက သူ့ကို ရှုထားမိပုံရ၏။

"နောင်နောင်ကလည်း စာမှ မသင်သေးပဲ၊ ဆရာစိုးက စကားပြောနေတာလေ၊ အခုမှ စာသင်မှာ နောင်နောင်ရဲ့"

သန္တာလင်း့ကို တစ်ချက်ငဲ့ကြည့်ပြီး သူ ပြန်ပြောလိုက်၏။

"စကားပြောကောင်းတဲ့ သူတွေဟာ အသင်အပြလည်း ကောင်းတတ်ကြတယ်လို့ ကြားဖူးတယ်၊ ကိုယ့်အတွက်တော့ အခု သင်





ယို့ သင်ခန်းစာထက် စောစောက ဆရာစိုး ပြောသွားတာကို ပိုပြီး စိတ်ဝင်စားမိတယ် သန္တာ"

"ဒါဆိုရင်တော့ ဆရာစိုးအာနဲ့ နောင်နောင် တည့်တည့်တိုး ဘာ သေချာနေပြီ"

သန္တာလင်းကတော့ ဘာသဘောဖြင့် ပြောသည်မသိ။

သူကတော့ ဆရာစိုးကို အတော်လေး ခင်မင်စိတ် ဖြစ်သွား မိသည်။

ပုဂ္ဂိုလ်မင်မှ တရားခင် ဆိုသော စကားအတိုင်းဆိုရင်တော့ ဒီနှစ်တော့ သူ ဝဋ်ကျွတ်မှာ သေချာသလောက် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

'စိတ်ကူးသစ်' ကို တက်ဖြစ်ခြင်းမှာ သန္တာလင်းနှင့် နီးနီးကပ်ကပ် တွေ့ဆုံခွင့်ရစေရန်အတွက် ဖြစ်၏။ သန္တာလင်းနှင့် နီးနီးကပ်ကပ် နေခွင့်ရပြီး သန္တာလင်းအကြောင်းကို သူ ပိုသိခဲ့ရသည်။ ထိုအတောအတွင်းမှာပင် ဆရာစိုးနှင့် သူ အတော်လေး ရင်းနှီးဖြစ်ခဲ့၏။

"နောင်နောင့် မိဘတွေက အရမ်းချမ်းသာတာပဲနော်"

"ဘာဖြစ်လဲ သန္တာ"

www.burmeseclassic.com

www.burmeseclassic.com



“နောင်နောင်က တစ်ဦးတည်းသော သားဆိုတော့ အရမ်းချစ်ကြမှာပေါ့”

“ဒါပေါ့ သန္တာ၊ ကို ဒီလိုနေဖြစ်တာ ဒယ်ဒီတို့ မာမီတို့ အလိုလိုက်ထားမှုလည်း ပါတာပေါ့”

သန္တာလင်းနှင့် အနေနီးပြီး နှစ်ယောက်ချင်း တွေ့ရက်များမှာ ကာလအကြာကြီးတော့ မဟုတ်။

အလွန်ဆုံးရှိမှ သုံးလေးလသာ ဖြစ်၏။ ထိုသုံးလေးလဆိုသော အချိန်အပိုင်းခြားမှာပင် သန္တာလင်း၏ အတွင်းစိတ်ကို သူကောင်းကောင်း သိဖြစ်ခဲ့၏။

“နောင်နောင်က သန္တာ့ကို ဘယ်အထိ ရည်စူးပြီး ချစ်ခဲ့တာလဲဟင်”

“ကိုစိတ်ကို အနှောင့်အယှက် မပေးတဲ့အထိပေါ့”

“သန္တာက ဘယ်တော့မှ နောင်နောင့်စိတ်ကို အနှောင့်အယှက် မပေးဘူး သိလား၊ အမြဲတမ်း နောင်နောင့် အလိုကျနေပေးမယ်၊ အခု နောင်နောင် သန္တာနဲ့ နေရတာ ပျော်တယ် မဟုတ်လား”

သန္တာလင်း၏ အပြုအမူ စကားလုံးတွေကို ညည်းငွေ့စပြုချင်လာ၏။ သန္တာလင်းကတော့ သူ့နှလုံးသားကိုသာမက သူ့ဘဝ



တစ်ခုလုံးကို အပိုင်စီးဖို့ ထုံမွှသွင်းနေတာ ထင်ရှား၏။

“သန္တာ့ကို၊ ကို တစ်ခု ကြိုပြောထားချင်တယ်၊ ကိုနဲ့ ပတ်သက်ပြီး သန္တာ အဆုံးအထိ မမျှော်လင့်ထားနဲ့ သန္တာသိထားရမှာက ကိုဟာ အရုပ်လှလှလေးတွေရဲ့ စားသောက်ခြင်းမရှိတဲ့ ကလေးငယ်တစ်ယောက်နဲ့ အတူတူပဲ၊ တစ်ခုတော့ ရှိပါတယ်၊ အဲဒီအရုပ်လှလှလေးတွေနဲ့ လက်ပွန်းတနဲ့ ရှိတာကို သာသာမယ်၊ အဲဒီအရုပ်လေးတွေ ဘယ်တော့မှ ကိုလက်နဲ့ ဘဝ မပျက်စေရဘူး ပြီးတော့ ကိုစိတ်ဟာ အရုပ်လေးတစ်ရုပ်နဲ့ ဘယ်တော့မှ အမြဲတာဝရ နေပျော်တဲ့စိတ် မရှိဘူး သန္တာ”

“နောင်နောင် ဆိုလိုချင်တာက . . .”

“ကိုနဲ့ ပတ်သက်တဲ့ အနာဂတ်ကို မတွေးနဲ့၊ အဲဒီအနာဂတ်အတွက်လည်း သန္တာ ဘာမှကြံစည်မှုတွေ လုပ်မနေနဲ့၊ ဒီလိုမှ မဟုတ်ရင် ကို ဆော့နေတဲ့ အရုပ်မလေးကို ပစ်ချထားမိလိမ့်မယ်”

သူ့ ပြောသောစကားတွေကို သန္တာလင်းက ချက်ချင်းဆိုသလို သဘောပေါက်လွယ်၏။ နောက်ဆုံးကျတော့ ဒီလမ်းကိုပဲ သန္တာလင်း ရွေးချယ်၏။ သူ၏ စရိုက်သဘာဝကို သိသည့်အခါမှစပြီး သန္တာလင်းတစ်ယောက် ဒွာစစ်ဆင်ပြီး တဖြည်းဖြည်းချင်း ထုတ်ခွာ

www.burmeseclassic.com



ဖို့ ကြိုးစားတော့လေ၏။

"သန္တာ နားလည်ပြီ နောင်နောင်၊ နောင်နောင် စိတ်တွေ ယိုင်ကျသွားလိမ့်မယ်လို့ သန္တာ ထင်ခဲ့တာ မှားယွင်းမှုတစ်ခု ဖြစ်ခဲ့ရပြီ၊ တစ်ခုတော့ သတိပေးချင်တယ် နောင်နောင်"

"ဘာများလဲ သန္တာ"

"တောကျွမ်းတဲ့ မုဆိုးဟာ သားကောင်ကြောင့်ပဲ ဒူးထောက် အရှုံးပေးပြီး သံဝေဂရတဲ့ သာဓကတွေ အများကြီးပဲ၊ ဘာဖြစ်လို့ သန္တာ ပြောရသလဲဆိုရင် နောင်နောင်က သန္တာ့အပေါ် စည်းစောင့်ခဲ့ တာတွေအတွက် ငဲ့ပြီး သတိပေးတာပါ၊ နောင်နောင်ကြုံတွေ့ရတဲ့ သားကောင်တွေ အားလုံးထက် အဆတစ်ရာ အဆိပ်ပြင်းတဲ့ သားကောင်မျိုးနဲ့ တစ်နေ့မှာ ကောင်းကောင်း ကြုံလိမ့်မယ်"

"ကျေးဇူးတင်တယ် သန္တာ၊ ဒီနေ့အထိ ကိုယ့်လက်ထဲ ရောက် လာတဲ့ သားကောင်တွေအားလုံးကို ဖွတ်တွေ၊ ယုန်တွေ၊ ကြောင်ပေါ့ အဆင့်လောက်ပဲ တွေ့ရသေးတာ၊ ဒီထက်ပိုပြီးလည်း ကိုယ့်ကို ဒုက္ခ မပေးနိုင်ပါဘူး သန္တာ"

သူနှင့်လမ်းခွဲခဲ့သော ကောင်မလေးတွေ အားလုံးထဲမှာ တော့ သန္တာလင်းက နည်းနည်းပိုပြီး သိမ့်မွေ့တာကို သတိထားမိ





၏။ သိမ်မွေ့ခြင်းကပင် တခြားသူတွေထက် သာသောအတတ်ပညာ တစ်ခု ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

◎

"ဒါဆိုရင် ကိုနောင်နဲ့ သန္တာက ခပ်ခွာခွာနေကြပြီဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"ဟုတ်တယ်လို့ ပြောရမလိုပဲ ဆရာစိုး၊ ကျွန်တော်တို့ စာမေးပွဲ မဖြေခင်အထိတော့ တွေ့ကြဦးမှာပါ၊ သန္တာရော ကျွန်တော် ပါ အရင်ကလောက် မဟုတ်ကြတော့ဘူးဆိုတာ သိသာနေတာပဲ၊ စာမေးပွဲတွေပြီးသွားရင် သန္တာနဲ့ ဒီလိုတွေ့စရာ မရှိတော့ဘူး၊ အဲဒီ အခါကျရင် လုံးဝဇာတ်သိမ်းမှာ သေချာတယ် ဆရာစိုး"

သူနှင့်သန္တာလင်းတို့အကြောင်းကို ဆရာစိုး သိတော့ အံ့ဩ သွားပုံရ၏။

"ကိုယ်ဖွင့်တဲ့ နှစ်ကျအတန်းမှာတော့ သန္တာက တကယ့်ကို သားပဲ၊ ရုပ်ကလည်း ရှိတယ် မဟုတ်လား၊ ဒီကြားထဲ သန္တာနဲ့အတူ ကိုနောင် ရောက်လာတော့ ကျောင်းသား ကျောင်းသူတွေကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားတာ၊ ကိုနောင် ပြောပြလို့ သာ နောက်ဆုံးအခြေအနေကို ကိုယ် သိတာ၊ တခြားလူတွေတော့ သိကြဦးမှာ မဟုတ်ဘူး"

"သိပ်တော့ မထူးပါဘူး ဆရာစိုးရယ်"

"အေးလေ . . . ကိုနောင့်အခြေအနေက ဒီလိုမျိုး ကိစ္စတွေ ကို ခဏခဏ ကြုံဖူးနေတဲ့သူပဲ၊ ကိုယ်သာ ကိုနောင်နေရာမှာဆိုရင် သန္တာ့ကို တကယ်ငြိတွယ်ဖြစ်မှာ"

"နေဦး ဆရာစိုး၊ အခု ဆရာစိုး မိန်းမကို ဘယ်လိုယူဖြစ်ခဲ့ တာတုန်း"

ကြုံတုန်းကြုံခိုက်မို့ ဆရာစိုးအကြောင်းကို သူ စပ်စုလိုက် သည်။

ဆရာစိုး၏ ပါရမီဖြည့်ဖက်အကြောင်းကို သူ သိချင်နေမိ သည်။

"ထားကို အသေအလဲ ပိုးခဲ့ရတာ၊ လူပျိုပေါက်ကတည်းက ဆိုပါတော့၊ ကိုယ့်ဘဝမှာ ပထမဆုံးရည်းစားထားဖို့ စိတ်ကူးဖြစ်တာ လည်း ထားပဲ ကိုနောင်၊ တခြားသူတွေ ရည်းစားထားတဲ့အကြောင်း ကိုတော့ ကြားဖူးမြင်ဖူးတယ်၊ ကိုယ့်ကျတော့ ထားတစ်ယောက်နဲ့တင်





တစ်ဘဝလုံး တစ်သက်လုံး မြဲသွားတော့မှာပဲ ထင်တယ်"

"မမထားနဲ့လည်း ကျွန်တော် ဆုံဖူးတာပဲ၊ မမထားနဲ့ ဆရာ စိုးတို့ အခြေအနေက ဘာမှ ထူးခြားမှု မရှိဘူးလေ၊ တစ်ယောက်နဲ့ တစ်ယောက် နှီးသားစွာ ချစ်ခင်ကြပြီး တစ်ဘဝလုံး သစ္စာရှိသွားကြ မယ့် အဖြစ်မျိုး၊ ဆရာစိုးနဲ့ မမထားတို့ အဖြစ်က တကယ့်ကို ရိုးရိုး ရှင်းရှင်းလေးပဲ၊ ကျွန်တော့်အဖြစ်ကျတော့ ဒီလို မဟုတ်ပြန်ဘူး၊ မိဘ တွေက ကြွယ်ဝချမ်းသာကြတယ်၊ အလိုလိုက်မှုကို အပြည့် ရထား တယ်၊ ကျွန်တော်နဲ့ ငြိတွယ်ဖြစ်တဲ့ ကောင်မလေး တော်တော်များများ ဟာ ကျွန်တော့်ထက် ကျွန်တော့်နောက်ကွယ်က သက်မဲ့ပစ္စည်းတွေ ကိုပဲ စိတ်ဝင်စားပြီး ရင်းနှီးခဲ့ကြတာ၊ ကျွန်တော့်စိတ်နဲ့ ကျွန်တော့် နှလုံးသားကို သူတို့ ရင်းနှီးဖို့ မကြိုးစားကြဘူး၊ ကျွန်တော်အဖို့မှာ ရည်းစားထည်လဲ ဖြစ်နေရတာ ဒီအကြောင်းကြောင့်ပဲ ကျွန်တော် သာ ကိုယ်ပိုင်ကားမစီးဘဲ လမ်းပေါ်က လေလွင့်နေတဲ့သူဆိုရင် သူတို့တွေအားလုံး ကျွန်တော့်ကို လှည့်တောင်ကြည့်ကြမယ် မထင် ဘူး ဆရာစိုး"

"ကိုနောင်က ကိုယ့် အင်္ဂါတာထက်တောင် စဉ်းစား တွေးခေါ်တတ်ပါသေးတယ်၊ ကိုနောင် ပြောချင်ရာ ပြောပြီးရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြောစရာ ရှိတယ်"

"ပြောပါ ဆရာစိုး"

သူ ပြောချင်ရာတွေကို အားမနာတမ်း ပြောပြီးမှတော့ ဆရာစိုး စကားကိုတော့ သူ နားထောင်ပေးမှ ဖြစ်မည်။

"ဒီလို ကိုနောင်၊ ကိုနောင် ရည်းစားများတာကို ကောင်းတယ်ဆိုပြီး ကိုယ် မြှောက်ပင့်မပြောဘူး၊ မကောင်းဘူးလို့လည်း ကိုယ် မပြောချင်ဘူး၊ ကိုယ် အဓိကထားပြီး ပြောချင်တာက ကိုနောင့် ပညာရေးကိစ္စပဲ၊ ကိုးတန်းကျောင်းသားတစ်ယောက် ဒါမှမဟုတ် ကျောင်းနေဆဲ ဆယ်တန်းကျောင်းသား ဆိုရင်တော့ ကိုယ်က နားရင်းအုပ်ပြီး ရည်းစားမများရဘူးလို့ ပြောရင်ပြောမယ်၊ သူတို့က တကယ့်ကို အသိနုသေးတယ်၊ အင်း ကိုနောင်တို့လို ဆယ်တန်းကို သုံးနှစ်ဆက်တိုက်ကျထားတဲ့ လူတွေကျတော့ ဟိုကလေးတွေလို ဆက်ဆံလို့ မရပြန်ဘူး၊ ကျောင်းသားလို့ ပြောလို့မရတော့ဘူး၊ အလုပ်လုပ်နေတဲ့ သူတွေ ဒါမှမဟုတ်ရင် ပတ်ဝန်းကျင်ရဲ့ သဘောသဘာဝကို သိထားတဲ့ လူတွေဖြစ်နေပြန်ရော၊ အဲဒီအထဲမှာ ကိုနောင်နဲ့ ထူးထူးခြားခြားလာဆုံဖြစ်တယ်၊ ကိုနောင့် အသိုင်းအဝိုင်းရဲ့ အနေအထား ကိုနောင့် အတွေးအခေါ်တွေနဲ့ဆိုရင် ကိုနောင် ဆယ်တန်းတော့ အောင်ထား





သင့်တယ်"

"လူတစ်ယောက်ရဲ့ တွေးခေါ်မြင့်မားမှုနဲ့ အတန်းပညာဟာ တိုက်ရိုက် ပတ်သက်မှု ရှိလား ဆရာစိုး"

"ဆိုင်ပါတယ် ကိုနောင်၊ ပြောမယ်ဆိုရင် ပြောစရာပေါ့၊ ကွမ်တမ်သီအိုရီကို ဖော်ထုတ်တဲ့ အိုင်းစတိုင်းဟာ သူ့ဆရာ ပါမောက္ခတွေထက် တော်ကောင်းတော်မယ်၊ သူ သင်နေရတဲ့ စာတွေထက်ပြီး တတ်နေကောင်း တတ်နေမယ်၊ အတွေးအခေါ် ပညာရှင်ကြီးဆော့ခရိုတ္တိဟာ သူ့မယားအပေါ် သူ့သားသမီးတွေအပေါ် တာဝန်ကျေချင်မှ ကျေမယ်၊ ဒါပေမယ့် လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေမယ့် သမ္မတစံနစ်တွေ၊ မြို့ပြအုပ်ချုပ်ရေး သဘောတရားတွေကို ချပြနိုင်ခဲ့တယ်၊ ကိုယ် ပြောချင်တာက ကိုယ်တို့ ကိုနောင်တို့ဟာ အိုင်စတိုင်းလည်း မဖြစ်နိုင်သလို ဆော့ခရိုတ္တိလည်း မဖြစ်နိုင်ဘူး ဆိုတာပဲ၊ ဒီတော့ အတန်းပညာဆိုတာ သူ့ခေတ်သူ့အခါနဲ့ သူ သတ်မြောက်ထားတာ အကောင်းဆုံးပဲ"

"ကျွန်တော် တစ်ခု ထပ်ပြောချင်တယ် ဆရာစိုး"

"ပြောလေ ကိုနောင်"

"ကျွန်တော့်ဒက်ဒီနဲ့မာမိက နှစ်ယောက်စလုံး ဘာစီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေးဘွဲ့တွေမှ မရခဲ့ကြဘူး၊ ဒါပေမယ့် အခုခေတ် အခုအချိန်မှာတော့ သူတို့ဟာ တကယ့်ကို ဒိတ်ဒိတ်ကြဲ စီးပွားရေးသမားတွေ ဖြစ်နေကြတယ်၊ အတန်းပညာနဲ့ ဘွဲ့ဒီဂရီဆိုတာ အဆင့်အတန်း တစ်ခုကို ဂုဏ်ယူချင်တဲ့ လူတစ်စုအတွက်ပဲ အားကျစရာ ဖြစ်မှာပါ၊ ကျွန်တော် ကြားဖူးတာ တစ်ခုရှိတယ်၊ ဒီ ပညာတတ်တဲ့ သူတွေရဲ့ ကောက်ကျစ်မှု၊ ယိမ်းယိုင်မှုတွေက အခြားလူတွေထက် ဆိုးဆိုးဝါးဝါး ဖြစ်တတ်တယ် မဟုတ်လား"

"အခြားလူတစ်ယောက်ဆိုရင်တော့ ကိုယ် မောင်းထုတ်ပစ်လိုက်ပြီ ကိုနောင်၊ ကိုနောင်သိထားတဲ့ အချက်တွေက ကိုနောင့်ကို မှိုင်းတိုက်နေသလိုပဲ၊ အတန်းပညာတတ်လို့ ဘာမှ လုပ်မရဘူး။ ကိုယ်လည်း မမြင်ဘူး လူတစ်ယောက်တည်းဆီမှာ ရှိလည်း ပြဿနာ မဟုတ်ဘူးပြီး ကိုနောင်တို့လို လူငယ်တွေမှာ ဒီစိတ်ဓာတ်မျိုး ဖြစ်အောင် ဖန်တီးပေးထားရင်လည်း ကိုယ်ကတော့ ရအောင်ဖျက်ပစ်မှာပဲ၊ ဆယ်တန်းအောင်သင့်တဲ့ အရွယ်မှာ ဆယ်တန်းအောင် အောင်မလုပ်ဘဲ ရည်းစားများတဲ့ အတတ်ပညာကို တတ်မြောက်နေတာဟာ လမ်းလွဲ လိုက်နေတာပဲ ကိုနောင်၊ ကိုနောင်မှ မဟုတ်ပါဘူး၊ ဒီခေတ်လူငယ်တွေက ကိုယ်တို့ထက် ပိုတော်တယ်၊ ကြုံတွေ့ရတဲ့





ဝန်းကျင်ကလည်း ကိုယ်တို့တုန်းကနဲ့ ဘာမှ မဆိုင်ဘူး၊ ရုပ်ဝတ္ထု ည်းတွေ အတတ်ပညာတွေ အများကြီး ပြောင်းလဲနေတဲ့ အချိန်၊ အခြေအနေမျိုးမှာ လူငယ်တွေက လမ်းလွဲလိုက်ကြမယ်ဆိုရင် ယ့်ကို ရင်လေးစရာ အဖြစ်ဆိုးကို လက်ရပ်ခေါ်သလို ဖြစ်ကုန် ါ့"

"ကျွန်တော်ကလည်း ဆရာစိုးရဲ့ စကားမို့ နားထောင်တာ အခြားလူဆိုရင်တော့ ကျွန်တော် ဒီနေရာက ချက်ချင်း ထွက်သွား ာ၊ ဆရာစိုးရဲ့ စေတနာနဲ့ ဆရာစိုးစကားကို ကျွန်တော်လက်ခံ တယ်၊ ဒီနှစ် အောင်ရမယ်ဆိုတဲ့ ကတိ ကျွန်တော် ပေးပါတယ်"

"ဝမ်းသာတယ် ကိုနောင်ရာ"

သူ စိတ်ထဲဝမ်းထဲကပင် လှိုက်လှဲစွာဖြင့် ဆရာစိုးအား ပြုလိုက်မိသည်။

ဒက်ဒီ မာမီတို့ကလည်း သူ့ကို ဆယ်တန်းအောင်စေချင်ကြ ဒါပေမယ့် သူ့အတွေးက တစ်မျိုးပင်။ ဆယ်တန်းအောင်ခဲ့ရင် သူ့ အနေအထားဖြင့် သိပ်ပြီး ထွေထွေထူးထူး မဖြစ်နိုင်ဟု တွေးခဲ့၏။

အခုတော့ ဆရာစိုးက သူ့အစွဲကို ဖြုတ်ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိုးကို ကတိပေးခဲ့ရှုတင်မဟုတ်ဘဲ သူနှင့် ဆက်စပ်ပတ်သက်ရာ အပေါင်းအသင်းများကိုပါ အစွဲကျွတ်အောင် လုပ်မည်ဟု စိတ်ကူး လိုက်မိသည်။



၃။

ဆရာစိုးနှင့် အကျွမ်းတဝင် ဖြစ်လာခဲ့သည်နှင့် စိတ်ကူးသစ်နှင့်လည်း အတော်လေး ရင်းနှီးခဲ့၏။ စိတ်ကူးသစ်ကို ဦးဆောင်သော ဆရာစိုးနှင့်သာမကဘဲ ဆရာစိုး၏ အပေါင်းအသင်း ဆရာတွေနှင့်ပါ ထဲထဲဝင်ဝင် ဖြစ်လာ၏။

တကယ်တမ်းကျတော့ စိတ်ကူးသစ်သည် ဆရာစိုးတို့၏ စေတနာရိပ်မြုံလေးဟု အမည်ပေးလျှင် မှားမည် မထင်ပေ။

ပတ်ဝန်းကျင်က ပေသည် တေသည် ဆိုးသွမ်းသည်ဟု ယူဆထားသော လူငယ်များသည် စိတ်ကူးသစ်နှင့် အပေါက်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



တည်းပြီး အချိန်တိုတို အတွင်းမှာပင် အပြောင်းအလဲတွေ ဖြစ်ကုန်ကြ ၏၊ ထိုအထဲတွင် သူသည်း တစ်ယောက်အပါအဝင် ဖြစ်၏။

"စာသင်တယ်ဆိုတာ တကယ်တော့ ကျောင်းသားရဲ့ စိတ်ကို ထိအောင်လုပ်ပေးနိုင်မှ အရာရောက်တာ၊ စာတွေပဲ ဖိသင် သွားရင် စာပဲ ရမယ်၊ ကျောင်းသားရဲ့ စိတ်ကိုပါ ရင်းနှီး အကျွမ်းဝင် အောင်လုပ်ရင် စာတင်မကဘူး၊ သူ့ဘဝ အချိုးအကွေ့ကိုပါ တည့် ပေးထားသလိုမျိုး အရာရောက်တယ်၊ ကိုယ့် သိအိုရီကတော့ ဒါပဲ ကိုနောင်"

"ကျွန်တော် လက်ခံတယ် ဆရာစိုး၊ ဆရာစိုးက ကျွန်တော့် စိတ်ကို ရင်းနှီးကျွမ်းဝင်အောင် လုပ်ယူတယ်၊ တကယ်ဆိုရင် ကျွန်တော်နဲ့ ပတ်သတ်ခဲ့ဖူးတဲ့ ကောင်မလေးတွေက ဆရာစိုးရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ အအာသိရင် ကျွန်တော့်ကို ကောင်းကောင်း ကြီး ပညာပေးဆို့ ရှိ"

"ဒါဆိုရင် ကိုယ် သန္တာကို ပြောပြလိုက်ရမလား ကိုနောင်"

"အခုအချိန်မှာ ဆရာစိုး သွားပြောလည်း အလကားပဲ ဖြစ်မှာပါ၊ စာမေးပွဲအပြီးမှာ မိုးကုတ်ဘက်က လူတစ်ယောက်နဲ့ ယူ တော့မှာ ဆရာစိုး"





"မင်းဟာတ သေချာလှချည်လား ဟုတ်ရော ဟုတ်ရဲ့လား"

"သူကိုယ်တိုင်ပြောတာ ဆရာစိုး၊ ကျွန်တော်လည်း သူတို့ ၁ွဲတာတို မျက်စိနဲ့ မြင်ခဲ့တာ"

ဒါဆိုရင်တော့ ဒီကောင်မလေး ဒီနှစ် ဝင်္ကျတ်မယ် မထင် ဘူး"

"ဆရာစိုး အခုချိန်မှာ ဘာမှ သွားမပြောနဲ့နော်၊ သန္တာ လှ ည်လည်းပါတယ်၊ မပိုင်ဘဲနဲ့ သူ လုပ်မှာ မဟုတ်ဘူး"

"ဒီလိုလား"

"ဟုတ်တယ် ဆရာစိုး၊ သူက ကျွန်တော်တွေ့ဖူးသမျှ မိန်းက လေးတွေထဲမှာ စိတ်ရင်းတော့ ကောင်းတယ်"

"အခုမှ လွှမ်းပြနေတာလား ကိုနောင်"

"မဟုတ်ပါဘူး ဆရာစိုးရာ၊ သန္တာတစ်ယောက် လင် ကောင်းသားကောင်းရပြီး တင့်တင့်တယ်တယ်နဲ့ အခုလက်ရှိ ဘဝ ဆက် မြင့်သွားတာကိုပဲ မှုဒိတာဖြစ်မိတာပါ၊ သန္တာက အတော့်ကို ပါးနပ်တဲ့ မိန်းကလေးပါ"

"ဒီအကြောင်းတွေနဲ့ ဆက်စပ်ပြီး ကိုယ်တွေးဖြစ်တာ တစ်ခု ရှိတယ် ကိုနောင်၊ ကိုယ်က လူငယ်တွေနဲ့ အမြဲတမ်း ထိတွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လူငယ်ဘဝက ဖြတ်သန်းလွန်မြောက်ပြီး ကိုယ် စာသင်ခြင်း အလုပ်ကို လုပ်ခဲ့တယ်၊ လူငယ်တွေနဲ့ မကင်းကွာသွားခဲ့ဘူး။ တကယ်တော့ လူငယ်တွေရဲ့ ဘဝဟာ ဝါးပင်တွေလိုပါပဲ"

"ဝါးပင်တွေနဲ့ ကျွန်တော်တို့ လူငယ်တွေဘဝက တူတယ် ဟုတ်လား ဆရာစိုး"

စာသင်ချိန်ပြင်ပ၌ ဆရာစိုးနှင့် အမြဲ စကားပြောဖြစ်၏။ စကားပြောဖြစ်လေတိုင်း ဆရာစိုးထံမှ အထူးအဆန်းလေးတွေ ကြားရတတ်သည်။

အခုလည်း သူတို့လို လူငယ်တွေ၏ ဘဝကို ဝါးပင်တွေနှင့် ခိုင်းနှိုင်းဥပမာပေးပြီး ပြောဆိုနေပြန်၏။

"ဝါးပင်တွေကိုတော့ ကိုနောင် မြင်ဖူးတွေ့ဖူးမှာပါ၊ ပင်လုံးပင်ထည်သေးပြီး အမြဲယိမ်းထိုးနေတဲ့ သဘောမှာရှိတယ်၊ လေဒဏ်မိုးဒဏ်ကိုခံရင်း အမြင့်ကိုတက်ဖို့ ဟိုဘက်ယိမ်းလိုက် ဒီဘက်ယိမ်းလိုက်နဲ့ တည်တည်ငြိမ်ငြိမ်ကို မရှိဘူး၊ အမှတ်မဲ့သဘောနဲ့ ကြည့်လိုက်ရင် တည်ငြိမ်တဲ့သဘော မရှိသလိုပဲ၊ ကိုယ်လည်း အစက ဒီလို တွေးမိခဲ့တယ်၊

သေသေချာချာ ပြန်ကြည့် ကိုနောင်၊ ဝါးပင်တွေနဲ့ လူငယ်





တွေကို ကိုယ် ခိုင်းနှိုင်းခဲ့တယ်၊ ဝါးပင် စဖြစ်ပြီ ဆိုကတည်းက အမြင့်ကို တဖြည်းဖြည်း တက်ရင်း ဟိုယိမ်းဒီယိမ်းနဲ့ ပတ်ဝန်းကျင်ရဲ့ ခိုက်ခတ်မှုမျိုးစုံ နောက်ကို လိုက်ခဲ့ကြရတယ်၊ ဒီကြားထဲမှာ အလွန်ဆိုးဝါးတဲ့ ရာသီဒဏ်ကြောင့် သေဆုံး ဘဝပျက်သွားတဲ့ ဝါးပင်တွေလည်း ရှိတာပေါ့၊ မလဲမပြိုဘဲ လေလှုပ်တိုင်း ယိမ်းနွဲ့တတ်တဲ့ ဝါးပင်တွေမှာတော့ အချိန်ကြာလာတာနဲ့ သူ့ဘဝကိုသူ မားမားမတ်မတ်နဲ့ ရပ်တည်နိုင်ခဲ့ကြတယ်၊

ဒီလိုပဲလေ . . . လူငယ်တွေကလည်း ပတ်ဝန်းကျင်ရဲ့ ခိုက်သဘာဝကို လိုက်ပြီး အမျိုးမျိုး ယိမ်းထိုးကစားရင်းက အသက်နဲ့ အသိဉာဏ်ယှဉ်တွဲပြီး ကြီးပြင်းသွားကြရတာ၊ လူငယ်တွေရဲ့ စိတ်က နုငယ်ကြတယ်၊ ယိမ်းလွယ် ယိုင်လွယ် တတ်ကြတယ်၊ သူ့တို့ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှု ဖြစ်အောင် နေထိုင်နေကြရတဲ့ သဘောပဲ"

"ကြိုက်သွားပြန်ပြီ ဆရာစိုး၊ ဆရာစိုးပြောအာ ဟုတ်တယ်၊ အစိမ်းရင့်ရောင် ထနေတဲ့ ဝါးပင်တွေရဲ့ သက်တမ်းဟာ ယိမ်းထိုးကစားရင်းနဲ့ မားမားမတ်မတ် ဖြစ်ခဲ့ကြတာ"

"ကဲ ကိုနောင် စကားအများကြီးပြောလို့တော့ ပြီးပြီ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်ဘက်ကို စာသွားသင်ရဦးမယ်"

"ကျွန်တော် ကားနဲ့ လိုက်ပို့ပေးမယ်၊ ကျွန်တော်အားနေတာပဲ၊ စာတွေ ကြည့်ရတာ ခေါင်းအုံနေပြီ၊ စိတ်ပြေလက်ပျောက်ပေါ့၊ သန်လျင်က ရန်ကုန်မြို့ပြင်ထက် စာရင် မျက်စိကိုရော နားကိုပါ တည်ငြိမ်အေးချမ်းစေမှာပါ"

"ဒါဆိုရင်လည်း အဆင်ပြေတာပေါ့၊ အခန်းကို ခဏပြန်ဝင်လိုက်ဦးမယ်"

"ရပါတယ် ဆရာစိုးရာ"

လှောက်ရည်ဆိုင်မှ ထပြီး စိတ်ကူးသစ်သို့ သွားခဲ့ကြ၏။

စိတ်ကူးသစ်ကို ရောက်တော့ ဦးပဥ္စင်းအိုတစ်ပါးက ထိုင်စောင့်နေ၏။

ဆရာစိုးနှင့် ရောယောင်ပြီး ဦးပဥ္စင်းအိုကြီးကို ကန်တော့လိုက်ရသည်။

"တပည့်တော် ဘာအကူအညီများ ပေးရမလဲ"

"ဒီလိုပါ ဒကာကြီး၊ ဒကာကြီးကျူရှင်မှာ ဘုန်းကြီးရဲ့ မြေးလေး တက်နေပါတယ်၊ သူ့မိဘတွေက လက်လုပ်လက်စားဆိုတော့ ကျူရှင်လခကို မပေးနိုင်ဘူး၊ ဘုန်းကြီးပဲ ထောက်ပံ့နေရတာ၊





ပြီးခဲ့တဲ့ နှစ်လလောက်က ဘုန်းကြီး မမာမကျန်း ဖြစ်တော့ ကျူရှင်ဖိုး မပေးဖြစ်ဘူး၊ အခုမှ လာပေးဖြစ်တာ ဒကာကြီး ၊ မြေးလေးကို ပေးခိုင်းပါတယ်၊ သူက ရှက်နေလို့တဲ့"

"ခင်စောဦး ထင်တယ်၊ ဒီကောင်မလေးက ဘာမှ အကျိုးအကြောင်း လာမပြောဘူး၊ တပည့်တော်အတွက်ကတော့ ထည့်မတွက်ပါနဲ့၊ သူ ကျောင်းပျက်တာ ငါးရက်လောက် ရှိသွားပြီ၊ တပည့်တော်တောင် အိမ်လိုက်မေးမလို့ပါ"

"ကဲ . . . ဒကာကြီး ဘုန်းကြီး ပြန်ကြွမယ်၊ ကြွေးကျန်ရော နောက်လတွေအတွက်ပါ ဘုန်းကြီး ပေးထားခဲ့မယ်"

"ဒီလိုလုပ်ပါလား ဦးပဥ္စင်း၊ ခင်စောဦးက စာ ကြိုးစားပါတယ်၊ လိမ္မာရေးခြားလည်း ရှိပါတယ်၊ ဒီပိုက်ဆံတွေကို ဦးပဥ္စင်းကိုပဲ ပြန်လှူလိုက်ပါရစေ"

ဦးပဥ္စင်းအိုကြီးကတော့ တအံ့တဩဖြင့် သာဓုတွေ ပေးနေတော့၏။

ဆရာစိုးနှင့် ဦးပဥ္စင်းအိုကြီးတို့၏ အဖြစ်အပျက်ကို ကြည့်ပြီး ရင်ထဲမှာ ပီတိဖြစ်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးသစ်နှင့် ဆရာစိုးသည် သူ့ဘဝမှာ ကြုံတောင့်ကြုံခဲ လာပြီး ဆုံဆည်းခဲ့ခြင်း ဖြစ်၏။

ဆရာစိုးနှင့် လာကြုံခြင်း ကိစ္စအတွက် သန္တာလင်းကို ကျေးဇူးတင်ရမည် ဖြစ်၏။

သန္တာလင်းနှင့်သာ မငြိတွယ်ဖြစ်ပါက ဆရာစိုးနှင့်လည်း ရေစက် လာဆုံနိုင်စရာ အကြောင်းမရှိပေ။

လောကကြီးက တစ်ခါတလေကျတော့ ရယ်စရာဖြစ်နေတတ်ပြန်သည်။

သူနှင့် ငြိတွယ်ဖူးခဲ့သော သန္တာလင်းက သူနှင့်မရင်းနှီးဘဲ ဝေးသထက်သာ ဝေးသွားခဲ့၏။

ဆရာစိုးနှင့် သူကတော့ အတော်လေးကို နေသားကျပြီး ခင်မင်နေပြန်၏။

"သားကို ဒက်ဒီတို့ သတိထားမိတာ ကြာပြီ၊ ဒီတစ်ခါ စာမေးပွဲ နီးလာတာနဲ့ ဒက်ဒီတို့ ဘာမှ မပြောရဘဲ သား စာကြည့်ဖြစ်နေတယ်နော်"

"ဟုတ်တယ် သား၊ မာမီလည်း အံ့သြနေတာ၊ သားဘယ်ဆရာတွေကို ခေါ်သင်စေချင်လည်း သား စိတ်ကြိုက်ပြော"





သူ့ လှုပ်ရှားနေထိုင်မှုတွေ ပြောင်းလဲသည်ကို ကြည့်ပြီး ဒက်ဒီတို့က ဝမ်းသာစကား ဆိုလာ၏။

"ရပါတယ် မာမီ၊ အိမ်ခေါ်သင်ဖို့ မလိုပါဘူး"

"မာမီရေ၊ မင်း့သားကို မင်းပဲ မေးပေတော့"

ဒက်ဒီကတော့ အသာ ရှောင်ထွက်သွားပြီး၊ မာမီနှင့် တည်ပေးခဲ့၏။ ဒက်ဒီ့မျက်ကွယ်မှာပင် မာမီက သူ့ကို မေးသည်။

"သားကို မေးစရာရှိတယ်"

"မေးပါ မာမီ၊ မာမီ ဘာသိချင်လဲ"

"ဒီလိုသား၊ သား ကျူရှင်တစ်ခုမှာ တက်နေတယ်၊ အဲဒီကျူရှင်မှာ ကောင်မလေး ချောချောတစ်ယောက်လည်း တက်နေတယ်၊ ဘားမှာ မိန်းကလေးတွေ ဝိုင်းနေတာ မာမီတို့ သိထားတယ်၊ ဒီတစ်ခါတော့ အတော်လေး ထူးဆန်းနေလို့ သား"

"ဘာတွေများ ထူးဆန်းလို့လဲ မာမီ"

"ထူးဆန်းတာပေါ့ သား၊ အိမ်မှာ နှစ်စဉ်နှစ်တိုင်း ဆရာတွေခေါ်ပေးတာတောင် စာဖြောင့်ဖြောင့်မှ သား မသင်ခဲ့တာ၊ အခုမထင်မရှား ကျူရှင်လေးမှာ အဲဒီမိန်းကလေးနဲ့ သားအတူ တက်တယ်၊ ပြီးတော့ စာမေးပွဲ နီးလာတာနဲ့ စာတွေ လုပ်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်တွေက ထူးဆန်းနေတာပေါ့၊ အဲဒီမိန်းကလေး အကြောင်းကို မာမီတို့ စုံစမ်းနေတယ်၊ သားမသိအောင် လုပ်တဲ့ သဘောတော့ မဟုတ်ဘူး၊ သားနဲ့ အဓိက ပတ်သက်လာမယ်ထင်လို့ မာမီတို့ စုံစမ်းရတာ"

မာမီ့စကားတွေကြောင့် ရယ်သွေးလွှမ်းလိုက်ရသည်။ သူ့ အနေအထိုင် အပြုအမူတွေကို သန္တာလင်းက ပြောင်းလဲပစ်နိုင်သည် ဟု မာမီတို့ ယူဆထားပုံရသည်။

"ဘာရယ်တာလဲ သား"

"မာမီလို့ ပြောတာကို သဘောကျလို့ပါ၊ မာမီတို့က သန္တာ လင်းကို အထင်ကြီးနေတာကိုး၊ သူ့အကြောင်းကိုတော့ မာမီတို့ ထပ် မစုံစမ်းနဲ့တော့၊ ဒီနေရာလေးမှာပဲ ထားလိုက်၊ ဘာဖြစ်လို့လဲ ဆိုတော့ မာမီတို့ ထပ်သိရမယ့် အကြောင်းတွေက သားနဲ့မှ မသက်ဆိုင်ပဲ"

"ဒါဆို အဲဒီ မိန်းကလေးကြောင့် သား အမူအကျင့်တွေ ပြောင်းလဲတာ မဟုတ်ဘူးပေါ့"

"သိပ်သေချာတာပေါ့ မာမီရာ၊ ဒီနေ့အထိ ဘယ်မိန်းက လေးကမှ သား စိတ်တွေ ပြောင်းလာအောင် မစွမ်းဆောင်နိုင်သေး ပါဘူး၊ မာမီတို့ ထင်တာတွေက တခြားစီ ဖြစ်နေတယ်"





သူနှင့်မာမီတို့ စကားပြောကောင်းနေဆဲမှာပင် ဒက်ဒီ ပြန်ရောက်လာ၏၊ ဒက်ဒီကိုမြင်သည်နှင့် မာမီက ဆီးကြိုကာ စစ်ကူ တောင်းလေ၏။

"ကဲ . . . ဒက်ဒီကြီးရေ စိတ်ဝင်စားစရာတော့ ကောင်းနေ ပြီ၊ မာမီတို့ သိထားတဲ့ အချက်အလက်တွေက တလွဲကြီးဖြစ်နေပြီ တဲ့၊ သားစိတ်တွေကို ပြောင်းလဲစေနိုင်တဲ့ သူဟာ ဘယ်သူဘယ်ဝါ ဖြစ်မယ်ဆိုတာ မေးစမ်းပါဦး"

"ဟုတ်လား သား၊ ဘယ်သူများလဲ"

"သန္တာလင်းနဲ့ သား ပတ်သက်ခဲ့တယ်၊ ခင်ခဲ့မင်ခဲ့တယ်၊ သန္တာလင်းကြောင့်ပဲ စိတ်ကူးသစ် စာသင်ဝိုင်းမှာ သား တက်ဖြစ်ခဲ့ တယ်၊ အဲဒီမှာပဲ သား အတွေးအခေါ်တွေကို တည့်ပေးတဲ့သူနဲ့ ဆုံခဲ့တယ်၊ သူကတော့ တခြားသူ မဟုတ်ဘူး၊ စိတ်ကူးသစ်ရဲ့ အရှင်သခင် ဆရာစိုး လို့ခေါ်တဲ့ ဦးစိုးဝေပါပဲ"

"ဒါဆိုရင်တော့ သားရဲ့ဆရာဦးစိုးဝေကို အရမ်းကျေးဇူး တင်ရမယ်၊ ဒီလို လုပ်ပါလား သားရဲ့၊ ဆရာစိုးကို အိမ်ခေါ်ပြီး သင် ခိုင်းပါလား"

"သားတစ်ယောက်အတွက်နဲ့ ဒီပြင်လူတွေကို စာသင်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လျှော့သွားပါမယ် တက်လက်စနဲ့ သား ဆက်တက်ပါရစေ၊ အခုချိန်ကျမှ ဆရာစိုးတို့ကို အိမ်ခေါ်သင့်ရင် မကောင်းတော့ဘူးလေ၊ ဘာမှမပူပါနဲ့ ဒက်ဒီ၊ ဒီနှစ် သား အောင်ကို အောင်ရမှာပါ"

"ဒါဆိုလည်း သားရယ်၊ သားရဲ့ဆရာစိုးနဲ့ မာမီတို့ကို ဆုံပေးပါလား၊ မာမီတို့က တကူးတက ဖိတ်ခေါ်ပါတယ်"

"စောပါသေးတယ် မာမီ၊ တော်ကြာ သားရဲ့ ညံ့ဖျင်းမှုကြောင့် ဆရာစိုးအတွက် မျက်နှာပူစရာ ဖြစ်နေမယ်၊ သားဆယ်တန်းအောင်ပြီးမှ ဆရာစိုးနဲ့ မာမီတို့ကို တွေ့ပေးမယ်၊ ဒီကြားအခိုက်အတန့် လေးမှာတော့ မာမီတို့ ခဏ သည်းခံလိုက်ပါဦး"

"ဒါဆိုလည်း သားသဘောပါပဲ"

အခုအချိန်မှာ ဆရာစိုးနှင့် မာမီတို့ကို မတွေ့ပေးချင်သေးပေ။

ဆရာစိုးကလည်း ဒီရက်ပိုင်းတွေမှာ စာမေးပွဲတွေနှင့် နပမ်းလုံးနေရ၏။

မကြာသော တစ်နေ့မှာတော့ ဆရာစိုးနှင့် မာမီတို့ကို တွေ့ဆုံပေးရဦးမည်လေ။



၄။

အောင်စာရင်းဆိုသော စကားသံကြောင့်ပင် သူ ရင်ခုန်ရ၏။ မာမီတို့ ဒက်ဒီတို့ကတော့ သူ့စိတ်လှုပ်ရှားနေမှုကို ကြည့်ပြီး စကြနောက်ကြသေးသည်။ မနက်လင်းသည်နှင့် အောင်စာရင်းရလဒ်ကို သိရတော့မည်။ ညဦးပိုင်းမှာ ဆရာစိုးနှင့် ဆုံဖြစ်ကြသည်။ ဆရာစိုး၏ ကျူရှင်မှာ သူ့လို ရင်ခုန်သူတွေ အများကြီး တွေ့ရပြန်သည်။ ဆရာစိုးနှင့် စကားကောင်းကောင်း မပြောဖြစ်ပေ။

အိမ်ပြန်ရောက်ပြီး စောစီးစွာ အိပ်ရာဝင်ခဲ့သော်လည်း အိပ်

www.burmeseclassic.com

www.burmeseclassic.com



စက်လို့မရ မနက်လင်းမည့် အရေးကိုသာ စိတ်စောနေမိပြန်၏။

မှေးခနဲ အိပ်ပျော်သွားစဉ်မှာပင် အောင်စာရင်းကို အိပ်မက်မက်၏။ အိပ်မက်ထဲမှာတော့ သူ အောင်လားကျလားဆိုတာ ဝေဝေခွဲခွဲ မသိရ။ လန့်နိုးသည်နှင့် အိပ်မက်ကို အစအဆုံး ပြန်စဉ်းစား ကြည့်၏၊ သို့သော် အဖြေက မကွဲမပြား။

ညသန်းခေါင်ကျော်သောအခါမှ သူကောင်းစွာ အိပ်ပျော်သွားခဲ့၏။

မနက်အလင်းမှာတော့ သူ အိပ်ရာထ နောက်ကျသွားခဲ့သည်။ သူ နိုးလာတော့ ကောင်းကင်မှာ အတော် လင်းနေ၏။ အချိန်နာရီကို သိဖို့ ကြိုးစားဆဲမှာပင် မာမီက သူ့ကို လာနှိုးသည်။

"သားရေ ဖုန်းလာနေတယ်"

မနက်ရှစ်နာရီထိုးပြီမို့ အောင်စာရင်း ကပ်ပြီး ဖြစ်နေမည်။

"ဘယ်သူ့ဆီကမှားလဲ မာမီ"

"သားရဲ့ ဆရာစိုး"

မနက်ခြောက်နာရီ အရောက်လာခဲ့မည်ဟု မနေ့ညက ဆရာစိုးအား သူပြောခဲ့သည်ပဲ။

နံနက် ရှစ်နာရီထိုးသည်အထိ သူမရောက်မလာ၍ ဆရာစိုး





နှိုးဆက်တာဖြစ်မည်၊ အခုအချိန်ဆို အောင်ခြင်းကျခြင်းကို ဆရာစိုး တစ်ယောက် သိနေလောက်ပြီ။

"ဖြေးဖြေးသွားပါ သားရယ်၊ အိပ်ချင်မူးတူးနဲ့ ခလုတ်တွေ ဘာတွေတိုက်နေပါ့မယ်"

မာမီ့ စိုးရိမ်စကားကို ဂရုမထားနိုင်တော့ဘဲ ဖုန်းရှိရာသို့ အပြေးသွားမိသည်။ စားပွဲပေါ်ချထားသော စကားပြောခွက်ကို အလျင်စလို ကောက်ကိုင်ပြီး မေးလိုက်မိသည်။

"ဆရာစိုး အောင်စာရင်း ကြည့်ပြီးပြီလား၊ ကျွန်တော် ညက အိပ်အိပ်မပျော်တာနဲ့ အိပ်ရာထ နောက်ကျသွားတယ်"

"ကိုယ် အောင်စာရင်း ကြည့်ပြီးပြီ ကိုနောင်"

ဆရာစိုးလေသံက ခပ်လျော့လျော့မို့ အားမရဘဲ မေးလိုက်ပြန်သည်။

"ကျွန်တော် အောင်ရဲ့လား"

"ကိုနောင်ကိုယ်တိုင်ကြည့်ပြီး သိရတာနဲ့ ကိုယ်ပြောပြလို့ သိရတာ ဘယ်ဟာက ပိုပြီး စိတ်လှုပ်ရှားရမယ် ထင်လဲ"

"ဒါဆိုရင်တော့ ဆရာစိုး မပြောနဲ့တော့၊ ဆရာစိုး ဘယ်မှာ စောင့်နေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်စာရင်း ကပ်ထားတဲ့ နေရာကို ကိုနောင် သိတယ် မဟုတ်လား၊ အဲဒီမှာပဲ ကိုယ် စောင့်နေမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကျောင်းက အတော်များများ အောင်ကြလို့ပဲ၊ ဂုဏ်ထူးပါတဲ့သူ လည်း များတယ် ကိုနောင်"

"ဒါပဲနော် ဆရာစိုး၊ ကျွန်တော် ဖုန်းချလိုက်မယ်"

"နေဦး ကိုနောင်၊ ကိုယ် အကုန်လုံး မဟုတ်တောင် အရိပ် အမြွက်လောက်တော့ ပြောပြချင်တယ်၊ ကိုနောင့် မာမီတို့ကတော့ ကိုနောင့်ရဲ့ စာမေးပွဲအောင်စာရင်းကို ကိုယ်ထက်တောင် အရင် သိထားကြတာ၊ ဒါပဲ ကိုနောင်"

ဆရာစိုးကတော့ စကားဖြတ်ပြီး ဖုန်းချပစ်လိုက်၏။

စကားပြောခွက်ကို ပြန်ချလိုက်ပြီး လှည့်အထွက်မှာပင် သူ့ရှေ့မှာ ဒက်ဒီနှင့် မာမီတို့ ရောက်နေကြ၏။

"ကွန်ဂရက်ကျူလေးရှင်းပဲ သား"

ဒက်ဒီ လက်ကမ်းပေးသည်ကို ကြည့်ရင်း သူကြောင် သွားသည်။ ခဏအကြာမှာတော့ ရောယောင်ပြီး ဒက်ဒီ့ကို လက်ဆွဲ နှုတ်ဆက်လိုက်ရသည်။

"သားရဲ့ ဆရာစိုးကို ဒက်ဒီတို့နဲ့ တွေ့ပေးဖို့ အချိန်ရောက်ပြီ





သား ဂုဏ်ထူးနှစ်ခုနဲ့ အောင်တယ်ဆိုတာကို မနေ့ကတည်းက ဒက်ဒီတို့ ကြိုသိထားတယ်"

"ဟုတ်တယ်သား၊ သား ဆရာစိုးကို ဒီနေ့ ညနေမှာ အထူး တလည်ကို ဂုဏ်ပြုမှ ဖြစ်မယ်"

ဒက်ဒီတို့ စကားကြောင့်ပင် အလွန်အမင်း ဝမ်းသာသွားရ သည်။ အောင်စာရင်း ကပ်ထားရာ နေရာသို့ မရောက်မီ အောင်မြင် ကြောင်းကို သိလိုက်ရသည်။

သူပျော်သလို ဆရာစိုးလည်း ပျော်နေမှာ သေချာ၏။

အောင်စာရင်းကို ကိုယ်တိုင်ကြည့်ပြီး ဝမ်းသာစေမည့် အခွင့်အရေးကို ဆရာစိုးက ချန်ထားပေးခဲ့သော်လည်း ဒက်ဒီတို့က အကုန် ဖွင့်ချလိုက်၏၊ သူ့လိုပင် ဒက်ဒီတို့လည်း ဝမ်းသာနေကြမည် လေ။

"ဒက်ဒီက ဆရာစိုးကို ဂုဏ်ပြုပြီး လိုချင်တဲ့ အကူအညီ တောင်းခိုင်းတာကို ဘာကြောင့် ငြင်းလိုက်တာလဲ"

ဆရာစိုးကို အထူးတလည် ဂုဏ်ပြုသည့်အနေဖြင့် မာမီတို့



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီတို့က တွေ့ဆုံခဲ့သည်။ ဆရာစိုးကိုလည်း ကြိုက်သည့် အကူအညီတောင်းဖို့ လမ်းဖွင့်ပေး၏။

ဆရာစိုးကတော့ ဘာမှ မလိုပါဘူးဆိုပြီး ငြင်းဆန်ခဲ့သည်။

ဒက်ဒီပေးလိုသည့် အခွင့်အရေးကို ဆရာစိုး ယူလိုက်ဖို့ကောင်းသည်။ ဆရာစိုးကို ပြန်လိုက်ပို့ပေးရင်းက အားမလိုအားမရဖြစ်ပြီး သူ မေးဖြစ်၏။

"ကိုယ်က ကိုနောင်နဲ့ပဲ သိကျွမ်းတာ၊ ကိုနောင့် ဒက်ဒီက ကိုနောင်နဲ့ ပတ်သက်ပြီးမှ သိရတာ၊ ကိုနောင်နဲ့ သိကျွမ်းခဲ့တာ ကိုယ့်အတွက် ဘာရလိုရကြောင်းမှ မပါဘူး၊ အခုလက်ရှိ အခြေအနေမှာ ကိုယ့်အနေနဲ့ ဘာမှလည်း မလိုအပ်ဘူးလေ၊ ကိုယ့်အတွက် အလိုအပ်ဆုံး အဖြစ်စေချင်ဆုံးကို ကိုနောင်က ပေးခဲ့ပြီးပြီပဲ၊ ဒါကြောင့်ပဲ ကိုနောင့်ဒက်ဒီစကားကို ငြင်းခဲ့တာပေါ့"

"ဆရာစိုးကတော့ တကယ့်ကို စံနမူနာပဲ၊ ဒက်ဒီက အရမ်းသဘောကောင်းတာ၊ ကျွန်တော် စာမေးပွဲအောင်တဲ့အတွက် ဆရာစိုးကို ထိုက်ထိုက်တန်တန် ပေးချင်လို့ တမင် လမ်းဖွင့်ပေးတာ၊ အခု ဆရာစိုး ငြင်းလိုက်လည်း ဆရာစိုးအတွက် တစ်ခုခု စီစဉ်မှာသေချာတယ်"





"ကိုနောင့် ဒက်ဒီကို ပြန်ပြောပေးပါ၊ ကိုယ့်အတွက် ဘာမှ မစီစဉ်နဲ့၊ ကိုယ် ထပ်ငြင်းရင် ရိုင်းရာ ကျတော့မယ်၊ ကိုနောင်နဲ့ အစဉ်အမြဲ ဆက်ဆံစေချင်ရင် ကိုယ်ပြောတဲ့ စကားကို ဖြစ်အောင် ကိုနောင် ကြားထဲက လုပ်ပေးပါ"

ဆရာစိုးက သူ ထင်ထားသည်ထက်ပင် ခေါင်းမာပြီး အတွေး ခေါင်လွန်းသူ ဖြစ်၏။

ဒယ်ဒီတို့က တစ်ခုခုပေးမည်ကို ဆရာစိုး မလိုလားတာ သေချာနေ၏။

ဆရာစိုး၏ လေသံနှင့် မျက်နှာထားက အတော်လေးကို တင်းမာနေ၏။

"ကောင်းပါပြီ ဆရာစိုးရယ်၊ ဒယ်ဒီတို့ကရော ကျွန်တော်ကပါ ဆရာစိုးအတွက် ဂုဏ်ပြုတဲ့သဘောနဲ့ ပြောမိဆိုမိတာကိုတော့ ဆရာစိုး နားလည်ပေးပါ"

"ကိုယ်နားလည်ပေးမယ်၊ ကိုယ့်ကို ဖြန့်ပြီးတော့ နားလည်တဲ့ အနေနဲ့ ဘာအစီအစဉ်တွေမှ ထပ်မလုပ်မိပါစေနဲ့ ကိုနောင်"

ဒယ်ဒီတို့ကိုတော့ သူ မနည်း နားလည်အောင် ပြောယူရမှာ သေချာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲကနေပြီး အားလုံးအဆင်ပြေအောင် လုပ်ပေးဖို့ တာဝန်မှာ သူ့ပေါ်သို့ ပုံကျလာသည်။

၁၀၀



၅။

လွန်ခဲ့သော နှစ်နှစ်ကျော်က အဖြစ်အပျက်တို့ကို ပြန်လည် တွေးတောကြည့်ပါက တရားကျစရာ ကောင်းနေသေး၏။

အဲဒီအချိန်တုန်းက သူ့အဖိုက ကားတစ်စီးနှင့် ထင်ရာကြဲ နေသော အခါသမယ။

သန္တာလင်းကလည်း ပလာဇာတစ်ခုမှာ သာမန် အရောင်း တာဝန်ခံတစ်ဦးမျှသာ၊ သန္တာလင်း၏ အဲဆွယ်ကောင်းမှုကြောင့် စိတ် ကူးသစ်နှင့် ရင်းနှီးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့သော ဆရာစိုးနှင့် ဆုံဆည်းခွင့်ရခဲ့၏။

လူငယ်များ၏ ဘဝကို ဝါးပင်များနှင့် နှိုင်းနှိုင်းခဲ့သော ဆရာစိုး၏ စိတ်ကူးသစ်မှာ လွန်ခဲ့သော နှစ်နှစ်ကျော်ကာလကထက် အောင်မြင်မှုတွေ ရနေ၏။

သူကိုယ်တိုင်ကပင် ဆယ်တန်းကို သုံးနှစ်ဆက်တိုက်ကျသော ဘဝမှ စုတေပြီး ဒုတိယနှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်နေ၏။

သူထက်ပိုပြီး အပြောင်းလဲကြီး ပြောင်းလဲသွားသူကတော့ ဆရာစိုးနှင့် သူ့ကို ရင်းနှီးအောင် ပြုပေးခဲ့သော သန္တာလင်းပင်ဖြစ်၏။

သူ ဆယ်တန်းအောင်သည့်နှစ်မှာပင် သူ သိထားသော မိုးကုတ်မှ သူဌေးသားတစ်ဦးနှင့် သန္တာလင်း လက်ထပ်သွားသည်ကို နောက်ဆုံးသတင်း ရခဲ့သည်။

နှစ်နှစ်ကျော်ပြီးနောက် တစ်နေ့သော ညနေခင်းမှာ သန္တာလင်းကို ပြန်လည်တွေ့ဆုံခွင့်ရခဲ့သည်။





မတ်လဆန်းထဲရောက်လာလေ နွေရာသီ၏ ပူပြင်းမှုမှာ ပိုသိလာလေ ဖြစ်၏၊ နွေရာသီကျောင်းပိတ်ရက်နား နီးလာသောကြောင့် အတန်းပြီးသည်နှင့် ဘယ်မှ လျှောက်မသွားဖြစ်ဘဲ အိမ်တန်းပြန်ဖြစ်သည်။

ညနေခင်းဘေးမှ ဖြတ်ပြီး သူ့အခန်း ရှိရာသို့ အသွားမှာတော့ သူ့ခြေလှမ်းတို့ကို ရပ်တန့်သွားစေသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရ၏။

မာမီတို့ ဒယ်ဒီတို့၏ အလုပ်ကိစ္စတွေကို သူ စိတ်မဝင်စားတတ်။ သူ့မျက်စိရှေ့ နားရှေ့မှာပင် အလုပ်ဖြစ်ပြီး ပိုက်ဆံတွေ ရနေသော်လည်း မာမီတို့ လုပ်ငန်းများကို အနီးကပ် လေ့လာဖို့ စိတ်ကူးမပေါ်ခဲ့ပေ။

သူ လျှောက်လာသည်ကို မြင်သည်နှင့် ဧည့်သည်များနှင့် တစ်ဝိုင်းတည်းထိုင်ရန် မာမီ ဖိတ်ခေါ်လိုက်၏၊ မာမီတို့နှင့် ရင်ဘောင်တန်းပြီး အရောင်းအဝယ်ကိစ္စ ပြောဆိုနေသူမှာ တခြားလူမဟုတ်၊ သန္တာလင်း ဖြစ်နေ၏။

"သား ထိုင်လေ၊ သားကို မသန္တာလင်းက သိနေတယ် ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မာမီ၊ သားလည်း သန္တာ့ကို လှမ်းတွေ့လိုက်တာနဲ့ လာခဲ့တာ"

"မသန္တာလင်းရဲ့ သူငယ်ချင်းကိုလည်း ကြည့်ပြောပါဦး၊ စီးပွားရေးတက္ကသိုလ် တက်နေပေမယ့် မမတို့ရဲ့ လုပ်ငန်းတွေကို နည်းနည်းလေးမှ စိတ်ဝင်စားဖို့ မကြိုးစားဘူး"

"နောင်နောင့်အကြောင်းကို သန္တာ သိပါတယ်၊ နောင်နောင်က ကောင်မလေး ချောချောလှလှလေးတွေကိုပဲ စိတ်ဝင်စားတတ်တာ၊ တက္ကသိုလ်မောင် ကျောင်းသားကြီးဖြစ်ပြီဆိုတော့ အရင်ကထက် ပိုခြေရှုပ်လို့ ကောင်းတာပေါ့"

မာမီကို မမဟု ရဲတင်းစွာ ခေါ်ဆိုနိုင်သော သန္တာလင်းကိုတော့ စိတ်ထဲက ချီးကျူးမိသည်။ သန္တာလင်း၏ အလှအပ အပြင်အဆင်တို့သည် ပိုပြီး တင့်တယ်စေပြန်၏။

ရှိုရင်းစွဲ အလှကို ထပ်ဆင့်လိုက်သော ပုံပိုးမှု များစွာကြောင့်ပင် မျက်စိအမြင်မှာ ကြည့်ကောင်းနေ၏။

"မာမီတို့နဲ့ ထိုင်စကားပြောနေတာကို လှမ်းတွေ့လိုက်တယ်၊ သန္တာနဲ့ ဒီလိုနေရာမျိုးမှာ ပြန်ဆုံဖြစ်လိမ့်မယ်လို့ ကို မထင်ထားမိတာ အမှန်ပဲ"





"နောင်နောင်နဲ့ သန္တာ သိကြတုန်းက အခု အမျိုးသားနဲ့ အိမ်ထောင်မကျသေးဘူး မမ"

"ဪ . . . ဟုတ်လား"

သန္တာလင်းကတော့ သူနှင့် သိကျွမ်းခဲ့ခြင်းကို နောက်ကြောင်းပြန်ကောက်နေ၏။ သူနှင့် သိကျွမ်းဖူးသည်ဟု ပြောလိုက်ကတည်းက မာမီ တစ်ချက်ပြုံးသည်ကို သူ ဖြတ်ခနဲ တွေ့မိလိုက်၏။

"အခု မိုးကုတ်မှာပဲ နေတာလား သန္တာ"

"အရင်ကတော့ ဟုတ်တယ်လို့ ပြောရမယ်၊ အခုတော့ အမျိုးသားက ရန်ကုန်မှာ ကျောက်မျက် အရောင်းခန်းမ ဖွင့်လိုက်တယ်လေ၊ ရန်ကုန် ပြန်ရောက်တာ သုံးလေးလလောက်ရှိ သွားပြီ"

"တွေ့လား သား၊ သားသူငယ်ချင်းကို အရင်ကလို ဆက်ဆံလို့ မရတော့ဘူး၊ အခုလည်း ကျောက်မျက်အရောင်းပြပွဲ လုပ်ဖို့ မာမီတို့က ခေါ်ပြီး ဆွေးနွေးနေရတဲ့သူ ဖြစ်နေပြီ"

မာမီကတော့ သန္တာလင်း ဘာလဲဆိုတာကို ပိုမို သိသာအောင် ပြောပြနေ၏၊ မာမီက ဘယ်လိုပဲ အမွှန်းတင်တင်၊ ဘယ်လိုပဲ ဘဝပြောင်းပြောင်း သန္တာလင်းကတော့ သူ့ကို အရင်ကလိုပဲ ဆက်ဆံနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာစိုးနဲ့ရော အဆက်အသွယ်ရှိသေးလား နောင်နောင်"

"ဒီနေ့အထိ ကိုယ်နဲ့ ဆရာစိုး အဆက်အသွယ်ရှိတယ် သန္တာ၊ ကိုယ့် ဆယ်တန်းအောင်ပြီးကတည်းက ဒီနေ့အထိ ပိုပြီး ရင်းနှီး ဖြစ်ခဲ့ကြတယ်"

"ဆရာစိုးကိုတော့ စိတ်ထဲကပဲ သတိရဖြစ်တာပါ၊ လူကိုယ်တိုင် သွားတွေ့ဖို့ဆိုတာ အခုအချိန်မှာ အတော် မလွယ်တာပဲ၊ နောင်နောင်နဲ့ အခုလို ဆုံဖြစ်တာတောင် ကုသိုလ်ကံ အရမ်းကောင်းလွန်းလို့ပဲလို့တောင် ပြောရမယ်"

သူ မရောက်ခင်ကပင် မာမီနှင့် ပြောစရာရှိသော အလုပ်ကိစ္စများက ပြီးပြတ်သွားခဲ့ပြီလား မပြောတတ်။ သူ့ကိုပင် အမိကထားပြီး သန္တာလင်း စကားတွေ ပြောနေ၏၊ မာမီကလည်း အကင်းပါးစွာဖြင့် သူတို့နား မှ ရှောင်ထွက်ဖို့ ကြိုးစား၏။

"ကဲ . . . သားကပဲ ညှိသည်ကို ညှိခံလိုက်ပါဦး၊ မသန္တာလင်းကလည်း မမကို ခွင့်ပြုဦးနော်"

"ရပါတယ် မမ၊ နောင်နောင်နဲ့ တွေ့တုန်းမှာ စကား ခဏတော့ ပြောဦးမယ်၊ ဒီလို ဆုံတုန်းပဲ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောရတာ၊ နောက်တစ်ခါ တွေ့ဖို့ ဆိုတာက မလွယ်ဘူးလေ"





သန္တာလင်းဘက်က ဆက်ဆံရေးတွေ မပြောင်းလဲတာတော့ သေချာသွား၏။

မာမီထွက်သွားသည်နှင့် ဟိုတုန်းကလိုပဲ ပို၍ လွတ်လပ်သော စကားများကို ပြောဆိုတော့သည်။

"တက္ကသိုလ်ကျောင်းသား ဖြစ်သွားတာက လွဲလို့ နောင်နောင်ကတော့ အရင်က အတိုင်းပဲ မဟုတ်လား၊ ကားတစ်စီးနဲ့ ဘေးမှာ ကောင်မလေးတစ်ယောက်ယောက်ကို တင်ပြီး ပျော်နေမှာပဲ မဟုတ်လား"

သူ့အနေကလည်း ဘာရယ်လို့ မရည်ရွယ်ဘဲ ပကတိအခြေအနေမှန်ကို ပြောပြဖြစ်၏။

"ဟိုတုန်းကလောက်တော့ အပျော် မရှာဖြစ်တော့ဘူး"

"အသက်အရွယ်၊ ကြုံတွေ့ရတဲ့ ဝန်းကျင်နဲ့ ပညာအဆင့်အတန်းကို ငဲ့ပြီး သားကောင် သေးသေးမွှားမွှားတွေအတွက် အချိန်သိပ်အကုန်မခံတော့ဘူးပေါ့၊ ဒီသဘောလား နောင်နောင်"

"တကယ်တော့ ဟဲဒီ အချိန်တုန်းကတည်းက ဒီနေ့အထိကို လိုချင်နေခဲ့တာက တချစ်ပဲ၊ ကိုစိတ်တွေကို လုံးဝ ယိမ်းယိုင်သွားစေမဲ့ နှလုံးသားပိုင်ရှင်ကိုပဲ အခုအချိန်မှာ ကို တမ်းမက်မိတယ်"



www.burmeseclassic.com

"ကြံ့လို့ ပြောလိုက်ဦးမယ် နောင်နောင်၊ အခုအချိန်မှာ စိတ်ရှင်းရှင်းနဲ့ ဒီစကားပြောဖြစ်တာပါ။ သန္တာ့ဘဝမှာလည်း အဲဒီအချိန်တုန်းက နောင်နောင်ဟာ သဘောအကျဆုံး ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ဖူးတယ်၊ နောင်နောင်နဲ့ ဆုံခဲ့ရပေမယ့် ဖူးစာကံ မပါတော့ ကွဲခဲ့ရတယ်လို့ ပြောရမလားပဲ၊ အခု သန္တာ့အမျိုးသားကို ယူဖြစ်တုန်းက သာမန်အတွေးနဲ့ ယူလိုက်တာ၊ အခုအချိန်မှာတော့ သန္တာက သူ့ကို ယုံကြည်ကိုးစားပြီး ချစ်သလို သူကလည်း သန္တာ့အပေါ် ယုံကြည်ကိုးစားပြီး ချစ်ခဲ့တယ်၊ ဟိုအချိန်အခါတုန်းက သန္တာ့ဘဝမှာ နောင်နောင်က အရေးကြီးတဲ့ နေရာမှာ ရှိကောင်းရှိခဲ့ပေမယ့် အခုအခါမှာတော့ တကယ့်ကို သေးသေးမွှားမွှားလေး ဖြစ်သွားတာ အမှန်ပဲ"

"ဒါ သဘာဝပဲ သန္တာ၊ ကိုဝမ်းသာတာတစ်ခုက သန္တာ့ဘဝနဲ့ သန္တာ့အနေအထားကိုပဲ၊ မပြောကောင်းတဲ့ စကား၊ မတွေးအပ်တဲ့ စကားမျိုးပါပဲ၊ ဒါပေမယ့် သန္တာ့လို စိတ်ရှင်းရှင်းနဲ့ ပြောပြချင်တယ်၊ တကယ်လို့ မျက်စိလည် လမ်းမှားပြီး ကိုနဲ့များ ဆက်ငြိတွယ်ဖြစ်ရင် ဒီအနေအထားကို သန္တာရောက်မှာ မဟုတ်ဘူး၊ ဆရာစိုးကို ပြောပြရင် ဆရာစိုးလည်း ဝမ်းသာမှာပဲ၊ ဆရာစိုးစကားနဲ့ ပြောရရင် သန္တာ





ဘာ ဝါးပင်တစ်ပင်ပဲ"

ဆရာစိုး၏ ဝါးပင်နှင့်တူသောလူငယ်များ၏ စရိုက်သဘာဝကို ပြောဆိုဖို့ အစပျိုးခြင်းမှာ တိုးလို့တန်းလန်း ဖြစ်သွားရသည်။

သန္တာလင်း၏ ဆယ်လူလာက တောက်ခါင်ခါ အသံမြည်သာသောကြောင့် စကားဖြတ်လိုက်ရသည်။ တကယ်တော့ စကားဖြတ်လိုက်ရခြင်းဟု ပြောသည်ထက် သန္တာလင်းက ထပြန်ဖို့ ချက်ချင်း ကြိုးစားသောကြောင့်ဟု ဆိုလျှင် ပိုပြီး မှန်ကန်ပေမည်။

"ကဲ . . . . သန္တာ့ အမျိုးသားကတော့ အရေးတကြီး လှမ်းခေါ်နေပြီ၊ သန္တာ သွားတော့မယ်၊ သန္တာတို့ ထပ်ဆုံချင်သေးတယ်၊ နောက်တစ်ခါ ထပ်ဆုံဖြစ်ရင် နောင်နောင့် နံဘေးမှာ နောင်နောင်ချ်မြတ်နိုးတဲ့သူ တစ်ယောက်ယောက် ရှိနေခဲ့ရင် ပိုကောင်းမယ်"

ခြေလှမ်းတွေကို ပြင်ဆင်ရင်းက သွက်လက်စွာပင် သန္တာလင်း ပြောဆိုသွား၏၊ သူ့ရှေ့မှ ထွက်ခွာသွားသော သန္တာလင်းကို သူ ငေးကြည့်ရင်း သက်ပြင်းချမိပြန်၏။

သန္တာလင်းနှင့် ပြန်လည်တွေ့ဆုံရမှုနှင့်အတူ သန္တာလင်း ပြောဆိုသွားသော စကားများအရ ရင်မှ နင့်နင့်သီးသီး ချစ်ရသော သူတစ်ယောက်ရရှိဖို့ မလွဲမသွေ လိုအပ်နေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝလမ်းကို ရှေ့ဆက်ပြီး ဖြတ်သန်းဖို့ ချစ်သူဆိုသော အဖော်ဝ်တော့ ရှိမှဖြစ်ပေမည်။



## ၆။

သန္တာလင်းနှင့် ပြန်လည်တွေ့ဆုံပြီး နောက်နေ့မှာပင် ဆရာဦး၏ အိမ်သို့ သူသွားခဲ့သည်။ အိမ်မှာ ဆရာစိုး ရှိမနေခဲ့။ အပြင်ခဏသွားခြင်းမျိုး မဟုတ်ဘဲ ကျောင်းပိတ်သော အခါသမယမို့ ဇာတိမြို့သို့ ခဏ ပြန်သွားသည်ဟု ဆရာစိုး၏ဇနီး မမထားက ပြောခဲ့သည်။

သန္တာလင်းနှင့် ပတ်သက်သော အကြောင်းအရာများကို မမထားကလည်း စိတ်ဝင်စားမှာ မဟုတ်သလို သူကလည်း မပြောပြချင်၍ ဒီအတိုင်း လှည့်ပြန်ခဲ့၏။ ဆရာ့သားနှစ်ယောက်ကို စ,ရင်း

www.burmeseclassic.com

www.burmeseclassic.com



နော[illegible]က ဆရာစိုး ပြန်ရောက်မည့်ရက်ကိုသာ မေးဖြစ်ခဲ့သည်။

မမထား၏ ပြောစကားအရ ဆိုရင်တော့ ဒီနေ့လောက်ဆို ဆရာစိုး ပြန်ရောက်နေတာ နှစ်ရက်လောက်တော့ ရှိနိုင်၏။ အခုလို အချိန်မျိုးမှာ မနက်ခင်းစောစောနှင့် ညနေခင်းကလွဲပြီး နေ့ခင်းတစ်ချိန်လုံး ဆရာစိုး အိမ်မှာ စာဖတ်နေတတ်သည်။

သင္ဂြာလင်းနှင့် ဆုံခဲ့ပုံကို ပြောပြရန်အတွက် ဆရာစိုးအိမ်သို့ သူ ထွက်ခဲ့သည်။

ဆရာစိုးတို့ အိမ်ပေါ်ရောက်သည်နှင့် ဆရာစိုးသား အကြီးကောင်က ပြေးကြိုသည်။

"ဦးကိုနောင် ဖေဖေ ပြန်ရောက်နေပြီဗျ"

"ဘယ်နေ့က ပြန်ရောက်လဲ၊ အခုရော စာဖတ်နေလား"

"ပြန်ရောက်တာ ဒီနေ့နဲ့ဆို သုံးရက်ရှိသွားပြီ၊ အခုတော့ အိမ်မှာမရှိဘူး၊ ညီလေးရယ် မေမေရယ် ဖေဖေရယ်က အသိတစ်ယောက်ရဲ့ အိမ်ကို ခဏသွားကြတယ်၊ လူမမာမေးလို့ ပြောတာပဲ၊ သိပ်မကြာဘူး၊ ကျွန်တော့်ကို အိမ်စောင့်ခိုင်းထားခဲ့တ ဦးကိုနောင် လာရင်လည်း ခဏထိုင်စောင့်ဖို့ ဖေဖေက မှာသွ တယ်"

သားကြီး၏ စကားအရဆိုရင်တော့ ဆရာစိုး အပြန်ကို





ထိုင်စောင့်ရုံသာ ရှိတော့၏။

ဧည့်ခန်းမှာ ထိုင်ဖို့ပြင်ဆင်ချိန်မှာပင် သားကြီးက အိမ်စောင့်ဖို့ တာဝန်ကို လွှဲပြောင်းပေးလာ၏။

"ဦးကိုနောင် အိမ်စောင့် ဖြစ်သွားပြီ၊ သား သူငယ်ချင်းတွေဆီကို သွားလိုက်ဦးမယ်"

"အေးပါကွာ၊ ဆရာစိုးတို့ ပြန်မလာမချင်း ဦးကိုနောင် စောင့်ပေးမယ်ဟုတ်လား"

သားကြီးကတော့ ပျော်ပျော်ပါးပါးဖြင့် အိမ်ပေါ်မှ ပြေးဆင်းသွား၏။

ဒီတိုင်းချည်း ငုတ်တုတ်ထိုင်နေရမည့် အတူတူမို့ စားပွဲပေါ်တွင် အသင့်တွေ့သော မဂ္ဂဇင်းစာအုပ်ကို ကောက်ယူ ဖတ်နေလိုက်၏။

⊚

သားကြီးထွက်သွားသည်နှင့် မဂ္ဂဇင်းစာအုပ် ကောက်ကိုင်ကာ ဖတ်သည်။ သတင်းအတိုအထွာကဏ္ဍကို ဖတ်လို့ မဆုံးခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် မထင်မှတ်ထားသော အဖြစ်အပျက်နှင့် မျက်နှာချင်းဆိုင် ကြုံရ၏။

သားကြီးနှင့် တွေ့ရာမှ သားကြီး အိမ်ပေါ်မှ ဆင်းသွားချိန်အထိ သူ တစ်ယောက်တည်းသာ ဒီအိမ်ထဲမှာ ရှိသည်ဟု ထင်ထားခဲ့သည်။

အခုတော့ ဒီလိုမဟုတ်။ မီးဖိုချောင်ခန်းဆီမှ သားကြီးကို ခေါ်ခေါ်ပြောပြောဖြင့် အိမ်ရှေ့ခန်းသို့ အမျိုးသမီးတစ်ယောက် ထွက်လာ၏။

"သားကြီးရေ ဟင်းအိုးတွေ ပြန်နွှေးရင်းကနေ မီးဖိုမီး မလာတော့ဘူး၊ ကွိုင်တွေလည်း တစ်ခုမှ မပြတ်ဘူး၊ အန်တီတော့ ဆက်မလုပ်တတ်တော့ဘူး"

သာယာသော မိန်းမတစ်ယောက်၏ ညည်းညူသံက သူ့ ရှေ့နားမှာ အဆုံးသတ်သွား၏။ သူ့ကို ရုတ်တရက်ကြီး မြင်လိုက်ရတော့ ပါးစပ်ပိတ်ပြီး အားနာသွားဟန် ပြုလိုက်သည်။ အိမ်နေရင်း ဝတ်ထားသော အဝတ်အစားနှင့်အတူ ဆံပင်တို့ကလည်း ဖရိုဖရဲ ဖြစ်နေ၏။ ဖျတ်ခနဲ မြင်လိုက်ရသော ရှက်ကိုးရှက်ကန်းဖြစ်မှု အားနာ ထိတ်လန့်သွားမှုများကြောင့်ပင် သူ သတိထားပြီး ကြည့်ဖြစ်သွား၏။





"သားကြီး ရှိနေတယ် မှတ်လို့"

"ကျွန်တော့်ကို အိမ်စောင့်ထားပြီး သားကြီးက အပြင်ထွက်သွားတယ်"

သူနှင့် သက်တူရွယ်တူလောက် ရှိမည်ဟု ခန့်မှန်းမိသည်။ ဖရိုဖရဲသဏ္ဍာန်နှင့် ပြင်ဆင်ချယ်သမှုများ ကင်းမဲ့နေသော်လည်း သူမ၏ အလှကတော့ အတော်လေး သိသာနေ၏။

စောစောက သူမ ညည်းတွားသော အကြောင်းအရာကို ပြန်ကောက်ရင်းက စကားစကြည့်လိုက်သည်။

"စောစောက ခင်ဗျားပြောတဲ့အသံ ကျွန်တော် ကြားလိုက်ပါတယ်၊ မီးဖိုပျက်နေလို့ ခင်ဗျား အခက်တွေ့နေတာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ လေးလေးတို့ အပြင်က ပြန်လာခင် အဆင်သင့်ဖြစ်အောင် ဟင်းတွေ ပြန်နွှေးထားမလို့ပါ၊ ကွိုင်က မလာတော့လို့ သားကြီးကို ပြင်ခိုင်းမလို့လေ"

"အဲဒီ မီးဖိုကို ကျွန်တော် လိုက်ကြည့်ပေးလို့ ဖြစ်မလား"

မိန်းမများစွာဖြင့် စကားပြောဆို ဆက်ဆံဖူးသော်လည်း သူမနှင့်ကျတော့ စိတ်ထဲမှာ အတော်လေးကို ရှင်းပြီး တစ်မျိုးခံစားမိပြန်၏။ သူမမျက်နှာပေါ်က ရှင်ကို အတော်လေး ချမ်းမြေ့စေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟိုလေ . . ."

"ဘာလဲ . . . ကျွန်တော့်ကို သူစိမ်းလို့ ထင်ပြီး အားနာနေသလား။ ကျွန်တော်က ဒီအိမ်မှာ စားအိမ်သောက်အိမ်ပဲ၊ မမထားတို့ ဆရာစိုးတို့ကတော့ ကျွန်တော့်ကို ကိုနောင်လို့ ခေါ်ကြတယ်၊ ကျွန်တော်က ဆရာစိုးရဲ့ တပည့်အရင်းပါ"

"လေးလေးတို့ချင်း ပြောကြတဲ့ အထဲမှာ အဲဒီနံမည်ကိုတော့ ကြားမိသလိုပဲ"

"ဒါဆိုရင် ရပြီပဲ၊ ကျွန်တော် ခင်ဗျားနဲ့ လိုက်ကြည့်ပေးမယ်"

မီးဖိုကွိုင်ပျက်သည့် ကိစ္စသည် တကယ်တော့ သိပ်မထူးဆန်း။

သူ့စိတ်ထဲမှာ ထူးဆန်းနေတာ သူမပဲ ဖြစ်သည်။

မီးဖိုကွိုင် မရဲသည့် ကိစ္စက တကယ်တော့ လွယ်လွယ်လေးပဲ ဖြစ်သည်။ လျှပ်စစ်မီးဖိုကွိုင် တည်ဆောက်ထားပုံက အတော်လေးရှင်း၏။ ပထမဆုံး အနေဖြင့် သေချာအောင် ကွိုင်ကို ထပ်စစ်ကြည့်သည်။ သူမပြောသလိုပင် ကွိုင်ကြိုးတွေက အပြတ်အတောက်မရှိ။ ဒုတိယအဆင့်အနေဖြင့် ခလုတ်များကို စစ်ဆေးကြည့်ဖို့ လိုသေး၏၊





ဒါကလည်း သိပ်မခက်။ အနီးအနားတွင် တွေ့သော ဝက်အူလှည့်အသေးစား တစ်လက်နှင့်ပင် ကိစ္စက ပြီးနေ၏။

သူ လုပ်ပုံကိုင်ပုံကို အပြစ်ကင်းသော မျက်နှာဖြင့် စိတ်ဝင်စားစွာ သူမ လိုက်ကြည့်နေ၏။

မီးဖိုကိုယ်ထည်မှာ တပ်ဆင်ထားသော အဖွင့်အပိတ်ခလုတ်နှစ်ခုစလုံးက ကြိုးပြုတ်ခြင်း၊ ပြတ်ခြင်း မရှိဘဲ ပကတိ ကောင်းနေ၏။

မီးဖိုပလပ်ခေါင်းကို ဆွဲဖြုတ်လိုက်သည်။ ပလပ်ခေါင်းကို ဖွင့်ကြည့်မှ ကွိုင်မရဲသော အပြစ်အနာဆာကို သွားတွေ့၏။

ပလပ်ခေါင်းမှ ကြိုးတစ်စ ပြတ်ထွက်ခြင်းဖြစ်၏။ ဝါယာကြိုးပေါ်တွင် ဖုံးအုပ်ထားသော ပလပ်စတစ်သားကို ထုတ်ပြီး ပြန်တပ်ပေးလိုက်သောအခါ ကိစ္စအားလုံး ပြီးစီးသွားတော့၏။

"ကဲ ကွိုင် ပြန်ကောင်းသွားပြီ"

မျက်စိသူငယ် အမူအယာလေးသည် မူလအတိုင်းပင် ပျက်မယွင်း ရှိနေဆဲပင်။

ကျေးဇူးတင်စကားပင် သူ့အား ပြောဖေါ်မရ။ အနည်းငယ်ပေကျံသွားသော လက်ကို ရေဆေးပြီးသည်နှင့် ဧည့်ခန်းသို့ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

သူမကတော့ လုပ်စရာရှိသည်များကို မီးဖိုချောင်မှာ ဆက်လုပ်ရင်း ကျန်ရစ်ခဲ့သည်။

ဒီအခြေအနေအထိ ဆက်ဆံရတာ အနည်းငယ် ထူးခြားနေကလွဲလို့ သူ့စိတ်တွေက သူမအပေါ် ရိုးသားခဲ့၏။



၃။

"ဒါဆိုရင် သူ့ဗွာလင်းက ကြီးပွားနေတာပေါ့"

"ဟုတ်တယ် ဆရာစိုး၊ မာမီတို့နဲ့တောင် တစ်စားပွဲတည်း ထိုင်ပြီး စကားပြောနေတဲ့ အဆင့်ပဲ"

"အေးလေ သူ့ကံပဲ ဆိုရမှာပေါ့"

"သူက ကျွန်တော်အပေါ်မှာတော့ အရင်ကလိုပဲ မြင်တယ်၊ ဒီအချက်ကိုတော့ ထွေထွေထူးထူး ပြန်မရှင်းပြဖြစ်ဘူး"

"ဘာလဲ မင်းက နှမြောတာသ ဖြစ်နေတယ်ဆိုတဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်"

မဟုတ်တာပဲ ဆရာစိုးရာ၊ သူကတောင် ပြန်ခါနီး ပြောသွားသေးတယ်၊ နောက်တစ်ခါ ထပ်ဆုံဖြစ်ရင် ကျွန်တော်နားမှာ ချစ်ခင်နားလည်တတ်တဲ့ မိန်းကလေးတစ်ယောက် ရှိနေတာ မြင်ချင်တယ်တဲ့ ဆရာစိုး"

သူ့နှလင်းပြောခဲ့သော စကားများကို သူ ပြန်ပြောဖြစ်တော့ ဆရာစိုး ရယ်၏။

သူ့ကို နောက်လိုသော ဆန္ဒဖြင့် ဆရာစိုး စကားထပ်ကွန့်သည်။

"ဟိုး အချိန်က တော့်စပ်ခဲ့ဖူးတဲ့ ရည်းစားဟောင်းက မင်းကို တမင် ထိကပါးရိကပါး လုပ်သွားလို့ မင်း တမင်ရင်ဖွင့်တာတော့ မဟုတ်ပါဘူးနော်"

"ဆရာစိုးကလည်း"

ဆရာစိုးနှင့် လွှတ်ရည်ဆိုင်မှာ စကားပြောရင်းကနေ သူမ မျက်နှာလေးက မဆီမဆိုင်ဖြင့် အတွေးထဲ ရောက်လာ၏။

တိုက်ဆိုင်စွာပင် သူမ အကြောင်းကို ဆရာစိုးက ပြောလာ၏။





"ဒီကအပြန် အိမ်မှာ ထမင်းစားသွား၊ ဒီနေ့ အိမ်မှာ ဟင်းကောင်းတယ်ကွ၊ ငါ့တူမ လက်ရာလေ"

သူမအား အကူအညီပေးဖြစ်ခဲ့ခြင်းကို ပြောရန်သင့်မသင့် ချိန်မိသည်။ ပြောလိုက်ပြန်ရင်လည်း စတွေ့ကတည်းကိုက အကြောင်းရှာပြီး ရောသည်ဟု ဆရာစိုး မြင်မှာ စိုးရ၏။ သူ မပြောဘဲ ဒီအတိုင်းထားလိုက်ပါက သူမက ပြန်ပြောဖြစ်ရင် တမင်သက်သက် အကြံဖြင့် ထိန်ချန်ရာ ရောက်ဦးမည်။

"နယ်ကခေါ်လာတာလား ဆရာစိုး"

"ဟုတ်တယ် ကိုနောင်၊ ပထမတော့ စိတ်ကူးသစ်အတွက် စာရေးမနေရာ မှန်းပြီး ခေါ်ခဲ့တာပဲ၊ နောက်မှ ငါ့ကောင်တွေနဲ့ ပြဿနာ လုံးလည်ချာလည်လိုက်မှာ စိုးပြီး အိမ်မှာပဲ ထားလိုက်တာ၊ ငါ့အလုပ်တွေ ကူလုပ်ဖို့ ခေါ်လာခဲ့တာ၊ အခုတော့ ငါ့မိန်းမအတွက် ဟန်ကျသွားပြီ၊ ငါ့တူမက အချက်အပြုတ်ကတော့ တကယ်ကောင်းပဲ"

"ကျွန်တော်ရောက်တော့ သူ ဟင်းနွှေးနေတာ၊ သားကြီးကလည်း အပြင်ထွက်သွားတယ်၊ သားကြီးရှိတယ် ထင်ပြီး ကွိုင်ပျက်တာကို သူပြောတာနဲ့ ကျွန်တော်ပြင်ပေးရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ဆုံဖြစ်ပုံကို ပြောရင်းက လိပ်ပြာမလုံသည့် စိတ်ဖြင့် ဆရာစိုးအား အကဲခတ်ရသေး၏၊ ဆရာစိုးကတော့ သူ့တူမနှင့် ပတ်သက်ပြီး ဘာအမူအရာမှ မပြပေ၊ သူ့ကိုပင် ထမင်းစားဖို့ ထပ်ခေါ်သေး၏။

"မင်းလိုက်ခဲ့မှာ မဟုတ်လား ကိုနောင်"

"မလိုက်တော့ပါဘူး ဆရာစိုးရာ"

"လိုက်ခဲ့စမ်းပါ၊ အိမ်ရောက်ရင် မင်းက ငါ့ မိန်းမလက်ရာကို ဝင်စားနေကျပဲ၊ ဒီတစ်ခါ ငါ့မိန်းမလက်ရာထက်ကို မင်းထမင်း ပိုမြိန်သွားမှာမို့လို့ အတင်း ခေါ်ရတာ"

ဆရာစိုးက သူ့တူမလက်ရာကို စားစေချင်နေမှတော့ သူ လိုက်ခဲ့ရသည်။ သူ့စိတ်ထဲမှာတော့ သူမနှင့် ပတ်သက်ပြီး တွေးမိနေပြန်သည်။

ဒီတစ်ခေါက်အတွေ့မှာတော့ စောစောက ကပိုကရို သဏ္ဌာန်များ သူမထံမှာ ရှိနေမှာ မဟုတ်တော့ပေ။

နံ့သာအချယ်အသတို့ဖြင့် သူမအလှကို ဒုတိယကြိမ် မြောက် တွေ့ခွင့်ရမည်ဟု ထင်ထားမိသည်။





ဆရာစိုး ညွှန်းမည်ဆိုက ညွှန်းချင်စရာပင်။ ဟင်းတွေက ဖွယ်ဖွယ်ရာရာဖြင့် အမယ်စုံအောင် ချက်ထား၏။ သူ မစားဖူးသော လက်ရာများပင်။ သူမ ချက်ပြုတ်ထားသည်များက တောချက်၊ချက်ထားသည်ပဲ ပြောရမလား မသိ။ အတော်လေးတော့ ခံတွင်းတွေ့သည်။

"ထားရေ မင်းတို့အတွက်တော့ ကိုယ်တော့နည်းဖို့ သေချာနေပြီ၊ ငါရော ကိုနောင်ပါ ကောင်းကောင်းနဲ့ တအားစားပစ်လိုက်ကြတာ"

"ဟုတ်တယ် မမထား၊ အတော်စားကောင်းတာ"

"မင်းမှ မဟုတ်ဘူး၊ ကိုနောင်ရေ၊ လာသမျှ လူတွေကို သူ့တူမလက်ရာ ကောင်းကြောင်း အမြဲကြွားပြနေတာ၊ ဟိုခများမှာတော့ ချက်ရပြုတ်ရတာနဲ့ ဖတ်ဖတ်မောနေတာပဲ၊ ဒီကြားထဲ ဟို မျောက်နှစ်ကောင်ရဲ့ ဒဏ်ကိုလည်း အတော် သည်းခံရှာရသေးတယ်"

မမထားကလည်း သူမကို ချီးမွမ်းခန်း ထပ်ဖွင့်ပြန်၏။

သူတို့ ထမင်းစားသောက်ပြီး စကားထိုင်ပြောသည်အထိ သူမ၏ အရိပ်အယောင်ကို မတွေ့ပေ။

"ဒီနှစ်တော့ အခန်းကျယ်ကျယ်ရအောင် ရှာငှားရမလိုဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်တော့ မပူနဲ့ ဆရာစိုး၊ ဆရာစိုး လိုချင်တဲ့ အနားမှာ ကျွန်တော်တို့ တိုက်ခန်းတစ်ခန်း ရှိနေတာပဲ၊ ကျွန်တော် ဒက်ဒီကို ပြောလိုက်မယ်"

"နေပါစေ ကိုနောင်ရာ၊ ကိုယ့်အချင်းချင်း ဖြစ်နေတော့ ဈေး စကားပြောရတာ ခက်တယ်"

"လုပ်မနေပါနဲ့ ဆရာစိုးရာ၊ ကျွန်တော်နဲ့ ပတ်သက်ပြီး ဆရာစိုးကချည်းပဲ အကူအညီ ပေးခဲ့တာ၊ ဒီတစ်ခါတော့ ကျွန်တော် ပြန်ကူညီမယ်၊ အခန်းအတွက် ခေါင်းထဲ သိပ်မထည့်ထားနဲ့၊ အဲဒီ တိုက်ခန်းကလည်း ဒီတိုင်း အလွတ်ကြီး ထား, ထားတာပဲ ဥစ္စာ"

"ကိုနောင်ပြောတာ ဟုတ်သားပဲရှင်၊ နေရာကောင်းကောင်း ဆိုရင် ပေးရမယ့်အခန်းခက နည်းတာမှ မဟုတ်တာဘဲ၊ ရှင် ငြင်းမနေနဲ့တော့"

ဆရာစိုးတစ်ယောက် ခဏတော့ ငြိမ်ကျသွား၏။

အခန်းကိစ္စကိုတော့ ဆရာစိုး ဆက်မပြောတော့ပေ။

"ဒီနှစ်သင်္ကြန် ငါ့မှာ အစီအစဉ်တစ်ခု ရှိတယ် ကိုနောင်"

"ဘာများလဲ ဆရာစိုး"

"ငါရယ် တချို့ဆရာတွေရယ် ပြီးတော့ ကျောင်းသားတွေ





ရယ် သက်န်းဝတ်ဖြစ်မယ်၊ မင်း စိတ်ဝင်စားလား သင်္ကြန်လည်တာတော့ ငင်း ပျက်လိမ့်မယ်"

"ဒီလိုလုပ်ပါလားဆရာစိုး၊ ဆရာစိုး အစီအစဉ်ကို ကျွန်တော် လက်ခံတယ်၊ ကျွန်တော်ကတော့ သက်န်းစည်းဖြစ်မှာ မဟုတ်ဘူး၊ သင်္ကြန်လည်ဖို့က စီစဉ်ပြီးသား ဖြစ်နေတယ်၊ စိတ်ကူးသစ်ကနေပြီး ရဟန်းခံရှင်ပြု လုပ်ချင်တယ်၊ ဆရာစိုး အခန်းငှားမယ့် ပိုက်ဆံကို မ,တည်လိုက်ပေ့၊ ကျန်တဲ့လူတွေ ထည့်ချင်လည်းထည့်ပေ့၊ စိတ်ကူးသစ်အတွက် မှတ်မှတ်ရရလေး ဖြစ်သွားတာပေ့"

"ဆိုးတော့ မဆိုးဘူးကွ"

သူ့ အစီအစဉ်ကို ဆရာစိုး သဘောကျသွား၏။ ဆရာစိုး ပေးမည့် အခန်းခငွေကို အလွန်ဆုံး တစ်နှစ်စာပဲ သူ ယူမည်။ ကျန်သည့် နှစ်တွေအတွက်တော့ သူ ယူဖြစ်မှာ မဟုတ်သလို ဒက်ဒီတို့ကလည်း တောင်းမှာ မဟုတ်ပေ။

"ဟော အမှိုက်ကား ခေါင်းလောင်းထိုးနေပြီ၊ ဒုက္ခပါပဲ ခိုင်းရအောင် မျောက်နှစ်ကောင်ကလည်း မရှိဘူး ဖြစ်နေတယ်"

ခေါင်းလောင်းသံနှင့်အတူ မမထား၏ စကားအဆုံး၌ ပျောက်ဆုံးနေသော သူမ၏ အသံကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မမထား၊ ကျွန်မပဲ သွားပို့လိုက်မယ်"

အမှိုက်တောင်းကို သယ်ပြီး သူတို့ရှေ့မှ ဖြတ်လျှောက်သွား၏။

သူမ၏ သဏ္ဍာန်ကို မသိမသာဖြင့် သူ ကြည့်မိသည်။

ကပိုကရို အပြင်အဆင်သည် တွေ့ခါစအတိုင်းပင် အရာမယွင်း ရှိနေ၏၊ နုံ့သာချယ်သခြင်း မဲ့သော သူမ မျက်နှာသည်လည်း ဒီနှယ်ပင်။

အပြင်အဆင် အလှအပ အနှယ်အသတို့ဖြင့် မျက်နှာချင်းဆိုင်ဖြစ်လိမ့်မည်ဆိုသော သူ့စိတ်ကူးကို ာမက ရိုက်ချိုးပစ်နိုင်ခဲ့၏။

ရွှေသမင်စာစဉ်

၏။

ကပိုကရိုလှနေသော သူမသဏ္ဍာန်နှင့် အေးချမ်းဖွယ်ဖြစ်သော သူမမျက်နှာလေးက သူ့ အတွေးများဆီသို့ မတမ်းတာဘဲရောက်လာတတ်သည်။

တွေ့ဖူးမြင်ဖူးနေကျ မိန်းမလှများနှင့် ကွာခြားချက်ကြောင့်င် စိတ်ထဲမှာ သိသာထင်ရှား ဖြစ်တာလည်း ပါကောင်းပါနိုင်သည်။

သူ့စိတ်ထဲတွင် ဖြစ်ပျက်နေသော ကိစ္စများကို ဆရာစိုးကသိသွားပါက လွယ်မည့် အရေးကိစ္စတော့ မဟုတ်၊ သူဘက်က ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သောက်ပဲ ရိုးသားသည်ဟု ပြောပြော ဆရာစိုး စိတ်ထဲမှာတော့ သားကောင်မြင်သည်နှင့် လက်တပြင်ပြင် လုပ်နေခြင်းဟု တွေးယူမှာ သေချာသည်။

သူမနှင့် ပထမဦးဆုံး တွေ့ဆုံဖြစ်ပြီး လေးရက်ခန့်အကြာတွင် မထင်မှတ်ဘဲ နှစ်ယောက်ချင်း ဆုံဖြစ်သည်။

တကယ်တော့ သူနှင့် သူမတို့၏ တွေ့ဆုံခြင်းက တိုက်ဆိုင်မှု သက်သက်မျှသာ ဖြစ်သည်။ သူ့အနေနှင့်လည်း သူမနှင့် တွေ့မည်ဟု မထင်ထားသလို သူမအဖို့မှာလည်း သူနှင့် ဆုံလိမ့်မည်ဟု စိတ်ကူးယဉ်လိမ့်မှာ မဟုတ်ပေ။

သူ ကားဖြင့် ကျောင်းသို့အသွား ဈေးနားမှာ သူမကို လှမ်းမြင်မိသည်။ ဈေးခြင်းတောင်းကို တနင့်တပိုး ဆွဲရင်း လမ်းကူးဖို့ ပြင်နေသော သူမနားသို့ ကားထိုးရပ်လိုက်သည်။

သူ့ကို မြင်သည်နှင့် သူမ မျက်နှာရိပ်မှာ အံ့ဩမှုများ ဖြတ်သန်းသွား၏။

"ဟော . . . ဘယ်သူများလဲလို့"

"အိမ်ပြန်မှာလား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရပါတယ်ရှင်"





"မဟုတ်တာဘဲ ကားပေါ်တက်၊ တော်ကြာ လမ်းပိတ်နေလို့ နောက်ကားတွေက ပြောနေကြမယ်"

သူမ ပုံစံက တော်တော်နှင့် ကားပေါ်တက်မည့် လက္ခဏာ မရှိပေ။ ကားတံခါးဖွင့်ပြီး အောက်ဆင်းကာ သူမလက်ထဲမှ ဈေးခြင်းတောင်းကို ဆွဲယူလိုက်ရသည်။

သူ အတင်းအကျပ် လုပ်ဟန်ပြုတော့မှ သူမ ကားပေါ် တက်သည်။

"ကျွန်မအတွက်နဲ့ သွားရမယ့် ခရီး နှောင့်နှေးနေဦးမယ်"

"ကျွန်တော့်အဖို့က ခြေလျင်လျှောက်ပြီး လိုက်ပို့ပေးရတာမှ မဟုတ်ဘဲဗျာ၊ သူများချက်တဲ့ ထမင်းဟင်းကို စားကောင်းကောင်းနဲ့ စားခဲ့ပြီး အကြွေးတင်နေလို့လေ၊ ကျွန်တော် အခုကားလိုက်မောင်းပို့ပေးရင် ကျေပြီပေါ့ဗျာ"

သူ့ စကားကြောင့် သူမ လှစ်ခနဲ ပြုံးသည်ကို တွေ့လိုက်ရသည်။

ကပိုကရို အပြင်အဆင်ကတော့ သူမထံမှာ ရှိမနေ။ ဝတ်ကောင်းစားလှ မဟုတ်သော်လည်း သေသေသပ်သပ်လေး ဝတ်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်မှာတော့ နှံ့သာ လုံးဝ မဲ့နေ၏၊ သူမ၏ လက်နှင့် ခြေထောက်တို့ကို ဖျတ်ခနဲ ကြည့်မိသေး၏။ မိန်းကလေး အများစုက တော့ ခြေသည်းလက်သည်းကို ဂရုစိုက်ပြီး အရောင်ဆိုးတတ်တာကို သူ သိထားသည်။

သူမကတော့ ခြေသည်းလက်သည်း ဆိုးခြင်းကို ဝါသနာ မပါဟန်တူသော မိန်းကလေး တစ်ယောက်ဟု မှတ်ချက်ချမိသည်။

"ကျွန်တော် အိမ်အထိတော့ လိုက်မပို့တော့ဘူးနော်၊ အိမ်ရှေ့မှာ ချပေးခဲ့မယ်"

"ရပါတယ်"

အိမ်ပေါ်ထိတော့ သူ တက်မလိုက်ချင်၊ ဆရာစိုးနှင့် တိုးနေ ပါက သူ လိပ်ပြာမလုံ ဖြစ်ရမှာ ကြောက်၏။

ဆရာစိုးတို့ ခြံရှေ့ မရောက်ခင်မှာပင် ကားရပ်လိုက်သည်၊ သူမကလည်း အလိုက်တသိပင် ကားပေါ်မှ ဆင်း၏။

သူမကို တစ်ချက်ပြုံးပြပြီး ဆက်မောင်းဖို့ ပြင်ဆင်ချိန်မှာပင် သူမက လှမ်းပြော၏။

"ခဏလေး"

"ဘာများ ကျန်ခဲ့လို့လဲ"





"ဘာမှ မကျန်ပါဘူး၊ အခုလို လိုက်ပို့ပေးတဲ့အတွက် ဒိုနောင့်ကို ကျေးဇူးတင်တယ်လို့ ပြောမလို့ပါ"

"ရပါတယ်ဗျာ၊ လမ်းကြုံရင်တော့ ထမင်းဝင်စားမှာနော်"

ကားမောင်းထွက်ရင်းက ပါးစပ်ထဲရှိရာသူပြောလိုက်သည်။

သူမနှင့် အတော်ဝေးသော နေရာသို့ရောက်မှ သူ သတိရမိ သည်။ သူမက သူ့အား ကိုနောင်ဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။

သူကတော့ အခုအချိန်ထိ သူမ၏ အမည်နာမကို သိခွင့် မရဘဲ ရှိနေသေးသည်။

ညနေစောင်းရောက်တော့ သွားရင်းလာရင်းကပင် သူမထံ ဝိတ်ရောက်သွားသည်။

အမည်နာမကို သိချင်တာ တစ်ခုတည်းနှင့် သူမနှင့် ဆုံ တွေ့ချင်သော သူ့အဖြစ်ကို ပြန်လည်ဆန်းစစ်ရင်းက ပြုံးဖြစ်သေး၏။

အလှအပများနှင့် ယဉ်ပါးနေသော သူ့အကျင့်ကြောင့်ပင် သူမအား ချဉ်းကပ်ခြင်း ဖြစ်များနေမလားလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိုးမျက်နှာကို ပြေးမြင်မိသော်လည်း အလှူကိစ္စ ရှိနေ
သားပဲဆိုသော အတွေးဖြင့် သူမထံသို့ ခြေဦးလှည့်ဖြစ်ခဲ့သည်။

သူ့အတွက် ကံကောင်းသည်ဟု ပြောရမလိုပင်၊ သူ ရောက်
သွားတော့ ဆရာစိုးက အိမ်မှာ မရှိဘဲ အလှူကိစ္စအတွက် အပြင်
သွားနေခိုက်နှင့် ကြုံ၏။

"ဆရာစိုးကတော့ ရဟန်းလောင်းစာရင်းရော၊ ရှင်စာရင်း
ပါ တိတိကျကျ ရအောင်ဆိုပြီး ထွက်သွားလေရဲ့၊ ဘယ်နှစ်ပါး ဝင်
ဖြစ်မလဲဆိုတာ ဒီနေ့ သိရမှ မမထားတို့က စီစဉ်ရမှာ၊ အလှူရက်
ကိုတော့ သတ်မှတ်ပြီးပြီ"

သူရောက်သွားသည်နှင့် ခဏတဖြုတ် အနားပေးပြီး မ
ထားက ထမင်း အတင်းကျွေးတော့၏။

ဒီတစ်ခါတော့ သူမကိုယ်တိုင်ပင် သူ့အား ထမင်းခူးခ
ကျွေး၏။

ရုပ်ရည်အဆင်းရှိသော မိန်းကလေးမို့ အလှမမက်လေ
လားမသိ၊ သေချာသွားသည်ကတော့ ပြင်ပြင်ဆင်ဆင်နေသော မိန်း
ကလေးတို့၏ မလေ့ထုံးစံများ သူမထံမှာ လုံးဝရှိမနေခြင်းပင် ဖြစ်၏
သူမအမည်နာမကို မေးချင်သော်လည်း မမထားက အနား





မှာ တစ်ချိန်လုံး ရှိနေသဖြင့် အခက်ကြုံရသည်။

"ကိုနောင် လာမလားဆိုပြီး ဆရာစိုးက မျှော်နေသေးတာ၊
သိပ်မိုးချုပ်မှာ စိုးလို့ ဆိုပြီး ထွက်သွားတာပဲ၊ အလှူရက်ကို ရှစ်ရက်နေ့
နဲ့ ကိုးရက်နေ့လို့ သတ်မှတ်ပြီးပြီ၊ သင်္ကြန်တွင်းရက်တွေပါ ထည့်
ပေါင်းရင် ရက်ရှည်ရှည် ဝတ်ဖြစ်တာပေါ့၊ အားလုံးကလည်း သင်္ကြန်
ပြီးမှ ထွက်ကြမှာ၊ ကိုနောင်ပါ ဝတ်ဖြစ်ရင် သိပ်ကောင်းမှာပဲလို့
ဆရာစိုးက ပြောနေတာ"

"ကိုယ့်အကြောင်းကို ကိုယ်အသိဆုံးပဲ မမထား၊ ဒီပြင်ရက်
ဆိုရင် ရနိုင်ကောင်းရနိုင်မယ်၊ သင်္ကြန်ရက်ကတော့ စိတ်နိုင်မှာ
မဟုတ်ဘူး၊ ကိုးပါးသီလ စောင့်ထိန်းဖို့တောင် ခက်နေတာ၊ ရဟန်းရဲ့
သိက္ခာပုဒ်တော်တွေကိုပါ စောင့်ထိန်းရရင် မလွယ်ပါဘူး၊ ကျွန်တော်
ခွင်း နှစ်ခါဝတ်ဖူးတယ်၊ ပထမတစ်ခါကတော့ ဒီလိုပဲ ဝတ်ဖြစ်တာ၊
နောက်တစ်ခါကျတော့ တစ်နေ့မှာ ရဟန်းသိက္ခာပုဒ်တွေကို ဖတ်
ကြည့်လိုက်တယ်၊ အဲဒီမှာ ကိုယ်ကျိုးနည်းတော့တာပဲ၊ ဘာလုပ်ရင်
ဘာဖြစ်မယ်ဆိုတာကို သိထားတော့ ခက်ကုန်တာပေါ့"

"အလှူရက်မှာတော့ ရှိနေမှ ဖြစ်မှာနော် ကိုနောင်"

"စိတ်ချပါ မမထားရာ၊ ဆရာစိုးတို့ရဲ့ ဝေယျာဝစ္စတွေ အား



www.burmeseclassic.com

www.burmeseclassic.com



လုံးကို ကျွန်တော် ဖြည့်ဆည်းပေးမယ်၊ ကိုယ်က မလုပ်နိုင်တော့ သူများအတွက် ပါရမီ ဖြည့်ပေးရင်းနဲ့ပဲ ကုသိုလ်ရအောင် ယူရမှာပဲ"

မမထားနှင့် စကားပြောနေစဉ်မှာ သူမက အနီးအပါးမှာ ရှိနေသည်။ မမထားကို ရှေ့မှာထားပြီး သူမကို အတင်းရောဖို့ကလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်။

သူ အကြံအိုက်နေစဉ်မှာပင် သူမကို မမထားက လှမ်းပြောလိုက်၏။

"အော် မေ့နေလိုက်တာ၊ မနက်ဖြန် မီတာဆောင်မှ ဖြစ်မယ်၊ တော်ကြာ အလှူရက်နဲ့ဆိုရင် ရက်လွန်သွားမယ်၊ သကြံန်ကလည်း ကပ်နေတာ မဟုတ်လား"

"ရတယ် မမထား၊ မနက်ဖြန် ကျွန်မပဲ သွားဆောင်လိုက်မယ်"

"ဆောင်ရမယ့် နေရာကိုရော သိရဲ့လား"

"သိပါတယ်၊ လေးလေး ပြထားပါတယ်"

"မနက်ပိုင်းမသွားနဲ့ နှစ်နာရီ ထိုးခါနီးလောက် မှန်းပြီးသွား၊ အဲဒီအချိန်ဆိုရင် သိပ်မစောင့်ရဘူး၊ လူလည်းရှင်းတယ်"

"ဟုတ်ကဲ့ပါ မမထား"





မမထားနှင့် မီတာဆောင်ဖို့ ကိစ္စပြောဆိုပြီး အခန်းထဲသို့ သူမ ဝင်သွား၏၊ ဒီပုံစံအတိုင်း ဆိုရင်တော့ ဒီနေ့အဖို့ သူမ၏ အမည်နာမကို သိခွင့်ရမည့်ပုံ မပေါ်တော့ပေ။

မီတာဆောင်မည့်ကိစ္စကို မမထား သတိရသွားခြင်းအတွက်ပင် ကျေးဇူးတင်ရပေမည်။

မနက်ဖြန်ကျရင် မီတာရုံးသွားပြီး သူမ အလာကို ထိုင်စောင့်ရုံသာ ရှိတော့သည်ပဲလေ။

◎ ◎ ◎



www.burmeseclassic.com

www.burmeseclassic.com

## ၃။

နေ့လည်တစ်နာရီ ထိုးကတည်းက မီတာရုံးနားက လှောက်ရည်ဆိုင်မှာ သူ ထိုင်စောင့်နေသည်။

မီတာဆောင်ခြင်း အမှုကိစ္စကို သူတစ်ခါမှ မပြုလုပ်ဘူးပေ။ သူရောက်သွားချိန်မှာတော့ မီတာဆောင်ဖို့ လူများ တန်းစီနေကြ၏၊ ငွေသွင်းခြင်းကို နှစ်နာရီအထိသာ လက်ခံဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း သိရသည်။

သူ ကံဆိုးလျှင်တော့ ပထမအချက်က သူမကိုယ်တိုင် လာ

www.burmeseclassic.com

www.burmeseclassic.com



မဆောင်ဖြစ်တာ ဖြစ်နိုင်သည်။ ဒုတိယအချက်ကတော့ မနက်ပိုင်းကတည်းက ဆောင်ပြီးသွားတာ ဖြစ်နိုင်၏။

တစ်နာရီဆယ့်ငါးမိနစ် စွန်းစွန်းမှာတော့ လမ်းလျှောက်လာသော သူမသဏ္ဌာန်ကို လှမ်းတွေ့လိုက်ရ၏။

ကျသင့်ငွေကို ရှင်းပြီး ထိုင်ရာမှ ထလိုက်သည်။

သူမနှင့် မျက်နှာချင်းဆိုင်ပြီး သူ ခြေလှမ်း လှမ်းလိုက်၏။ သူမကတော့ ပတ်ဝန်းကျင်ကို ဂရုမထားပေ။

ဒီနေ့အဖို့ သူမဆီမှာ တစ်ခုတည်းသော ထူးခြားမှုကို တွေ့ရသည်။ ထိုအချင်းအရာကတော့ နက်မှောင်သော ဆံကေသာပေါ်တွင် ပန်းပန်ထားခြင်းပင် ဖြစ်၏. မိန်းကလေးတိုင်း မန်းကြိုက်တတ်သော ခလေ့ကိုတော့ သူမ လိုက်နာပုံရ၏။

သူမ ပန်ထားသော ပန်းမှာ အဝါအဖူးလေးတွေဖြစ်သော သနပ်ခါးပန်းပင် ဖြစ်၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်လု ဖြစ်ခါနီးမှာတော့ သူမ၏ အံ့ဩရိပ်ကို တွေ့လိုက်ရပြန်၏။

"ကိုနောင်ပါလား"

သူမ၏ အာမေဋိတ်စကားကို ပြန်မဖြေဘဲ သူမနှင့်အတူ





ရောကာ တန်းဝင်စီဖြစ်၏။

"မီတာကို ကိုယ်တိုင်လာဆောင်တာလား"

"မဟုတ်ပါဘူး၊ လူတစ်ယောက်ဆီလာရင်းနဲ့ လှမ်းမြင်လိုက်လို့"

"ဪ"

"လူတွေကရှေ့မှာ ရှိသေးတယ်၊ နောက်နာရီဝက်လောက်တော့ အနည်းဆုံး စောင့်ရမှာပဲ၊ ကျွန်တော် အစေါ် လုပ်ပေးမယ်နော်"

"ရပါတယ် ကိုနောင်ရဲ့၊ ကျွန်မတစ်ယောက်တည်း ဖြစ်ပါတယ်"

"ကျွန်တော်လည်း အားနေတာပဲ၊ စကားစမြည်ပြောရင်း အချိန်ဖြုန်းတာပေါ့"

မိန်းကလေးတစ်ယောက်၏ အမည်နာမကို သိရဖို့ သူ အားထုတ်ရသည့် အဖြစ်က ရယ်စရာတော့ ကောင်းနေ၏။ တကယ်ဆို ရင် ဒီကိစ္စက တကယ့်ကို အသေးအမွှားပင် ဖြစ်၏။ သူမနှင့်ကျမှ ပြဿနာအဖြစ် ယူဆဖြစ်သည်။

"ကိုနောင် သွားစရာရှိရင် သွားနော်၊ ကျွန်မကို အားမနာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျွန်တော် သိချင်တာ တစ်ခုရှိတယ်၊ အဲဒါကို အညှဲ့တည့်မေးမှ ဖြစ်မှာမို့လို့"

သူ့စကားကြောင့် သူမမျက်နှာ ပျက်ချင်သွား၏။

သူ့စကားက အနှောင့်အသွား မလွတ်ချင်၍လား မသိ၊ ပြုံးသနာ ထပ်မရှုပ်ထွေးစေရန် စီကာပတ်ကုံး သူ ပြောရတော့သည်။

"ဒီလိုပါ၊ လူချင်း ခင်နေ သိနေကြပြီ၊ ကျွန်တော့်နာမည်ကိုလည်း သိထားပြီးပြီ၊ ကိုနောင်လို့လည်း ခေါ်နေပြီ မဟုတ်လား၊ ဒီကနာမည်ကို အခုထိ မသိရသေးတော့ စကားပြောရင် ဘာနဲ့ ဘယ်လို ပြောရမှန်း မသိအောင် ဖြစ်ဖြစ်နေတယ်၊ ဆရာစိုးတို့ မမထားတို့ကို မေးပြန်ရင်လည်း မကောင်းဘူးလေ"

သူ စကားသံဆုံးသွားတော့မှ သူမ မျက်နှာ ပုံမှန်ဖြစ်သွား၏။

လှပသော အပြုံးကို ဆင်ပြီး သူ့အား ပြောလိုက်သည်။

"ဘာများလဲလို့ ကိုနောင်ရယ်၊ ကျွန်မက ကိုနောင်သိပြီး သားပဲလို့ မှတ်နေတာ"

"ဒီနေ့ဒီအချိန်အထိ ကျွန်တော် တကယ်မသိတာပါ"

"ကျွန်မနာမည်က 'အေးမြတ်မို့'ပါ၊ တချို့က အေးမြတ်မိုး





လို့ မှားခေါ်လေ့ရှိတယ်၊ မို့အစား မိုးကို ကျွန်မ ကြိုက်တယ်၊ ဒါပေမယ့် မိဘတွေက မြတ်မြတ်နိုးနိုး ပေးထားတာဆိုတော့ မပြောင်းဘဲ ဒီအတိုင်း ထားလိုက်မိတာ"

သူမနာမည်တွင်ပါသော 'မို့'နှင့်'မိုး' အကြောင်းကို ရှင်းပြနေစဉ်မှာပင် ငွေသွင်း ကောင်တာနားသို့ သူတို့ ရောက်သွားခဲ့သည်။

ငွေသွင်းခြင်း အမှုကိစ္စ ပြီးဆုံးပါက ရှေ့ဆက်ရမည့် ဇာတ်လမ်း၊ ဇာတ်ကွက်တို့ကို သူ ကြိုတင်ကာ စဉ်းစားရလေသည်။

◎

"ကျွန်တော့်မှာ ကားပါတယ်"

"ကားနဲ့ ပြန်လိုက်ပို့ပေးမလို့လား"

"ဟုတ်ပါတယ်"

"ကျွန်မ အိမ်ပြန်ဖြစ်သေးမှာ မဟုတ်ဘူး၊ ရန်ကုန်ရောက်ကတည်းက ရွှေတိဂုံဘုရားကို မရောက်သေးဘူး၊ ဒီကနေ ကိစ္စပြီးရင် ဘုရားတက်ဖို့ အိမ်ကို ပြောလာခဲ့ပြီးပြီ"

သူ့အဖို့မှာတော့ ဆွမ်းခံရင်း ငှက်သင့်သလို ဖြစ်နေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကျွန်တော့်ကားနဲ့ ဘုရားလိုက်ပို့ပေးမယ်"

"ရပါတယ် ကိုနောင်ရာ၊ ကျွန်မတစ်ယောက်တည်း သွားတတ်ပါတယ်၊ နယ်ကဆိုပြီး စိတ်မချတဲ့ အတွေးနဲ့ လိုက်ပြီး စိုးရိမ်တာလား၊ ကျွန်မ ရန်ကုန်ကို ရောက်ဖူးပါတယ်"

သူ့ကားနားရောက်ခါနီးအထိ သူမက လက်ခံ ကြည်ဖြူခြင်း မရှိသေးပေ။

"ဒီလိုပါ ကိုနောင်၊ ကျွန်မ ဘုရားဝတ်ပြုတဲ့အခါ ကြာတတ်ပါတယ်၊ ဒါကြောင့်မို့ပါ"

"ဘုရားရင်ပြင်တော်ပေါ် အထိ မလိုက်စေချင်ရင် အတူမလိုက်ပါဘူး၊ ကားပေါ်ကပဲ ကျွန်တော် ထိုင်စောင့်ပေးနေပါမယ်"

သူမက သက်ပြင်းရှည် မှုတ်ထုတ်နေပြန်၏။

သူ့ကို အသာငဲ့ကြည့်လိုက်သည်။

"ကဲလေ၊ လိုက်ပို့ပေးမယ်ဆိုလည်း သဘောပဲ၊ တကယ်လို့ ကျွန်မ ဘုရားဝတ်ပြုတာ ကြာနေရင် ကိုနောင်ဘာသာ ပြန်လို့ရတယ်နော်၊ ကျွန်မ ပြန်ဆင်းလာတဲ့အထိ စောင့်မနေနဲ့"

သူမ၏စကားကို လက်ခံသဘောတူကြေ ဆုံလည်း သူ ခေါင်းညိတ်ပြလိုက်သည်။





သူမကတော့ အပြောနှင့်လက်တွေ့ကို အတော်လေး ကိုက်ညီအောင် ပြုခဲ့ပြန်သည်။ ဘုရားရင်ပြင်တော်ပေါ်သို့ အတူတကွ လိုက်ပါခွင့်ကို ငြင်သာစွာပင် ငြင်းဆိုခဲ့သည်။

သူ့စကားနှင့်သူမို့ ကားပေါ်တွင်သာ ထိုင်နေရ၏။

ကားပေါ်မှ ဆင်းပြီး အာရုံပြုရသည်။

အချိန်အတော်ကြာဦးမည်ဆိုတော့ အနီးအပါးတွင် ရှိသော ဆိုင်တစ်ဆိုင်မှာ အအေးသောက်ရင်း အချိန်ဖြုန်းလိုက်သည်။

ဆိုင်မှာ မိနစ်နှစ်ဆယ်စွန်းစွန်းလောက် ထိုင်ပြီးသောအခါ ကားဆီသို့ ပြန်လာခဲ့သည်။

ကားပေါ်မှာ သက်သောင့်သက်သာနေရင်းက တွေးမိပြန်၏။ နောင်လင်းထွန်းဆိုသော သူ့နာမည်ကို ဆရာစိုးတို့ ခေါ်သလို ကိုနောင်ဟု သူမ ခေါ်သည်။ အေးမြတ်မိုဆိုသော သူမ နာမည်ထဲမှ မည်သည်ကို အထူးပြု ခေါ်ရမည်မသိ၊ မိုနှင့်မိုးကို သူမက အစဖေါ် ပေးခဲ့သည်။

စိတ်ကူးထဲတွင် လှစ်ခနဲ ပေါ်လာ၏။ လှပခြင်းတွေ ရှိနေပါလျက် အေးဆေးတည်ငြိမ်စွာ နေထိုင်ချင်သော ခေလေ့နှင့် ကိုက်ညီသည့် အမည်ကို သူရွေးချယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ ထိုင်စောင့်ရင်း ဟိုတွေးဒီတွေး လုပ်ရင်းကပင် သူ ခဏ အိပ်ပျော်သွား၏။

သူ လန့်နိုးတော့ ကားတံခါးကို သူမ ဆွဲဖွင့်လာသည်။

"စောင့်ရတာ ပျင်းလွန်းလို့ အိပ်ပျော်သွားတယ် ထင်တယ် ဟုတ်လား ကိုနောင်"

အခေါ်အပြောက အရင်ထက်စာရင် ရင်းနှီးလာသည်ဟု စိတ်မှာ ထင်၏။

နာရီကို ကြည့်ရင်း သူ ပြန်ဖြေလိုက်သည်။

"အိပ်တော့ ပျော်သွားတာ အမှန်ပဲ"

"ကျွန်မသွားတာ တစ်နာရီလောက် ကြာသွားတယ်ဆိုတော့ ကိုနောင် ရှိနေမယ်လို့တောင် မထင်မိဘူး"

"ပထမတော့ ပြန်ဦးမလို့ပါပဲ၊ ပြောစရာစကား ရှိသေးလို့ ဆက်အနှောင့်အယှက်ပေးရာကျမလား စဉ်းစားရင်းနဲ့ပဲ အိပ်ပျော်သွားတာ"

သူ့စကားကို သဘောကျပြီး ယဲ့ယဲ့ပြုံးသည်။

"ဘာများပြောမှာလဲ ကိုနောင်"

"ကျွန်တော် အေးမြတ်မိုကို 'အေး'လို့ ခေါ်ချင်တယ် ခွင့်ပြု





မလား"

သူ့ကိုကြည့်သော အကြည့်ကို သရုပ်ခွဲသော်လည်း မရေမရာ။ သူ့စကား အနက်ကို သဘောကျခြင်းလား မကျခြင်းလားဟု မကွဲပြား။

"ခေါ်ပေါ့လေ၊ ကိုနောင့်မှာ ခေါ်ခွင့်ရှိနေတာပဲ"

သူ့ကို ခေါ်ခွင့်ပြုပြီးသည့် နောက်ပိုင်း အချိန်များမှာတော့ သူမ လုံးဝ ငြိမ်သက်သွား၏။ သူမနှင့်အတူ တွဲပြီး ဆရာစိုးတို့ အိမ်ကို မဝင်ချင်ပေ။

သူ့သဘောထားကို သူမ နားလည်အောင် ပြောပြလိုက်၏။

"ကျွန်တော် အိမ်အထိ လိုက်မပို့တော့ဘူး အေး၊ ဘာဖြစ်လို့လဲဆိုတော့ အေးက ဒီအိမ်ကို လာလည်တဲ့ ဧည့်သည် မဟုတ်လား၊ ကျွန်တော်ကြောင့် စကားအပိုတွေ အေး ရှင်းပြနေရလိမ့်မယ်၊ ကျွန်တော် ဘုရားလိုက်ပို့တာကိုလည်း အေး ပြန်ပြောသင့်မှ ပြောပါ၊ ကျွန်တော် အေးကိုတော့ ခင်ပါရစေနော်"

နိုယ်ကျွံချင်သော စကားဦး သိမ်းလိုက်သည်။

ကားပေါ်မှ ဆင်းခါနီးမှာ သူ့ကို ပြောလိုက်သည်။

"တစ်ဦးနဲ့တစ်ဦး ခင်တယ်၊ မင်တယ်ဆိုတာ မဂ်လာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပါပဲ ကိုနောင်၊ ဒါပေမယ့် အေးကို ခင်မင်မိတဲ့အတွက် ကိုနောင့်အဖို့မှာ သိပ် ထွေထွေထူးထူး မျှော်လင့်စရာ ရှိမှာတော့ မဟုတ်ဘူး ကိုနောင်"

သူ့ ဆက်ဆံမှုကို သူမ ရိပ်စားမိဟန်တူ၏။ စကားဦး သမ်းရှုံ့မှုဖြင့် စည်းတားပြလိုက်သည်။

သူ့အဖို့မှာတော့ ဘာတစ်ခွန်းမျှ ပြန်မပြောဖြစ်ပေ။

သူမနှင့် ဆက်ဆံထိတွေ့ရသည်မှာ တစ်ခုခု ထူးခြားမှု ဖြစ်နေတာတော့ အရမ်းကို သေချာ၏။



၁၀။

စိတ်ကူးသစ်၏ အခါရက်အတွင်း ရဟန်းခံ ရှင်ပြုသည် ဆင်ထားသည်ထက် ပိုစည်ကားမည့်သဘော ရှိနေ၏။ ရဟန်းခံမည့်သူက ဆယ့်ငါးပါး၊ မောင်ရင်လောင်းက ဆယ့်ငါးပါး စုစုပေါင်း အပါး သုံးဆယ် ဖြစ်၏။

"ဒက်ဒီက တစ်သိန်းအလှူငွေ ထည့်တယ် ဆရာစိုး၊ ကျွန်တော်တို့ အခန်းမှာပဲ အလှူလုပ်လိုက်ပေါ့၊ စိတ်ကူးသစ် ဆိုင်းဘုတ်ပါ တစ်ခါတည်း တင်လိုက် ဆရာစိုး"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး စာရင်းအရတော့ အပါးသုံးဆယ် ဖြစ်သွားပြီ၊ ကိုယ်ထင်ထားတာထက်တောင် အလှူက ပိုစည်မယ်၊ ကိုနောင်အား မယ်ဆိုရင်ကိုနောင်ကားနဲ့ ပစ္စည်းဝယ်ချင်တယ်"

"အားရမှာပေါ့ ဆရာစိုးရယ်"

"ဒါဆိုရင် ဒီလိုလုပ် ကိုနောင်၊ ဒီမနက်မှာပဲ ကိုနောင်ရယ် ထားရယ်၊ အေးမြတ်မိုရယ် ပစ္စည်း ထွက်ဝယ်၊ မဏ္ဍပ်တို့ ဘာတို့ အခမ်းအနား ပြင်ဆင်ဖို့ ကိုယ် တာဝန်ယူထားလိုက်မယ်"

ဆရာစိုး၏ အစီအစဉ်ကို သူသဘောမတူဘဲ မနေနိုင်၊ ဘာကြောင့်လဲဆိုတော့ အေးနှင့်အတူ သွားခွင့်ရသောကြောင့် ဖြစ်သည်။

"ကဲ . . . လားတို့ ပြင်ပြင်ဆင်ကြ၊ ကိုနောင် အကြာကြီး စောင့်နေရဦးမယ်"

ဆရာစိုးက ဆော်ဩပေးခဲ့ပြီး အပြင်ထွက်သွား၏။

ဧည့်ခန်းမှာ ထိုင်ရင်း မမထားတို့ အဝတ်အစား လဲသည်ကို ထိုင်စောင့်နေရသည်။

ဆယ့်ငါးမိနစ်လောက် ကြာသောအခါ ပွဲနေပွဲထိုင် အဝတ်အစားဖြင့် မမထား ထွက်လာ၏။





မမထား၏ အပြင်အဆင်က သူ့ကို အနည်းငယ်မျှသာ အံ့ဩစေသော်လည်း နောက်မှထွက်လာသော အေး၏ အပြင်အဆင်ကြောင့် သူ အလွန်အမင်း အံ့ဩသွားရ၏။

"ကြည့်စမ်းပါဦး မမထားရယ်၊ အေးက ဒီလို ဝတ်စားထားတော့ ကျွန်တော် အပြင်မှာဆို လူမှားမှာ သေချာတယ်"

သူ့အခေါ် အပြောကြောင့် အေး မျက်နှာပျက်သွား၏။ မထားလည်း အေးဟု ခေါ်လိုက်ခြင်းကို သတိထားမိပုံရ၏။ အံ့ဩ စိတ်ဖြင့် နှုတ်မစောင့်တော့ဘဲ ခေါ်လိုက်မိခြင်းဖြစ်သည်။

"ဒါတောင် ဗိုလ်ချုပ်ဈေးတို့ ဘာတို့ ရောက်မှာမို့လို့ မနည်း တ်ခိုင်းရတာ"

မမထားက သူတို့ရှေ့ ကြင်ဆင်း၏။ သူနားသို့ အေးတိုး ပ်လာပြီး လေသံဖြင့် အပြစ်စကားဆို၏။

"ဘာလို့ မမထားရှေ့မှာ အေးလို့ ခေါ်လိုက်တာလဲ ကိုနောင်"

"အေးရဲ့ လှပခြင်းကို ဂုဏ်ပြုချင်ဇောနဲ့ ဖြစ်သွားရတာ၊ ခုမှတော့ မထူးတော့ပါဘူး အေးရယ်၊ ဘာနေရာမှာပဲဖြစ်ဖြစ် အေးကို 'အေး'လို့ပဲ ကိုနောင် ခေါ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားနားရောက်ခါနီးသောအခါ စကားပြတ်သွားရသည်။ အလှူအတွက် သုံးချင်ရာသုံးနိုင်ရန်အတွက် စီးနေကျ ကားကိုမယူခဲ့ဘဲ ပင်ကားဖြူလေးကို သူ ယူလာခဲ့မိသည်။

"ကိုနောင်နဲ့ အေးမြတ်မိုတို့ အရှေ့မှာ ထိုင်ကြ၊ မမထား တော့ နောက်ခန်းမှာပဲ ထိုင်မယ်"

မမထား၏ အစီအစဉ်ကို အေးက မငြင်း။ မမထားကိုတော့ အတော်လေး ကျေးဇူးတင်မိသည်။

"ကိုနောင်ရေ အေးမြတ်မိုက ရန်ကုန်စရောက်ကတည်းက အိမ်တွင်းပုန်းပဲ လုပ်ချင်နေတာ၊ မမထားက တမင်ကို မပါ ပါအောင် မနည်းခေါ်လာရတာ"

"ဟုတ်သားပဲ အေး၊ အိမ်မှာနေတာလည်း နေတာပေါ့ အပြင်လေး ဘာလေး ထွက်ရမှာပေါ့၊ နောက်ဆိုရင် လူက အရမ်းကို ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သွားမှာ"

"သူ့ လေးလေးကတော့ သူ့တူမ ဆန္ဒကို လိုက်လျောလွန်း ပါတယ်၊ ဘာဆို ဘာမှ မပြောဘူး"

"အေး သွားချင်တာ လာချင်တာရှိရင် ကိုနောင် လိုက်ပို့ပေး မယ်"





"ကျွန်မ ဘယ်မှ မသွားချင်ပါဘူး"

"အဲဒါသာ ကြည့်တော့ ကိုနောင်ရာ၊ သူ့ လေးလေးမရှိတဲ့ အချိန်မှာ မမထားနဲ့ ကိုနောင် ဝေါင်းပြီး အေးမြတ်မိုကို ပြုပြင်ရေး လုပ်ပေးရမယ်"

"ကောင်းတာပေါ့ မထား"

မမထားစကားကို ထောက်ခံသည့်အနေဖြင့် သူ သံယောင် လိုက်သည်။

အေးကတော့ မမထား အလစ်မှာ သူ့ကို မျက်စောင်းထိုး လေ၏။ လှပလွန်းသော မျက်စောင်းလေးကို သူ အမှတ်တရ သိမ်း ထားလိုက်ချင်သည်လေ။

◎

နေ့လည် နှစ်နာရီထိုးသောအခါ ဝယ်သောပစ္စည်းတွေက အတော်လေး စုံစုံလင်လင် ဖြစ်သွား၏။ စားရင်းသောက်ရင်းကပင် မမထားကို သူပြောလိုက်မိသည်။

"သက်န်းဝတ်မယ့်သူတွေတော့ တကယ် ထော်ဒေပဲ မမ

www.burmeseclassic.com

www.burmeseclassic.com



အစား အဝတ်အစား အသုံးအဆောင်တွေက ပြည့်ပြည့်စုံစုံပဲ၊ မမထား ဒီလို အစီအစဉ်ကောင်းမယ် မထင်လို့ပါ၊ နို့မို့ဆိုရင် ကျွန်တော်ပါ တတ်ပါတယ်"

သူ့စကားကို မမထားကတော့ ဘာမှ မပြောပေ။ အေးတစ်ယောက်သာ ကောက်ခါငင်ကာဖြင့် ပြော၏။

"အခုလည်း အချိန်မီသေးတာပဲ၊ ကိုနောင်ဝတ်ပါလား၊ ကိုနောင့်အတွက် ကုန်ကျတာကို ကျွန်မ ဒကာခံပေးမယ်"

"ဖိတ်စာတွေက ဝေတောင်ဝေပြီးနေပြီ"

"ဖိတ်စာထဲ နာမည်မပါလည်း ဘာအကြောင်းလဲ ကိုနောင်ရယ်"

အခါအခွင့်ကြုံသည်နှင့် သူ့ကို အေး တည်ဖြုတ်လေ၏။ အေးက အတည်ပေါက်ကြီး ပြောလာတော့ သူ အဖြေကျပ်ရသည်။ သူတို့နှစ်ယောက် စကားပြောနေခြင်းကို ကြည့်ပြီး မမထားဝင်ပြော လိုက်၏။

"မေ့နေလိုက်တာ အလှူနေ့မှာ အေးမြတ်မို ဝတ်ဖို့ ဘာမှ မဝယ်ရသေးဘူး၊ ဒီတော့ ဒီလိုလုပ် ကိုနောင်၊ ကိုနောင်က အေးမြတ်မိုနောက်ကို အဖော်လိုက်ပေး၊ မမထားကတော့ ဒီကပဲ ထိုင်စောင့်



နေမယ်"

"ကောင်းတာပေါ့ မမထား၊ အေးအတွက် အကောင်းဆုံး ဖြစ်အောင် ကျွန်တော် လိုက်ဝယ်ပေးပါ့မယ်"

"အပိုကုန်ပါတယ် မမထားရယ်၊ ကျွန်မမှာ ဝတ်စရာတွေ ရှိနေသေးတာပဲ"

"အဲဒါသာ ကြည့်တော့ ကိုနောင်ရေ၊ အေးမြတ်မိုကို ကိုနောင်ပဲ ရအောင် ခေါ်ပေတော့"

အေး အလစ်မှာ မမထားက သူ့ကို မျက်စိမှိတ်ပြလိုက်သေး ၏။ မမထားကတော့ အေးနှင့် သူ့ကို ရင်းရင်းနှီးနှီး ဖြစ်စေချင်သည့် သဘော ရှိနေ၏။ တွန့်ဆုတ်ချင်နေသော အေးကို သူ အရခေါ် တော့၏။

"လာပါ အေးရာ၊ အေးကြိုက်တဲ့ ပစ္စည်းကို အေးဘာသာ ယူပါ၊ ကျွန်တော်က အဖော်လိုက်ပေး ရုံတင်ပါ"

လက်ကို ဆွဲမခေါ်ရုံတမယ်ပဲ ကျန်တော့၏။ နေရာမှ မထ ချင် ထချင်ဖြင့် ထပြီး သူ့နောက်ကို လိုက်သည်။ သူနှင့်အတူ အေး လိုက်လာသောကြောင့် မမထားကတော့ အကျေနပ်ကြီး ကျေနပ်နေ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအနေနဲ့ကတော့ မတတ်သာလို့ လိုက်ခဲ့ရတာ၊ ဘာဆို ဘာမှ ဝယ်ချင်စိတ် မရှိတာတော့ အမှန်ပဲ ကိုနောင်"

"ဒါဆိုလည်း ကိစ္စမရှိဘူး အေး ကိုနောင် စိတ်ကြိုက် အေးကို ရှာဝယ်ပေးမယ်"

ဆိုင်နှစ်ဆိုင် သုံးဆိုင်လောက်တော့ သူ ဝင်ကြည့်သည်။ သူ့စိတ်ကြိုက် အရောင်နှင့်ပစ္စည်းကို ရှာမတွေ့။

နောက်ဆုံး တစ်ဆိုင်မှာတော့ အေးနှင့် လိုက်ဖက်မည့် ဝတ်စုံကို သူရွေးချယ်ပြီး ဝယ်လိုက်သည်။

"ဘာလုပ်တာလဲ ကိုနောင်၊ ကိုနောင့်ပိုက်ဆံကို ပြန်ယူလိုက်ပါ"

သူ ပိုက်ဆံထုတ်ရှင်းသောကြောင့် အေးက လက်ကာပြီး တား၏။ အေး တားမြစ်သည်ကို ဂရုမထားပဲ ပိုက်ဆံရှင်းလိုက်သည်။

ဆိုင်မှထွက်ပြီး အပြင်ရောက်သည်နှင့် အပြစ်တင်စကား ဆိုတော့၏။

"သူများတွေရှေ့မှာ အတင်းအကျပ် မလုပ်ချင်လို့ ကျွန်မ အလျှော့ပေးခဲ့တာ ကိုနောင်၊ ပိုက်ဆံကို ပြန်ယူပါ"

"အေးစကားတွေက သူစိမ်းဆန်လွန်းနေတယ်"





"သူများ ဝယ်ပေးတဲ့ ပစ္စည်းကို ကျွန်မ လက်မခံချင်လို့ပါ ကိုနောင်"

အေးအတွက် အဝတ်အစားထုပ်က သူ့လက်ထဲမှာပင် ရှိနေသေး၏။ အေး ပေးသော ပိုက်ဆံကို သူ လက်မခံသောကြောင့် အေးက ထပ်ပြော၏။

"ဒါဆိုရင်လည်း ပြီးရောပေါ့ ကိုနောင်၊ အဲဒီပစ္စည်းကို ကျွန်မ မယူဘူး၊ ကိုနောင်ပေးချင်တဲ့ သူကိုသာ ပေးလိုက်တော့"

သူ့အဖို့ အတော်လေးကို စိတ်အနှောင့်အယှက် ဖြစ်ရ၏။ လိုလိုလားလားနှင့် သူကိုယ်တိုင် ဝယ်ပေးသည့် ပစ္စည်းကို အားမနာတမ်း အေး ငြင်းဆိုနေသည်။

"ကိုနောင်က အေး ဝတ်စေချင်လို့ ဝယ်ခဲ့တာပါ၊ တခြား ဘယ်သူ့အတွက်မှ ရည်းစူးပြီး ဝယ်ခဲ့တာမှ မဟုတ်ဘဲ၊ ဒီပစ္စည်းက အေးပစ္စည်း၊ အေးကိုပဲ ကိုနောင် ပေးမယ်"

"တခြားလူဆိုက ဘာပစ္စည်းကိုမှ ကျွန်မ အလကားမယူချင်ဘူး ကိုနောင်"

အေးအတွက် ဝယ်လာသော ပစ္စည်းကို လွှင့်ပစ်ရုံသာရှိတော့၏။ လျှောက်သွားရင်းကပင် သူ့ ခေါင်းထဲသို့ ဖျတ်ခနဲ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာ၏။

"ဒီလို လုပ်ပါလား အေး၊ ဒီပစ္စည်းကို အေး ယူပါ၊ ကိုနောင် လက်ဆောင်ပေးတယ်ပဲ သဘောထားပေါ့၊ အလှူနေ့မှာ ဝတ်ဖို့ ကိုနောင်မှာ ဘာမှ မရှိသေးဘူး၊ ကိုနောင်ဝတ်ဖို့ အေး ကြိုက်တာ တစ်စုံ ပြန်ဝယ်ပေးပေါ့"

သူ့ စကားကြောင့်ပင် အေး စိုက်ကြည့်သည်။

"ကိုနောင်က ခေါင်းမာပြီး အတော်ဖြတ်ထိုးဉာဏ် ကောင်းတာပဲ"

"ကိုနောင်ပြောတာကို လက်ခံပါ အေးရယ်"

"ကျွန်မပြန်ဝယ်ပေးတာကို ကိုနောင်ကြိုက်ချင်မှ ကြိုက်မှာ"

"အေး ပြန်ဝယ်ပေးမယ့် အဝတ်အစားကို ကိုနောင် မြတ်မြတ်နိုးနိုးနဲ့ လက်ခံမှာပါ"

"ကိုနောင်က ဘောင်းဘီပဲ အမြဲ ဝတ်တာ၊ အေးက အလှူနေ့မှာ ဝတ်ဖို့ ပုဆိုးနဲ့အင်္ကျီ ဝယ်ပေးချင်တာ"

"စိတ်ချ အေး၊ အေး ဝယ်ပေးတဲ့ ဟာကိုပဲ ကိုနောင် ဝတ်မှာပါ၊ အလှူနေ့မှာ ဘောင်းဘီနဲ့ဆို ဘယ်ကောင်းပါ့မလဲ၊ အတော်ပဲ အေး၊ အေးဝယ်ပေးမယ့် ပုဆိုးကိုပဲ ကိုနောင်ဝတ်မယ်"





အေး ပြောလည်း ပြောချင်စရာပင်။ သူ့အဖို့မှာ ဘယ်တော့မှ ပုဆိုးဝတ်ဆင်လေ့ မရှိပေ။ ပုဆိုးထက် ဘောင်းဘီဝတ်ရတာကို ပိုလွတ်လပ်သည်ဟု တွေးပြီး ဘောင်းဘီကိုသာ အမြဲဝတ်ခဲ့သည်ပဲ။

ပြောပြောဆိုဆိုနှင့် ဆိုင်ထဲသို့ အေး အရင် ဝင်သွား၏။ အေး ပြုသမျှကို သူ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။

အေး စိတ်ကြိုက် ဂန့်ဂေါ်ပုဆိုးတစ်ထည်နှင့် ရှပ်အင်္ကျီအဖြူကို ရွေးဝယ်သည်။ ကျသင့်ငွေကို အေး ရှင်းတော့ သူ အသာ ကြည့်နေလိုက်သည်။

"ကျွန်မ ရွေးတဲ့ အဆင်ကို ကြိုက်ရဲ့လား ကိုနောင်"

"ကြိုက်တယ် အေး၊ အလှူနေ့မှာ ဒီဝတ်စုံကိုပဲ ကိုနောင် ဝတ်မယ်"

သူဝယ်ပေးသော နိုင်ငံခြားဖြစ် ရယ်ဒီမိတ်အင်္ကျီနှင့် ထမီကို အေးတစ်ယောက် အသာတကြည်ဖြင့် လက်ခံယူ၏။

အေး ကမ်းပေးသော ပုဆိုးနှင့် အင်္ကျီကိုလည်း သူ ယူလိုက်ရသည်။ သူ့ရင်ထဲမှာတော့ အေးနှင့်သူသည် အရင်ထက်အဆပေါင်းများစွာ ရင်းနှီးသွားသည်ဟု ထင်လိုက်မိသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

၁၁။

အလှူနေ့ စီတန်းလှည့်လည်ပွဲမှာတော့ အေးတစ်ယောက်တ လူတွေကြားထဲမှ အထင်ပေါ်ဆုံး ဖြစ်ခဲ့၏။

အေးအလှကို တီးတိုးပြောဆိုနေသံများကြားရလေ သူ့အဖို့ ပို၍ ဝမ်းမြောက်ပီတိဖြစ်လေ ဖြစ်ရသည်။

စိတ်ကူးသစ်၏ စုပေါင်းရှင်ပြုရဟန်းခံပွဲ လှည့်လည်အပြီးမှာတော့ ဘုန်းကြီးကျောင်း၏ သစ်ပင်ရိပ်မှာ ဆံချပွဲ လုပ်ကြသည်။

ဆရာစိုး၏ ဆံချခြင်းကို အေးနှင့်သူက မျက်နှာသုတ်ပုဝါထူကိုင်ပေးရ၏။ မမထားကတော့ သားတော်မောင်နှစ်ယောက် ဆံချဘာကို ဂရုစိုက်ကြည့်နေ၍ ဆရာစိုးနား ကပ်ခွင့် မရခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာစိုးတို့ အုပ်စုကတော့ ဆံချပြီး၍ သင်္ကန်းချည်ရန် သွားကြလေပြီ။

သူ့နားသို့ အေး ရောက်လာပြီး စကားပြော၏။

"ကိုနောင်က ကျွန်မ မျက်စိထဲမှာတော့ ပုဆိုးနဲ့ ပိုလိုက်နေသလိုပဲ"

"နောက်ဆိုရင် ကိုနောင် ပုဆိုးတွေပဲ ဝတ်တော့မယ်၊ အေး စိတ်တိုင်းကျဖို့ အဓိက မဟုတ်လား"

"အဲဒီလို သဘောမျိုး ပြောတာမဟုတ်ပါဘူး ကိုနောင် အေး အမြင်ကို ပြောတာပါ၊ ပုဆိုးဝတ်တာ၊ ဘောင်းဘီဝတ်တာက ကိုနောင့် စိတ်ကြိုက်ပဲ ဥစ္စာ၊ ကိုနောင် စကားအထအန ကောက်တတ်ရင်တော့ ကိုနောင်နဲ့ စကားမပြောတော့ဘူး"

"အဲဒီလိုတော့ မလုပ်ပါနဲ့ အေးရာ၊ ကိုနောင်က တမင်စ တာပါ၊ ဒီည ကိုနောင် အိမ်ပြန်မှာ မဟုတ်ဘူး၊ အေးတို့နဲ့ အတူတူ ဘုန်းကြီးကျောင်းမှာပဲ အိပ်မှာ"

"ဘာလို့ အိပ်ရေးပျက်ခံ ချင်ရတာလဲ၊ ဒီမှာကောင်းကောင်း အိပ်လို့ ရမယ် မထင်ဘူး၊ မနက်ကျမှ စောစောထလာရင် ရသားပဲ၊ ဒီမှာ ကူလုပ်မယ့် သူတွေ အများကြီးပဲ"





"ရတယ် အေး၊ ကိုနောင် ဘာလို့ ဒီမှာ အိပ်ရတယ် ထင်လဲ"

အေးမျက်နှာကို ကြည့်ရင်း သွေးတိုးစမ်းလိုက်သည်။

"ဘယ်သိပါ့မလဲ"

"အေးကို စိတ်မချလို့၊ အေးနားမှာ ကိုနောင် နေချင်လို့ တမင်အိပ်ဖို့ ဆုံးဖြတ်လိုက်တာ"

"အစွန်းမလွတ်တဲ့ စကားတွေနဲ့ ကျွန်မကို ဆက်ပြီး နှိပ်စက်နေမယ်ဆိုရင် ကိုနောင် ခပ်ဝေးဝေး နေတာ အကောင်းဆုံး ဖြစ်မယ်"

ပြတ်သားသော နှုတ်ခမ်းကို စေ့စေ့တင်းရင်းက အေး ပြောသည်။

သူတွေ့ဖူး ကြုံဖူးသမျှထဲမှာတော့ အေးက အတော်လေး စိတ်ဝင်စားစရာ ဖြစ်နေ၏။

တခြားမိန်းကလေးတစ်ယောက်သာ အေးနေရာမှာဆိုပါက ရှက်ကိုးရှက်ကန်းဖြင့် သူ့ကို တစ်ခုခု တုံ့ပြန်စကားပြောမှာ သေချာ၏။

အခုတော့ အေးက ထိုသို့မဟုတ်ဘဲ ရှေ့တစ်ဆင့် မတက်လာစေရန် စကားဖြတ်ထားနေ၏။

"အေး စိတ်အနှောင့်အယှက် ဖြစ်မယ်ဆိုရင် ကိုနောင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ပေးပါ့မယ်၊ အေးနဲ့တော့ ဝေးဝေး မနေရဲတာ အမှန်ပဲ"

"ပြောလေဆိုးလေပါလား ကိုနောင်ရယ်"

စိတ်ပျက်ဖွယ်ရာစကားကို တီးတိုးညင်သာစွာ ဆိုရင်း သူ့အပါးမှ အေးထွက်သွားသည်။

အေး၏ နောက်ကျောဘက်အလှကို သူ ငေးမောကြည့်ရင်းက ပြုံးဖြစ်သေး၏။

အေးတစ်ယောက်ကတော့ သူ့ရင်အစုံကို မသိသာလှသော အကြောင်းတရားများဖြင့် တဖြည်းဖြည်းချင်း သိမ်းပိုက်ယူနေပြီ။

အေးနှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာရသော သူ့ရင်ခုန်သံကို သူ နားလည်အောင် ကြိုးစားနေရပေဦးမည်။

အေးနှင့် ထိတွေ့ဆက်ဆံရသော အဖြစ်များက ဟိုအရင် အဖြစ်အပျက်များထက် သူ့သွေးသားတို့ကို အေးဆေး ငြင်သာနေစေပြန်၏။

◎

မမထားတစ်ယောက်၏ ကိုယ်နှုတ်အမူအရာတွေကို ကြည့်ရင်းဖြင့် သူနှင့် အေးကို နီးစပ်စေချင်ကြောင်း သိသာစေပြန်သည်၊





ဆရာစိုး သက်န်းဝတ်ဖြစ်တော့ အိမ်မှာ မမထားနှင့် အေးသာ ကျန်ရစ်၏။ မမထား၏ သားတော်မောင်နှစ်ယောက်မှာလည်း ဆရာစိုးနှင့်အတူ ကိုရင်ဝတ်သည်။

ဆရာစိုး မရှိခိုက်မှာတော့ အေးအနားမှာ သူ တစ်နေကုန်အမြဲ နေဖြစ်ခဲ့သည်။ သူနှင့်အေးကို မမထားက တမင်လွှတ်ပေးထား၏။

အေး၏ အပြင်အဆင် အနေအထိုင်တို့က သိသိသာသာ ပြောင်းလဲလာသည်။ ဒါကိုတောင် မမထားက အားမရနိုင်ရှာ။

"အေးမြတ်မိုကို ကြည့်ပြောပါဦး ကိုနောင်ရယ်၊ ရုပ်မရှိလို့ မပြင်မဆင်ဘဲ နေရင် ထားတော့၊ အခုတော့ ကိုယ်တိုင်က ရုပ်ရှိပြီးသား မပြင်မဆင်ဘဲ ဒီအတိုင်း အနေကြာရင် ထုံထိုင်းသွားမှာ စိုးရတယ်၊ အေးမြတ်မိုက အိမ်တွင်းလည်း အရမ်းပုန်းချင်တာ"

"မမထားရယ်၊ ဒါကတော့ ကျွန်မစိတ်ထဲ ရှိတဲ့အတိုင်း နေတာပဲဥစ္စာ"

"ဒီတိုင်းလေးလည်း လှပါတယ် မမထားရဲ့၊ မဟုတ်ဘူးလား အေး"

နှစ်ဘက် အဆင်ချောအောင် ကြားထဲကနေပြီး ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဒါဆိုလည်း ပြီးတာပါပဲ၊ မင်းတို့ချင်း အဆင်ပြေဖို့ပဲ အရေးကြီးတယ်၊ မမထားတော့ ထမင်းဟင်းချက်ဖို့ ပြင်ဦးမယ်"

"ကျွန်မပါ ကူချက်မှာပေါ့ မမထား"

မမထား ထဖို့ပြင်ဆဲမှာပင် အေးကလည်း နေရာမှ ထရပ်၏။

ချက်ချင်းဆိုသလို မမထားစကားကြောင့် နေရာမှာ အေး ပြန်ထိုင်ရ၏။

"လိုက်ကူလို့ ဘယ်ဖြစ်မလဲ အေးမြတ်မို၊ ကိုနောင် တစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ မမထားပဲ အားလုံး လုပ်လိုက်မယ်၊ မင်းတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောကြပေါ့"

မမထား အမူအယာတွေက သိသာလွန်းတော့ အေး မျက်နှာလေး ရဲနေသည်ကို သတိထားဖြစ်သည်။

"ရန်ကုန်မှာ နေရတာ ပျော်ရဲ့လား အေး"

"ဒီလိုပါပဲ၊ ကျွန်မအဖို့မှာတော့ ဘယ်နေရာ ဘယ်ဒေသမှာ ဖြစ်ဖြစ် ပျော်လွန်းတယ် မရှိလှပါဘူး၊ သာမန်ပါပဲ"

"အေး နေရလိုင်ရတာ မပျော်ဘူး ထင်ပါတယ်၊ အေး ဘယ်





နေရာတွေ သွားချင်လဲ ကိုနောင့်ကို ပြော"

"အေးတစ်ယောက်တည်းပဲ နေချင်တယ်၊ အခုအချိန်မှာ ကျွန်မ အဖြစ်ချင်ဆုံးဆန္ဒပဲ ကိုနောင်"

သူ အနားမှာ ရှိနေသည်ကို ရည်ရွယ်ပြီး အေး ပြောလိုဟန် တူသည်။ သူ့ခြေလှမ်းတွေကို အေး သိနေသည်ပဲ။

"ကိုနောင် အနားမှာ ရှိနေတာကို မကြိုက်လို့လား အေး"

"အဲဒီသဘောပြောတာ မဟုတ်ပါဘူး၊ ကိုနောင်ရှိနေရင် ဖြစ်ဖြစ် မရှိရင်ဖြစ်ဖြစ် ဘာမှ သိပ်မထူးတဲ့ သဘောပါပဲ ကိုနောင်"

အေး၏ အပြောအဆို အမူအယာတို့အား ပုံစံ ပြောင်းအောင် သူ လုပ်ပေးချင်သည်။ အေးတစ်ယောက် အမြဲတမ်း ပြုံးပြီး စိတ်ကျေနပ်နေသည်ကို သူ မြင်ချင်၏။

"ဒီတိုင်းချည်းတော့ မနေပါနဲ့ အေး၊ လူ့ဘဝကို ပျော်ပျော် ဖြတ်သန်းမှ ကောင်းတာ၊ အေးအရွယ်က ပတ်ဝန်းကျင်နဲ့ ကင်းကင်း ကွာကွာ နေရမယ့် အရွယ်မှ မဟုတ်ဘဲ၊ အမြဲတမ်း တက်ကြွရွှင်လန်း နေရမယ်လေ၊ ဒါမှ ကိုယ်ရောစိတ်ပါ သဟဇာတ ဖြစ်ပြီး ကျန်းမာမှာပေါ့ အေး"

သူ့စကားကပဲ ရယ်စရာ ကောင်းနေသည်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



အေး ရယ်သောအခါ သူ ပြောရကျိုးနပ်သည်။

"အဲဒီလိုနေစမ်းပါ အေးရာ၊ အေး အမြဲ ပြုံးနေတာကို ကိုနောင် မြင်ချင်တွေ့ချင်တယ်"

"မမျှော်လင့်တတ်တဲ့ သူတစ်ယောက်ဘဲ့မှ ရွေးပြီး ဘာကြောင့် ခင်ချင်ရတာလဲ"

"အဲဒါကို ကိုနောင်မသိဘူး၊ အေးကို ခင်ချင်တာက ကိုနောင့် စိတ်ထဲမှာ အလိုလို ပေါ်လာတာ၊ အေးနဲ့ခင်ဖို့ ကိုနောင် တမင်လုပ်ယူခဲ့တာ မဟုတ်ဘူး"

"ကျွန်မနဲ့ ခင်ရင် ကိုနောင် ဘဝင်မကျစရာတွေချည်းဘဲ ဆက်တိုက် တွေ့နေရမယ်၊ တန်ဖိုးရှိတဲ့ ကိုနောင့်အချိန်တွေကိုလည်း အလကား ဖြုန်းတီးပစ်ရာ ရောက်နေမှာ"

"မသိဘူး အေးရာ၊ အေးတစ်ယောက်တည်း အထီးကျန်ဖြစ်နေတာထက်စာရင် ကိုနောင် နေပေးတော့ အဖော်ရတာပေါ့"

"ခက်ပြီ ကိုနောင် အေးကို အဖော်လုပ်ခြင်းဟာ ကိုနောင့်အတွက် သီချင်းတစ်ပုဒ် နားထောင်ရတာလောက် စိတ်ကျေနပ်မှုပေးစွမ်းနိုင်မှာ မဟုတ်ဘူး"

အေးအပေါ် သူ နားလည်ရခက်သည်။





သူ့တွယ်တာမှုကို အေး တွန့်ဆုတ်နေတာ အကြောင်းရှိရမည်။ နောက်ကြောင်းမရှင်းခဲ့သော သူ့အတိတ်များကို အေး ကြောင့်ကြနေတာ ဖြစ်မည်။

သူ့ အပေါ်င်းများသည် တကယ်တော့ မက်မောလောက်စရာ မရှိ။ အေးနှင့် ပတ်သက်သမျှသော အဖြစ်အပျက်တွေနှင့် ဘာဆိုဘာမှ မဆိုင်။

သူတို့ နှစ်ယောက် စကားကောင်းနေဆဲမှာပင် မမထား အနားသို့ ပြန်ရောက်လာ၏။

"မမထား တစ်ယောက်တည်းဆို ပင်ပန်းမယ်၊ ကိုနောင် ခဏလေး နေရစ်ဦး၊ မမထားကို ကူလိုက်ဦးမယ်"

"နေပါစေကွယ်၊ အခုထွက်လာတာက ထမင်းချက်ရင်း မမထားမှာ စိတ်ကူးပေါ်လာလို့ လာပြောတာ"

"ရပါတယ် မမထား၊ ကျွန်တော် ပြန်လိုက်ဦးမယ်၊ သင်္ကြန်အတွက် သူငယ်ချင်းတွေနဲ့ ပြင်စရာ ဆင်စရာရှိသေးတယ်"

"ခဏနေဦး ကိုနောင်၊ မမထား ပြောစရာရှိလို့"

"ဘာများလဲ မမထား"

"ဒီလို ကိုနောင်၊ မမထားတို့ ရုပ်ရှင်ကြည့်ရအောင်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင် အားမယ့်ရက်ကို လိုက်ပြပေးပါလား၊ အေးမြတ်မိုလည်း ကြည့်ဖူးသွားတာပေါ့"

"မမထားရယ် ကျွန်မက ရုပ်ရှင်မကြည့်ဖူးတာမှ မဟုတ်တဲ့ ပြီးတော့ ကိုနောင်က အားချင်မှအားမှာ"

မမထားကတော့ သူတို့နှစ်ယောက်အတွက် သဘော ကောင်းပြနေ၏။ မမထားပြောသည်ကို သူ ကြိုဆိုလိုက်ချင်သည်။ အေးနှင့်အတူတူ ရုပ်ရှင်ကြည့်ချင်၏။

"အားရမှာပေါ့ အေး၊ မနက်ဖြန် သွားကြည့်ကြမယ်လေ၊ ကျွန်တော် လက်မှတ်ကြိုဝယ်ထားမယ်၊ အခုတော့ ပြန်မယ် မမထား၊ မနက်ဖြန် သုံးနာရီခွဲပွဲ ကြည့်ရင် ဖြစ်တယ် မဟုတ်လား"

"ဖြစ်တယ် ကိုနောင်၊ မမထားတို့ အဆင်သင့် လုပ်ထား လိုက်မယ်"

သူနှင့်မမထားက အတိုင်အဖောက် ညီနေတော့ အေးတစ် ယောက် နှုတ်ပိတ်သွားရသည်။

အေး ပျော်လာစေဖို့ သူ့အပေါ် ယုံကြည်မှုတွေ ဖြစ်လာစေ ဖို့ သူ အစွမ်းကုန်ကြိုးစားရဦးမည်လေ။

◎ ◎ ◎

ရွှေသဝင်စာစေ

၁၂။

အင်္ဂလိပ်ကား၊ ကုလားကား၊ မြန်မာကားတွေ ရုံတင်ထား သည့်အနက်မှ ရွှေဆောင်ရုံတွင် တင်ထားသော Brave Heart ရုပ်ရှင်ကားအတွက် ကြိုတင်လက်မှတ် သူ ဝယ်ဖြစ်ခဲ့သည်။ ဒီကား လေးက ဒရမ်မာအက်ရှင်ကား ဖြစ်သည်။ ဇာတ်လမ်း ဇာတ်ကွက် တွေက ကောင်းပြီး ကမ္ဘာကျော်ကားတစ်ကား ဖြစ်သည်။

ရုပ်ရှင်လက်မှတ်သုံးစောင် ကိုင်ပြီး အေးတို့ဆီကို သူရောက် သွားချိန်မှာတော့ အခြေအနေက တစ်မျိုးတစ်ဖုံ အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့၏။

"မမထားတော့ ရုပ်ရှင်ကြည့်ဖို့ ဝေးပြီ ထင်တယ်၊ မောင်ပဋ္ဌင်းက အခေါ်လွှတ်လိုက်လို့ မင်းကို စောင့်နေတာ၊ ညနေကျရင် သံဃာတွေကို အအေးကပ်ချင်လို့တဲ့ ကိုနောင်"

မမထားစကားကြောင့်ပင် အေးတစ်ယောက်က နောက်ပြုံးပြုံးလေး၏။

"ကျွန်တော်က လက်မှတ်တွေ ဝယ်လာခဲ့ပြီးပြီ မမထား"

"ဒါဆိုလည်း မမထားကို ချန်သွားထားခဲ့၊ ကိုနောင်တို့ နှစ်ယောက်ပဲ သွားကြည့်ကြတော့"

ရုပ်ရှင်မကြည့်ဖြစ်တော့ဘူးဆိုပြီး သူ စိတ်ဓာတ်ကျနေစဉ်မှာပင် မမထား ပြောလာ၏။ သူ့အဖို့ကတော့ ဝမ်းသာဖွယ်ရာ ဖြစ်သော်လည်း အေးကတော့ ငြင်းတော့၏။

"လေးလေးတို့ ဘုန်းကြီးကျောင်းကို ကျွန်မပါ လိုက်ခဲ့မှ ဖြစ်မှာပေါ့ မမထား"

"ရပါတယ် အခုတော့ အတူတူထွက်ကြတာပေါ့၊ ဘုန်းကြီးကျောင်းနားမှာ မမထားကို ချပေးခဲ့၊ ပြီးမှ ကိုနောင်တို့ သွားကြပေါ့"

"ကျွန်မ မလိုက်လို့ ဖြစ်ပါ့မလား၊ တော်ကြာ ကျွန်မကို





လေးလေး မေးရင် မမထား အဖြေခက်နေမှာပေါ့"

အေးနှင့် မမထားတို့ အချီအချ ဆွေးနွေးနေခြင်းကို ဘစ်ခွန်းမှ ဝင်မပြောဘဲ ဒီတိုင်း ကြည့်နေလိုက်သည်။

"ရပါတယ်၊ မင်းလေးလေးကို မမထား ကြည့်ကောင်းအောင် ပြောထားပေးမယ်၊ အအေးကပ်တာက ခြောက်နာရီလောက်မှ ကပ်ရမှာ၊ ရုပ်ရှင်က ခြောက်နာရီအထိ နေမှာမှ မဟုတ်တာ၊ ပြီးတော့ ကိုနောင့်မှာလည်း ကားပါနေတာပဲ"

"ဟုတ်သားပဲ အေး၊ ရုပ်ရှင်က ငါးနာရီလောက်ဆိုရင် ပြီးသွားမှာပဲ၊ အအေးကပ်ဖို့ မမထား စီစဉ်ပြီးပြီလား"

"မစီစဉ်ရသေးဘူး ကိုနောင်"

"ဒါဆို ဘာမှ မစီစဉ်နဲ့တော့၊ ကျွန်တော်တို့ ရုပ်ရှင်က အပြန် အအေးပုလင်းရော ရေခဲပါ သယ်လာပေးမယ်၊ ဦးပဋ္ဌင်းကိုတော့ မမထားပဲ ကြည့်ကောင်းအောင် လျှောက်ထားလိုက်ပေါ့"

"စိတ်ချနေ ကိုနောင်၊ ဦးပဋ္ဌင်းကိုတော့ မင်းတို့နှစ်ယောက်ဘည်း ရုပ်ရှင်သွားကြည့်တယ်လို့ ပြောလို့ ဖြစ်မှာ မဟုတ်ဘူး၊ ဒီလောက်တော့ မုသားမပါအောင် မမ ပြောတတ်ပါတယ်"

သူ့အဖို့ကတော့ အဆိုးထဲက အကောင်း ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးကတော့ စိတ်ပျက်ဟန်ဖြင့် ခေါင်းကုတ်၏။

"အေးမြတ်မို ဘာလို့ မတ်တပ်ရပ်ပြီး ကြောင်နေရတာလဲ၊ အဝတ်အစား သွားလဲတော့လေ"

မထူးတော့သည်မို့ အေးတစ်ယောက် အခန်းထဲဝင်သွားသည်။ မမထားကတော့ ရုပ်ရှင်မလိုက်ဖြစ်၍ အဝတ်အစားလဲဖို့ မပြင်ဆင်တော့ပေ။

မမထား၏ အစီအစဉ် တော်သောကြောင့် ကျေးဇူးတင်နေမိသည်။

"မင်းတို့ နှစ်ယောက်တည်း ရုပ်ရှင်ကြည့်တာကို မင်းဆရာလုံးဝ မသိစေနဲ့ဦးနော်၊ တော်ကြာ မမထား ခေါင်းကိုက်နေရဦးမယ်"

"စိတ်ချပါ မမထားရယ်၊ ကျွန်တော် အဲဒီလောက် မအပါဘူး"

"မင်းကို မှာရဦးမယ်၊ ယုံကြည်လို့ မင်းနဲ့ နှစ်ယောက်တည်း လွှတ်လိုက်တာ စိတ်တော့ချပါရစေ ကိုနောင်"

"စိတ်အေးအေးထားပါ မမထား၊ ယုံလည်း ယုံကြည်ပါ။ အေး ဘာမှ မဖြစ်စေပါဘူး၊ အားလုံး မျက်နှာပျက်အောင် ကျွန်တော် မမိုက်မဲပါဘူး မမထားရာ"





နှစ်ယောက်တည်း လွှတ်ပြီးမှ အေးကို စိတ်မချလေဟန်တူသည်။ သူကလည်း အပြစ်တွေနဲ့လူ ဖြစ်နေသည်ကိုး။ မမထားကို ရင်ထဲမှ လှိုက်လှဲစွာ ကတိပေးမိသည်။

◎

မမထားကို ဘုန်းကြီးကျောင်းရှေ့မှာ ချပေးခဲ့ပြီး ရုပ်ရှင်ကြည့်ဖို့ သူတို့နှစ်ယောက် ထွက်လာခဲ့သည်။ လှပသော အေးသည် သူ ဝယ်ပေးခဲ့သော အင်္ကျီနှင့်လုံချည်ကို ဝတ်ဆင်လာ၏။ သူကသာ အေးဝယ်ပေးခဲ့သော ဝတ်စုံကို မေ့လျော့ထားခဲ့ပြီး သူဝတ်နေကျ ဘောင်းဘီနှင့်သာ ဖြစ်၏။

"ကိုနောင် တကယ်ကို မေ့သွားခဲ့တာ အေး၊ အေးကို အမှက်မထားတဲ့ သဘော မဟုတ်ဘူး"

"ဘာအတွက်လဲ ကိုနောင်"

"တကယ်ဆို အေး ဝယ်ပေးခဲ့တဲ့ အင်္ကျီနဲ့ ပုဆိုးကို ဒီနေ့ ကိုနောင် ဝတ်လာသင့်တယ်"

"ကျွန်မကလည်း ဒီရည်ရွယ်ချက်မျိုးနဲ့ ဝတ်ခဲ့တာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ၊ ကြုံသလို ကောက်လဲခဲ့တာ၊ ဒီအဝတ်အစားက အပြင်မှာ အလွယ်တကူ ရှိနေလို့ ဝတ်ဖြစ်တာပါ"

အဝတ်အစားကိစ္စကို ဆက်မပြောတာ အကောင်းဆုံးဟု သိလိုက်ရသည်။ အေးကတော့ အလေးမထားသလိုမျိုး ဖြစ်အောင် ပြောလာ၏။ အလိုက်ကန်းဆိုး မသိစွာဖြင့် သူက ဖိပြောနေဖြစ်ခဲ့၏။

သူတို့နှစ်ယောက် ရုပ်ရှင်ရုံထဲ ဝင်ဖြစ်ကြတော့ မီးမှောင်စပြုနေပြီ။ ဝန်ထမ်း၏ အကူအညီဖြင့် နေရာ ရှာရသည်။

"ကိုနောင် စားဦးလေ၊ ကျွန်မတစ်ယောက်တည်း ဘယ်ကုန်ပါ့မလဲ"

မှောင်ရိပ်အောင်မှာပင် အေးကို လွတ်လပ်စွာ ကြည့်ခွင့်ရခဲ့ပြန်၏။

"အေးအတွက် တမင်ဝယ်ခဲ့တာ"

"အများကြီးပဲဥစ္စာ၊ ကိုနောင် မစားရင် ကျွန်မလည်း မစားတော့ဘူး"

မုန့်ထုပ်များကို သူ့ပေါ်သို့ ပစ်တင်မလိုပြု၏။

"စားမယ်အေး၊ အေးလည်း စား"

"တကယ်ဆို ကျွန်မတို့နှစ်ယောက်တည်း အခုလို ရုပ်ရှင်





မကြည့်သင့်ဘူး၊ တစ်ယောက်ယောက်က တွေ့သွား မြင်သွားရင် တစ်မျိုး ထင်ကြမှာ၊ လေးလေး သိရင်လည်း မမထား လွယ်မှာ မဟုတ်ဘူး၊ နောက်တစ်ခါဆိုရင် ကိုနောင် ဆင်ခြင်ပေးပါနော်၊ ကျွန်မ တောင်းပန်ပါတယ်"

ရုပ်ရှင်နှင့် စားစရာများကို စိတ်ဝင်စားမှု မရှိသေးဘဲ သူ့ကို ပြောသည်။ အေးပြောလိုက်သော စကားကြောင့်ပင် ပြေရာပြေကြောင်း သူ ပြန်ပြောမိ၏။

"ကိုနောင် ဆင်ခြင်ပါ့မယ်၊ အေး ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်မှာကိုတော့ စိုးရိမ်တာ အမှန်ပဲ"

"ကျွန်မ နေတတ်သလိုနေတာပါ ကိုနောင်၊ ကျွန်မအတွက်နဲ့ ကိုနောင်ရဲ့အချိန်တွေ ကုန်မှာ စိုးလို့ပါ၊ ခင်လို့မင်လို့ စေတနာနဲ့ ပြောတာပါ ကိုနောင်ရယ်"

သူကတော့ ပိတ်ကားပေါ်မှာ အာရုံထားလိုက်မိသည်။ သူပြခဲ့သော နောက်ကြောင်းတွေနဲ့ ပတ်သက်ပြီး အေး ကျေနပ်အောင် သူပြောပြရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



Brave Heart မင်းသားနှင့် မင်းသမီးကတော့ တိတ်တ ဆိတ်ဖြင့် သူတို့၏ မင်္ဂလာဦးကို နှစ်ယောက်တည်း ကျင်းပနေကြ၏။ သဏ္ဌာန်လုပ် သရုပ်ပါလွန်းသော ဇာတ်ဝင်ခန်းများကြောင့်ပင် အေး တစ်ယောက် ခေါင်းငုံ့ထားလေ၏။

"အေး"

သူ့ရင်ထဲမှာ ရှိနေသော အကြောင်းအရာတွေကို ပြောပြ ချင်မိ၏။

"ဘာများလဲ ကိုနောင်၊ နေကြာစေ့ ကုန်သွားလို့လား"

အေးကတော့ ရုပ်ရှင်ကားကို စိတ်ဝင်တစား ဖြစ်နေ သူ့အဖို့တော့ Brave Heart ကို ကြည့်ခြင်းမှာ ဒုတိယမြောက် ဖြစ်

"မဟုတ်ဘူး အေး၊ ကိုနောင့်ကို အေး တကယ် ခင်ရဲ့လား"

"ခင်လို့ မင်လို့ ဒီနေရာအထိ လိုက်ခဲ့တာ ကိုနောင်"

ပိတ်ကားဆီသို့ အကြည့်ရောက်ရင်းက အေး ဖြေ၏။

အေးစကားကြောင့်ပင် ရင်ထဲ နွေးသွားမိသည်။

လျှပ်တစ်ပြက်အတွင်းမှာ သူ့စိတ်တို့ အပြောင်းအလဲ ဖြ သွားမိသည်။ အမှောင်ရိပ်ဝယ် ဖောက်လွဲဖောက်ပြန် ဖြစ်သွား ဖြစ်နိုင်သည်။ လူက နေသော်လည်း သဘာရင့်သော ပညာခန်း





ဇာတိပြတော့၏။

"ကိုနောင် ရုပ်ခဲ့ပွေ့ခဲ့တာတွေအပေါ် အေး စိတ်ထင့်နေ တာ မဟုတ်လား။ ဒါကြောင့် ကိုနောင့်ကို ဆက်ဆံတာ တွန့်ဆုတ် နေတာ မဟုတ်လား အေး"

အေးလက်ကလေးကို ဖျတ်ခနဲ ကိုင်မိရင်း ပြောလိုက်၏။

"ကျွန်မလက်ကို လွှတ်ပါ ကိုနောင်၊ ဒီလို အတင့်ရဲတာ မကြိုက်ဘူး"

အေး၏ ကန့်ကွက်သော စကားသံ၊ ရုန်းဖယ်ခြင်းများ ကြောင့် သူ အသိပြန်ဝင်သွား၏။

"ဆောရီး အေး၊ ကိုနောင် စိတ်လွတ်သွားမိတယ်၊ ကိုနောင့် ကို ခွင့်လွှတ်ပါ၊ နောက်တစ်ခါ ဒီလို အပြုအမူမျိုး မဖြစ်စေရပါဘူး"

သူ့ကိုယ်သူ ဘယ်လို အပြစ်ပေးရမည် မသိပေ။

အေးတစ်ယောက်ကတော့ သူနှင့်ဆက်ဆံရတာ ပိုပြီး သွေး လန့်သွားပုံရသည်။

"ကိုနောင် ကျွန်မကို ဒီထက်ပိုပြီး သံယောဇဉ် မဖြစ်စေချင် ဘူး၊ ကိုနောင့်အတွက် ပြောနေရတာပါ"

သူ ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ Brave Heart



www.burmeseclassic.com

www.burmeseclassic.com



ဘလည်း ကောင်းခန်း ရောက်နေ၏။ အေးတစ်ယောက် လွတ်လပ်စွာ ကြည့်နိုင်စေရန် သူ ငြိမ်နေလိုက်ရသည်။

စီးပိုးစွာဖြင့် အေးလက်ကို ကိုင်မိခြင်းအတွက် သူကိုယ်သူလည်း မကျေမနပ် ဖြစ်နေမိ၏။



၁၃။

အေးနှင့် ရုပ်ရှင် အတူကြည့်ပြီး နှစ်ရက်လောက် မတွေ့ဘဲ နေကြည့်လိုက်သည်။ ထိုနှစ်ရက်သည် သူ့အတွက်တော့ အတော်လေးကို ခြောက်ကပ်ကပ် နိုင်ခဲ့၏။ ထိုကာလအတွင်းမှာပင် အေး အပေါ် ချစ်ခင်မြတ်နိုးစိတ်က ပိုသိသာစေ၏။

အရင်အခါများစွာနှင့် မတူဘဲ သူ့နှလုံးသားကို အေး သိမ်းပိုက်လေ၏။ သူ၏ ကျဆုံးခန်းတွေကို အေး ပြုရင် ခက်ပြီ။ မကြောင့်ကြခဲ့ဘူးသော ကြောင့်ကြစိတ်များက သူ့အား ခြောက်လှန့်နေခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်တာမျှ မျက်နှာချင်းမဆိုင်ဖြစ်ဘဲ သကြံန်အကြိုနေ့ နေ့ခင်းဘက်မှာ သူ သွားဖြစ်ခဲ့သည်။ သူ တစ်ယောက်တည်းတော့ မဟုတ်။ သကြံန်ထွက်လည်သည့် ကားပေါ်မှာ သူ့အဖော်တွေပါ ပါသည်။

ရန်ကုန်၏ ထုံးစံအတိုင်း သကြံန်အကြိုနေ့ကတည်းက ရေပက်ကြ၍ တစ်ကိုယ်လုံး စက်စက်ကျနေ၏။

"ဟယ် ကိုနောင်ပါလား၊ မင်း မလာလို့တောင် မျှော်နေကြတာ"

သူ့ကို တွေ့တွေ့ခြင်းမှာ မမထားက ပြောသည်။ ရေတွေ စိုနေသဖြင့် အိမ်ပေါက်ဝမှာ ရပ်နေမိသည်။ သူတို့ စကားသံတွေ ကြားသဖြင့် အေးတစ်ယောက် အိမ်ရှေ့ ထွက်လာသည်။

"ရေပက်ခံ ထွက်လည်တာလား ကိုနောင်၊ တော်တော်စည်လားဟင်"

"စည်ပါတယ်၊ မနက်ဖြန်ဆိုရင်တော့ ပိုစည်မှာပေါ့ အေး"

"ကိုနောင်တို့ကားမှာ လူ တအားများလား"

"သိပ်တော့ မများပါဘူး မမထား၊ ပါလာတဲ့ လူတွေကလည်း ကျွန်တော့် လူရင်းတွေပါပဲ၊ မိန်းကလေးတွေလည်း ပါကြ





တယ်၊ မမထားတို့ ရေပက်ခံ လိုက်ချင်လို့လား"

မမထား၏ စကားကြောင့်ပင် ပြောသာပြောလိုက်ရသည်။ သူ့စိတ်ထဲမှာတော့ အေးကို အားနာနေမိ၏။

"မမထားတော့ မလိုက်ပါဘူး၊ မိန်းကလေးအဖော်တွေ ပါတယ်ဆိုရင် အေးမြတ်မိုကို ထည့်ပေးလိုက်ချင်လို့၊ သူ အိမ်ထဲမှာ ကုပ်နေလို့ကတော့ ဒီနှစ်သကြံန်ရေစိုဖြစ်မှာ မဟုတ်ဘူး ကိုနောင်"

မမထားကတော့ ထုံးစံအတိုင်း အေးကို တွန်းပို့ပေးနေပြန်၏။

သူ့အပြစ်နှင့်သူမို့ သူ ဘာပြန်ပြောရမှန်း မသိပေ။

ထိုအခိုက်အတန့်လေးမှာပင် အေးက စကားနာ ထိုး၏။

"နေပါစေ မမထားရယ်၊ ကျွန်မပါရင် ကိုနောင့်အတွက် နှောင့်ယှက်သလို ဖြစ်နေဦးမယ်၊ သူ့ကောင်မလေးပါလာလို့ ခေါ်ရက်နေတာ"

အေးစကားကြောင့်ပင် သူ အမြန် ပြန်ပြောမိ၏။

"မဟုတ်ပါဘူး အေး၊ ဘယ်ကောင်မလေးမှလည်း မပါပါဘူး၊ ပါလာတယ်ဆိုတဲ့ မိန်းကလေးတွေက ကိုနောင်နဲ့ တကယ့်ကို ခင်ခင်မင်မင်သားသား ခင်ကြတဲ့ သူတွေပါ၊ ပြီးတော့လည်း သူတို့လူနဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပါ အခုကားပေါ်မှာ ကိုနောင် တစ်ယောက်တည်း အဖော်မပါတာ ပါ အေး မလိုက်ချင်မှာစိုးလို့ ကိုနောင် မခေါ်တာပါ အေး"

"ကဲပါ တော်ကြာ စောင့်နေရတာ ကြာလို့ ကိုနောင့်သူငယ်ချင်းတွေ အပြစ်တင်နေကြဦးမယ်၊ အဝတ်အစား မြန်မြန်သွားလဲ အေးမြတ်မို့"

"ကိုနောင်က အရမ်းလိုက်စေချင်တာပေါ့ အေးရာ"

"ဒါဆိုရင် ခဏလေးစောင့် ကိုနောင်"

ဒီတစ်ခါတော့ မမထားက စိတ်မချသည့် စကားကို မပြောတော့ပေ။

"နေ့တိုင်းလာခေါ် ကိုနောင်၊ ဒါမှ သူလည်း သကြိန်လည် ဖြစ်မှာ"

"စိတ်ချပါ မမထား"

မျက်နှာသုတ်ပုဝါ တစ်ထည်ကို လက်ကကိုင်ပြီး အေး ပြန်ထွက်လာ၏။

အိမ်ပေါ်မှ အေးနှင့်အတူ ဆင်းရင်း သူပြောလိုက်မိသည်။

"ဒီသကြိန်တော့ ကိုနောင်အတွက် အပျော်ဆုံး ဖြစ်မှာ"

"ဘာဖြစ်လို့လဲ"





"အေးနဲ့အတူ လည်ဖြစ်လို့လေ"

အပြစ်စကား မဆို၊ မျက်စောင်းလည်း မထိုးဘဲ သူ့ကို လှပစွာ အေး ပြုံးပြ၏။

ဂျစ်ကားနားရောက်သည်နှင့် အားလုံးနှင့် မစိမ်းရလေအောင် အေးကို မိတ်ဆက်ပေးလိုက်သည်။

"ကဲ အားလုံးပဲ ငါရဲ့ အထူးဧည့်သည်တော်ပါ လိုက်လည်မယ်၊ သိပ်တော့ မကဲကြနဲ့နော်"

"စိတ်ချ ပျော်ရုံပါးရုံလေးပါ"

"ဝိုး . . . ဟား ဟား"

"ဟေ . . . အထူးဧည့်သည်တော်ကို ရေပိုင်းလောင်းကြစို့"

ဂျစ်ကားကို မောင်းဖို့ ပြင်ဆဲမှာပင် အေးတစ်ကိုယ်လုံး စက်စက်ကျအောင် ပါလာသူ အားလုံးက ရေပိုင်းလောင်းကြ၏။ သူနှင့်အေးမှာ ထိုင်ကြသော ခုံတွဲက အလိုက်တသိပင် နေရာဖယ်ပေးပြီး နောက်ခန်းမှာ သွားရပ်ကြ၏။

"ပျော်ရဲ့လား အေး"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်သင်္ကြန်ကို တစ်ခါမှ မကြုံဖူးဘူး၊ အစပိုင်းတော့ ရေလောင်းကြတာကို ကြောက်မိသလိုပဲ အခုတော့ မကြောက်တော့ဘူး၊ အရမ်း ပျော်ဖို့ ကောင်းတယ်နော်"

တစ်လမ်းလုံး ရေစက်စက်ကျနေသည့်ကြားက အေး မျက်နှာလေး အပြုံး မပျက်ခဲ့ပေ။ အေးတစ်ယောက် အခုလို ပျော်နေတာ တွေ့တော့ သူကြည်နူးရသည်။

"သင်္ကြန်ဆိုတာ ပျော်စရာကောင်းတဲ့ ရိုးရာပွဲတစ်ခုပါ။ အေးချမ်းခြင်း ကြည်နူးခြင်း နိမိတ်ကို အပြည့်အဝ ဆောင်တဲ့ သဘောပဲလေ၊ တစ်ယောက်နဲ့တစ်ယောက်လည်း စကြနောက်ကြနဲ့ အရမ်းကို ပျော်စရာပဲ"

"ကျွန်မ မေးရဦးမယ်"

"ဘာများလဲ"

"အခု ကားပေါ်မှာ ပါလာတဲ့သူ အားလုံးက သူ့ဆိုင်ရာဆိုင်ရာတွေနဲ့၊ ကိုနောင်ကျတော့ကော"

အေး စကားကြောင့်ပင် သူ စချင်နောက်ချင် မိသွား၏။

ဒါပေမယ့် နှုတ်က မရဲ။ အေး သိအောင်တော့ သူ ပြောလိုက်သည်။





"စထွက်တုန်းကတော့ တစ်ယောက်တည်းပဲပေါ့၊ အခု အေး ပါနေပြီပဲ၊ ကိုနောင့်အဖို့ တစ်ယောက်တည်းလို့ ပြောလို့မှ မရတော့ဘဲ"

"ဒါတော့ ဒါပေါ့၊ ကျွန်မ ပြောချင်တာက သူတို့တွေလိုလေ၊ ကျွန်မနဲ့ ကိုနောင်က အတွဲမှ မဟုတ်တာ၊ ရိုးရိုး ခင်ကြ မင်ကြတာလေ"

"ဟုတ်ပါတယ်၊ ကိုနောင်ကလည်း အေးနဲ့ ကိုနောင့်ကို အတွဲလို့ ပြောတဲ့သဘော မဟုတ်ပါဘူး၊ ကိုနောင့်အဖို့ တစ်ယောက်တည်း မဟုတ်ဘူးဆိုတဲ့ အကြောင်း-ပြောလိုက်မိတာ"

"သွားပါစကားတတ်တိုင်း ပြောတတ်လိုက်တာ လွန်ရောပဲ"

မစိမ်းသော ချစ်စဖွယ်စကားကို အေး ဆိုလေသည်။

သူရင်အစုံတို့ ကြည်နူးဆဲမှာပင် မဏ္ဍပ်တစ်ခုရှေ့သို့ ရောက်၏။

သူတို့ကားကို လက်တားပြီး ရေပိုက်များဖြင့် အတင်းထိုးတော့၏။

မျက်နှာသုတ်ပုဝါဖြင့် အေး ကာကွယ်သော်လည်း မရပေ။ ကားမောင်းထွက်ဖို့ကျတော့လည်း ကားရှေ့မှာ လူတွေက ပြုံခံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အေးကိုယ်လေးက သူ့ဘက်သို့ တိုးတိုးလာသည်။ မနေနိုင်အညှာအဆုံးမှာတော့ သူ့ကို အေး အကူအညီ တောင်းတော့၏။

"လုပ်ပါဦး ကိုနောင်ရယ် ကျွန်မ မွန်းလှပြီ"

သူ လုပ်ပေးလို့ရတာ တစ်လမ်းပဲ ရှိသည်။ ရှေ့ကြောင်းနောက်ကြောင်းကို သိပ်စဉ်းစားမနေတော့ဘဲ အေးကို ပြောလိုက်ရသည်။ ပြီးတော့ တစ်ပြိုင်တည်းမှာ အကာကွယ် ပေးလိုက်မိသည်။

"ကိုနောင့် ရင်ခွင်ထဲကို ခဏ မျက်နှာ အပ်ထား၊ ကိုနောင်ကာပေးထားမယ်"

ရေမွှန်းသောဒဏ်ကို မခံနိုင်သောကြောင့်ပင် သူ့ စကားကို အေး နားထောင်၏။ အေး သက်သာမှု ရစေရန် သူ့ရင်ခွင်ထဲသို့ အေးကို ထည့်ထားလိုက်သည်။ အေး သက်သာစေရန်အတွက်လည်း သူ ငြိမ်ပေးနေရ၏။

သူ့ရင်ထဲမှာ စိတ်ရှင်းရှင်းဖြင့် အေးကို အကာအကွယ်ပေးမိပြန်သည်။ တကယ်တမ်းကျတော့ သူ့ လက်များက အေးကို သိုင်းဖက်ထားပြီး အေးမျက်နှာသည်လည်း သူ့ရင်ခွင်ထဲသို့ ရောက်နေခဲ့သည်လေ။





အတက်နေ့ မနက်မှာတော့ သူ့ သူငယ်ချင်းအုပ်စုက ပဲခူးထွက်ဖို့ စီစဉ်ကြသည်။ ပဲခူးအထိတော့ သူနှင့်အေး လိုက်လို့ မဖြစ်ပေ။

သူနှင့်အေး နှစ်ယောက်တည်း သူ့ကားဖြင့် သကြံန်လည်ဖြစ်ကြသည်။

နှစ်ယောက်တည်းဆိုတော့ အရင်ရက်များလောက် ပျော်စရာ မကောင်းတော့ပေ။

မနက်ပိုင်းလည်ပြီးသည်နှင့် အေးတစ်ယောက် ငြီးငွေ့သွားပုံရသည်။

"နှစ်ယောက်တည်းဆိုတော့ အရင်ရက်တွေထက်စာရင်ချင်းခြောက်ခြောက်ကြီးလိုပဲနော် ကိုနောင်"

"သူတို့က ပဲခူး သွားကြမှာလေ၊ အပြန်လည်း မိုးချုပ်ရင်ချုပ်မှာ၊ ဒါကြောင့် ကိုနောင်တို့ တမင်ကျန်နေခဲ့တာ၊ အေးနဲ့ဆို မိုးချုပ်ရင်မကောင်းဘူးလေ"

လူအသွားအလာ ကားအသွားအလာ ကျဲသော လမ်းကိုရွေးမောင်းလိုက်သည်။ တစ်ဆိုင်ဆိုင်မှာ ထိုင်ဖို့လည်း သူ ကြံစား၏။

"ကိုနောင်"

www.burmeseclassic.com



"ရှေ့က ပိတောက်ပင်အောက်မှာ ခဏထိုင်ရအောင်လား"

ကားလမ်းနှင့် အနည်းငယ်လှမ်းသော လှမ်းမြင်နေရသည့် ပိတောက်ပင်ဆီကို အေး လက်ညှိုးညွှန်ပြသည်။

အေးဆန္ဒအရပင် ကား ထိုးရပ်လိုက်သည်။ ဖြတ်သွားဖြတ်လာ ကားတစ်စီးစ နှစ်စီးစကတော့ သူနှင့် အေးကို ကြည့်ပြီး နောက်ပြောင်သွားကြသေး၏။

"ပိတောက် အကြွေတွေပေါ်မှာ ထိုင်မချနဲ့နော် ကိုနောင် ကျွန်မတို့ ထိုင်ဖို့ နေရာလုပ်ပေးမယ်"

ဖွေးဖွေးလှုပ်ကြွေကျနေသော ပိတောက်တို့ကို မနင်းမိအောင် အေးတစ်ယောက် ကြိုးစား၏။

သူတို့ထိုင်မည့် ခုံတန်းလျားပေါ်မှ ပိတောက်ကြွေတို့ကို အေး ဖယ်ရှားနေသည်။

"ထိုင်လို့ရပြီ ကိုနောင်"

အေး၏ ခွင့်ပြုချက်ရမှ သူ ထိုင်လိုက်သည်။ သူထိုင်ပြီးမှ အနည်းငယ် ခွာလျက် အေး ထိုင်၏။

"ဒီနေရာလေးက သာယာသားပဲနော်၊ ပြီးတော့ လွမ်းဖို့လည်း ကောင်းတယ်၊ ပိတောက်ပင်ကြီးပေါ်က ဥသြက အရမ်းကို





မြည်နေတော့တာပဲ"

အေးပြောမှ သတိထားမိသည်။ သူတို့ရှိရာ ပိတောက်ပင်နှင့် မလှမ်းမကမ်းမှာ ရေကန်လေးတစ်ခု ရှိ၏။ ပိတောက်ပင်၏ကိုင်းဖျား တစ်ခုထက်မှာလည်း ဥသြတစ်ကောင် ရှိနေပုံရ၏။ လေးအိ လွမ်းဆွတ်ဖွယ် အသံဖြင့် မြည်တမ်းနေ၏။

"အေးလည်း ခံစားတတ်သားပဲ"

"ကိုနောင်ရော"

"ဆိုပါတော့ အေး၊ ဥသြငှက်ရဲ့ လွမ်းဖွယ်ဂီတကို လက်ခံနိုင်ပေမယ့် ကိုနောင့်ကျတော့ အဲဒီဥသြလောက် ကံမကောင်းဘူး အေး"

"ဘာဖြစ်လို့လဲ"

"မပြောချင်ပါဘူး အေး၊ ကိုနောင်ရင်ထဲမှာ ဥသြလေးရှိရင် သိပ်ကောင်းမှာပဲ၊ ကိုနောင်ရဲ့ လွမ်းဆွေးမှုကို ပြောခိုင်းလိုက်ချင်တယ်"

ဥသြငှက်၏ တေးသံကြောင့်ပင် သူ့ ရင်တို့ ထိုင်းမှိုင်းသွားခဲ့၏။

အေးတစ်ယောက် ကိုယ်ချင်းစာစေရန် သူ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောခဲ့ဖူးပါတယ်၊ ကျွန်မနဲ့ ပတ်သက်ပြီး မျှော်လင့်မထားဖို့ ပြောခဲ့ပြီးသားပါ၊ ကိုနောင်က ဥဩလေးကို ခဏငှားပြီး ပြောရင်လည်း ကျွန်မ နားထောင်ဖြစ်မှာ မဟုတ်ဘူး၊ အဲဒီစကားတွေကို နားမထောင်ချင်သလို ခံလည်းမခံစားချင်ဘူး"

"ကိုနောင်တစ်ခု မေးချင်တယ်၊ မေးရမလား အေး"

"မေးပါ ကိုနောင်"

"အေးပြောနေတဲ့ စကားတွေက ကိုနောင့် အတိတ်ကြောင့်လား၊ အေးနဲ့မတွေ့ခင် အချိန်အထိ ကိုနောင် ရှုပ်ခဲ့ပွေခဲ့တယ်ဆိုတာ မငြင်းပါဘူး၊ ဒီအချိန်မှာတော့ ကိုနောင် စိတ်ရောကိုယ်ပါ အရင်လိုမဟုတ်တာ သေချာတယ်၊ ကိုယ်တိုင်လည်း အံ့ဩခဲ့ရတယ် အေး"

"ကိုနောင်နဲ့ မပတ်သက်ပါဘူး၊ အေးနဲ့ ပတ်သက်တယ် အေး ရှင်းအောင် ထပ်ပြောပြပါ့မယ်၊ ဒီပိတောက်အကြွေတွေကို ကြည့်စမ်းပါ ကိုနောင်၊ ပိတောက်ကို လူတွေက ချစ်ကြတယ်၊ သူတလည်း ပွင့်ခဲ့တာကိုး၊ ပွင့်ပြန်တော့လည်း အလုအယက်ပဲ၊ အခုဆိုရင် ခူးသူမဲ့ ပန်သူမဲ့ပြီး မြေပေါ်မှာ ကြွေကျနေတာ ဖွေးဖွေးလှုပ်နေတာပဲ ကိုနောင်၊ ပြောချင်တဲ့ စကားတွေက ဒီပိတောက်ကြွေတွေလိုပဲ အပင်မှာ ဝေနေတာကို မြင်နေရတယ်၊ ခူးလည်း မခူးနိုင်ဘူး၊ ပန်





လည်း မပန်နိုင်ဘူး၊ မျက်စိရှေ့မှာပဲ ပန်းတွေ ကြွေတာကို လက်ပိုက်ကြည့်နေတဲ့ အဖြစ်ပါ"

အေးပြောသော စကားများက ရှင်းသလိုလိုနှင့် သူ့အဖို့ နားလည်ရ ခက်နေပြန်၏။

"အေး မပြောနဲ့ဆို ကိုနောင် မပြောတော့ပါဘူး၊ ကိုနောင့်ကိုတော့ ခင်ခွင့်ပေးစေချင် . . ."

"လူတစ်ယောက်နဲ့ တစ်ယောက် ဆုံဖို့လည်း ခက်သလို ခင်ကြ မင်ကြ သံယောဇဉ်ဖြစ်ကြဖို့လည်း ခက်တယ်၊ ဒီတိုင်းလေးက ကောင်းတယ် ကိုနောင်၊ ကျွန်မအကြောင်းတွေကို ကိုနောင် သိလာတဲ့အခါမှာ နားလည်ပါလိမ့်မယ်၊ ပြန်ကြရအောင် ကိုနောင်ရယ်၊ ဟိမ်ကိုပဲ ပြန်မယ်"

ပြောပြောဆိုဆိုနှင့် အေး ထလိုက်သည်။ သူ့ရှေ့မှနေပြီး အေး ထွက်သွား၏။

ပိတောက်ကြွေတို့ကို ရှောင်ရှားပြီး အေး နောက်သို့ သူ လိုက်ခဲ့သည်။

အေး ပြောခဲ့သော စကားများကြောင့်ပင် သူ့ရင်တို့ တစ်မျိုး တစ်မည် ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေထက် ပိုပြီး သူ နှုတ်မကျွံသင့်တော့ပေ။ မကြားနာဝံ့သူက တားမြစ်နေမှတော့ သူ ရင်ဖွင့်ဖို့ ခက်ရပြီလေ။

◎ ◎ ◎



၁၄။

သူ့ဘဝထဲသို့ အေး ဝင်ရောက်လာပုံမှာ ရိုးရိုးလေးပဲ ဖြစ်သည်။ သူ့အဖို့မှာလည်း အေးနှင့် ကြုံဆုံခဲ့သည်ကို သာမန်မျှပင် အောက်မေ့ခဲ့သည်။ တကယ်တမ်းကျတော့ မသိလိုက် မသိဘာသာဖြင့် ကာလတိုလေးအတွင်းမှာ သူ့နှလုံးသား နိုးထလာခဲ့လေ၏။

အေး၏ ပြုမူပုံများ၊ အေး၏ ဓလေ့စရိုက်များက သူ့နှလုံးသားကို အပိုင်စိုးလာခဲ့သည်။ အေးကို နှင့်သီးစွာ ချစ်မိလေသည်။

အိပ်မက်တို့သည် အေးကြောင့်ပင် တစ်ခမ်းတစ်နား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရသည်။ သူ၏ မျှော်လင့်ခြင်းမှာ ပါဝင် ပတ်သက်လာ၏။ အေးကို လွယ်လွယ် မေ့ပစ်လို့ မရ။

အေးတစ်ယောက်ကတော့ သူ့အပါးမှနေပြီး တိမ်းရှောင်ထွက်ဖို့ ကြိုးစားနေမှန်း သိသာသည်။

သူ့နှုတ်ထွက် စကား၊ သူ့ခံစားမှုများကို အေး မျက်ကွယ်ပြုရက်သည်။ ဒီဘဝမှာတော့ အေးကို ချစ်ရခြင်းအတွက် သူ နောင်တမရချင်ပါလေ . . .။

ဈွဲလမ်းတမ်းတသော အသိ၊ မြတ်နိုးတွယ်တာတတ်သော နှလုံးသားတို့ကြောင့်ပင် သေတပန်သက်တစ်ဆုံး ချစ်နေချင်သည်လေ . . .။

ဆရာစိုး လူပြန်ထွက်သည့် နေ့မှာ သူ မရောက်ဖြစ်ပေ။ နောက်နေ့မနက်ခင်းမှာ သူ့ဆီသို့ တကူးတက ဆရာစိုး ဖုန်းဆက်လာသည်။ ဆရာစိုး ဖုန်းဆက်ချိန်မှာ သူ အပြင်မှ ပြန်ရောက်ခါစပင် ရှိသေး၏။





"ခဏလေးကိုင်ထားနော်၊ သား ပြန်ရောက်လာပြီ"

စကားပြောခွက်ကို လက်ဖြင့် အုပ်ပြီး သူ့ကို မာမီ လှမ်းပြောသည်။

"သားရေ . . . သား ဆရာစိုးဆီက ဖုန်းလာတယ်"

"လာပြီ မေမေ"

ဖိနပ်ချွတ်ပြီး တယ်လီဖုန်း ရှိရာသို့ သူ အပြေးသွားသည်။

စကားပြောခွက်ကို ကောက်ကိုင်ပြီး ဆရာစိုးအား နှုတ်ဆက်လိုက်သည်။

"ဆောရီးပဲ ဆရာစိုး၊ မနေ့ကတုန်းက ဘုန်းကြီးကျောင်း လာမလို့ပဲ၊ ဒက်ဒီ ခိုင်းထားတဲ့ အလုပ်တွေ ရှုပ်သွားတာနဲ့ မလာဖြစ်တာ"

"အခုရော ကိုနောင် အားရဲ့လား"

"အားပါပြီ ဆရာစိုး၊ ဆရာစိုး ဘာလုပ်ချင်လို့လဲ"

"ကိုနောင်နဲ့ ကိုယ် စကားအေးဆေးဆေး ပြောချင်တယ်"

"ရတယ်လေ ဆရာစိုး၊ အခုချက်ချင်း ကျွန်တော် ထွက်လာခဲ့မယ်"

"အိမ်ကို မလာခဲ့နဲ့ ကိုနောင်၊ ကိုယ်တို့ ထိုင်နေကျ လက်



www.burmeseclassic.com

www.burmeseclassic.com



ကော်ရည်ဆိုင်ကပဲ စောင့်နေမယ်"

"ကောင်းပြီ ဆရာစိုး"

ဆရာစိုးနှင့် ဖုန်းပြောဖြစ်တုန်းက သူ သေချာ မတွေးမိပေ။ ဆရာစိုးရှိရာသို့ လာရာလမ်းမှာတော့ ကားမောင်းရင်း တွေးမိပြန်သည်။ ဆရာစိုးက သူ့ကို တကူးတက ဖုန်းဆက်ပြီး စကားပြောချင်သည်ဟု ဆိုလာသည်။

ဆရာစိုးအနေဖြင့် သူ့ကို ဘာတွေပြောမည် မသိ။ ဒီရက်ပိုင်းလေးအတွင်းမှာ ဖြစ်ပွားခဲ့သော သူနှင့် အေးတို့၏ ဆက်ဆံရေးကို ဆရာစိုး သိသွားသည်လား မသိ။ ဆရာစိုး ပြောဆိုမည့် စကားတို့ကို သိလိုစိတ်ဖြင့် ကားကို အရှိန်မြှင့်ပြီး မောင်းမိပြန်၏။

"ဒီဆိုင်ထက် ပိုပြီး အေးအေးဆေးဆေးရှိတဲ့ နေရာကို ကိုယ်တို့ ထပ်သွားရအောင် ကိုနောင်"

လက်ဖက်ရည်ဆိုင်မှာ ဖင်ပူအောင် မထိုင်ရခင်မှာ ဆရာစိုး ပြောလာသည်။ ဆရာစိုး၏ အကြည့်များကို သူ သရုပ်ခွဲကြည့်မိ





သည်။ ဆရာစိုး ရင်ထဲမှာ မည်မျှအရေးကြီးနေသည်ကို ဆရာစိုး မျက်နှာရိပ်မှာ လာပေါ်နေ၏။

"ရတယ်လေ ဆရာစိုး၊ ကျွန်တော့်မှာ ကားပါနေတာပဲ"

"ဒါဆို သွားမယ် ကိုနောင်"

ဆရာစိုး၏ အမူအရာကပင် ပြောင်းသွားသည်မဟုတ်။ ဆရာစိုး စကားတွေကလည်း အရင်လို မသွက်လက်တော့ပေ။ ဆရာစိုးကို ကြည့်ရင်းကပင် သူ နေရထိုင်ရ ခက်လာ၏။

နီးနီးနားနားတွင် ရှိနေသော လူရှင်းမည့် ဆိုင်တစ်ဆိုင်ကို စိတ်ထဲမှာ ရွေးပြီး အမြန်ဆုံး မောင်းထွက်ခဲ့ရသည်။ သူ့နံဘေးမှာ ဆရာစိုး ရှိနေပါလျက် စကားမဆိုပဲ ငြိမ်သက်ပြီး လိုက်ပါလာခဲ့၏။

"ဒီဆိုင်လေးကတော့ စကားအေးအေးဆေးဆေး ပြောလို့ရမယ်ထင်တယ် ဆရာစိုး"

ဆရာစိုးကို ပြောရင်းဆိုရင်း ကားထိုးရပ်လိုက်သည်။

ဆရာစိုး၏ ကိုယ်နှုတ်အမူအရာတွေကို ကြည့်ပြီး အေးနှင့် ပတ်သက်မည် . . . ကို သူ ရိပ်စားမိသည်။

ဆိုင်ထဲရောက်သည့်အချိန်အထိ သူ့ကို ဆရာစိုး စကား မဆိုပေ။ စားပွဲဝိုင်းမှာ ထိုင်ဖြစ်တော့ သူက စတင်ပြီး ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆရာစိုးမှာ အရေးတကြီး ပြောစရာတွေ ရှိနေတယ် မဟုတ်လား"

"သိပ် ဟုတ်တယ် ကိုနောင်၊ ကိုယ့် အိမ်မှာ မရှိတဲ့ရက်တွေမှာ ကိုနောင်နဲ့ အေးမြတ်မိုတို့ ဖြစ်ခဲ့ပျက်ခဲ့တဲ့ ကိစ္စတွေပဲ"

သူ့မှာတော့ ပြစ်ချက်တွေ ရှိနေသည်။ သူ တွေးထင်ထားသည့်အတိုင်း ဖြစ်လာသည်မို့ ဆရာစိုး မျက်နှာကို စေ့စေ့မကြည့်ရဲတော့ပေ။

"ဆရာစိုး ပြောချင်တာကို ပြောပါ၊ ပြီးမှ ကျွန်တော် ပြောပါမယ်"

"မင်း အေးမြတ်မိုအပေါ် ဘယ်လိုသဘောထားပြီး ရင်းနှီးဖို့ ကြိုးစားခဲ့တာလဲ ကိုနောင်"

"ကျွန်တော် ဘမင်ရည်ရွယ်ချက်တစ်ခုနဲ့ ကြိုးစားခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော့် ရင်ထဲမှာ သူ့အလိုလို ဖြစ်လာခဲ့တဲ့ အဖြစ်အပျက်ပါ၊ ဒီအတွက် အပြစ်ရှိတယ်လို့ ဆရာစိုး ယူဆရင် ကြိုက်သလို အပြစ်ပေးပါ၊ တစ်ခုတော့ ကျွန်တော် ပြောချင်ပါတယ်၊ ကြိုးစားခဲ့တယ်လို့ ဆရာစိုး ယူဆခဲ့တယ်ဆိုရင်တောင် ကျွန်တော် ကြိုးစား





မှုဟာ လိပ်ပြာ လုံ့ဝသန့်ပါတယ်၊ အရင်ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ အဖြစ်အပျက်တွေနဲ့ လုံးဝ မပတ်သက်ပါဘူး၊ ကျွန်တော် သူ့အပေါ် စိတ်ယိုင်ပြီး ချစ်သွားခဲ့တယ် ဆိုတာကလည်း တမင်လုပ်ကြံ ကြိုးစားယူခဲ့တာ မဟုတ်ပါဘူး"

သူ့မျက်နှာကို သေချာအကဲခတ်ပြီး ဆရာစိုး ပြော၏။

"သကြိန်တွင်းမှာ မင်းတို့ လျှောက်လည်ဖြစ်တယ်ဆို"

"ဟုတ်ပါတယ်"

"မင်းတို့ချင်း အတိုင်းအတာတစ်ခုအထိ ရင်းနှီးခဲ့သလား ကိုနောင်"

ဆရာစိုး၏ ကြောင့်ကြမှုကြောင့်ပင် သူ ပြုံးလိုက်မိသည်။ သူ့အကြောင်းတွေကို ဆရာစိုးက သိနေတော့ တကယ်လည်း စိုးရိမ်သင့်သည်ပဲ။

"ကျွန်တော်တို့ချင်းဆိုတာထက် ကျွန်တော်တစ်ယောက်တည်းလို့ ပြောတာက ပိုမှန်ပါလိမ့်မယ်၊ ကျွန်တော်ကတော့ အေးအပေါ် ထဲထဲဝင်ဝင်ကို ရင်းနှီးမိခဲ့ပါတယ်၊ မရှက်တမ်း ဝန်ခံရမယ်ဆိုရင် ကျွန်တော် အေးကို ချစ်မိခဲ့ပါတယ်၊ ဒါပေမယ့် အေးကတော့ ကျွန်တော့်အပေါ် သံသယ မကင်းခဲ့ဘူး၊ ဆရာစိုးလည်း သံသယရှိ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကျွန်တော်ကိုယ်တိုင်က နောက်ကြောင်းမှ မရှင်းခဲ့ပဲကိုး”

ဆရာစိုး၏ မျက်နှာရိပ်တို့သည် သူ့စကားတွေကြောင့်ပင် ညှိုးကျသွားပြန်၏။

“ကျွန်တော် ပြောတာကို ယုံပါ ဆရာစိုး၊ အေးနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့တဲ့ ကျွန်တော့် ရင်ခုန်သံဟာ ကျွန်တော့်ဘဝမှာတော့ ပထမဆုံးပါပဲ”

“ဟုတ်ပြီ၊ မင်း အေးမြတ်မိုးအပေါ် ဘယ်လောက်ထိ တွေးပြီး မျှော်လင့်ထားသလဲ ကိုနောင်”

“ကျွန်တော် အေးကို ဖွင့်ပြောဖို့ ကြိုးစားပါတယ်၊ ဒီကိစ္စကိုတော့ ကျွန်တော် ဖုံးကွယ်စရာ မလိုပါဘူး၊ အေးက စကားအစမခံပါဘူး၊ အေးဘက်ကသာ လက်ခံမယ်ဆိုရင် လူကြီးတွေကို တရားဝင်အသိပေးပြီး လက်ထပ်ယူမှာပါ ဆရာစိုး၊ ဒီစိတ်ကူးနဲ့ ဒီဆုံးဖြတ်ချက်ဟာ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး ကျွန်တော့်ဘဝမှာ ပထမဆုံး ဖြစ်ပေါ်ခဲ့တာပါပဲ”

“ထားရဲ့ စကားတွေကပဲ မင်းတို့အကြောင်းကို ငါ ရိပ်မိခဲ့တယ်၊ သံသယရှိတာနဲ့ ထားကို ပထမဆုံး ငါ ချော့မေးခဲ့တယ်၊ ထားက အကုန်ပြောတယ်၊ ထားအနေနဲ့ မိန်းမချင်းဆိုတော့ မင်းနဲ့





အေးမြတ်မိုးကို နီးစပ်စေချင်တယ်၊ ငါ ဒေါသထွက်ပြီး ထားကို တော်တော်လေး ပြောမိဆိုမိခဲ့တယ်”

“ဒီကိစ္စတွေ အားလုံးရဲ့ တရားခံဟာ မမထား မဟုတ်ပါဘူး၊ ကျွန်တော်ပါပဲ ဆရာစိုး”

“ဘာပဲပြောပြော သူဟာ လူကြီးတစ်ယောက်ပဲ၊ အခြေအနေ အားလုံးကိုလည်း သူ သိနေတာပဲ၊ မဖြစ်သင့်တဲ့ကိစ္စကို မီးလောင်ရာ လေပင့်ပေးသလိုမျိုး သူ မလုပ်သင့်တာ အမှန်ပဲ”

“မဟုတ်သေးပါဘူး ဆရာစိုး”

“နေဦး ကိုနောင်၊ ကိုယ့်စကား မဆုံးသေးဘူး၊ အေးမြတ်မိုကိုလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုယ်မေးပြီးပြီ၊ မဖြစ်နိုင်ဘူးဆိုတာကို သိရက်နဲ့ ဒီလိုနေခဲ့ထိုင်ခဲ့တဲ့အတွက် သူ့မှာလည်း ပြောစရာဖြစ်ရတာ အမှန်ပဲ”

သူ့ကို ရှေ့မှာထားပြီး ဆရာစိုး၏ ဒေါသမြားဦးတွေက မမထားတစ်ယောက်သာမကပဲ အေးဘက်ကိုပါ လှည့်လို့လာ၏။

“ဒီအဖြစ်အပျက်တွေမှာ တာဝန်အရှိဆုံးသူ၊ ကျွန်တော်ပါပဲ၊ ကျွန်တော်ရဲ့ ဖြားယောင်းမှုတွေ အောက်ကို အေး ရောက်ခဲ့ရသူပါ ဆရာစိုး၊ အေးမှာလည်း အပြစ်မရှိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဆရာစိုး သက်ပြင်းမော မှုတ်ထုတ်လိုက်၏။ သူ့ကို စေ့စေ့ကြည့်ရင်းက ဆရာစိုး ပြောသည်။

"အလည်လွန်တဲ့ ဘီးဟာ မစင် နင်းမိတတ်တယ်ဆိုတဲ့ စကားပုံက မင်းအတွက် လာမှန်နေပြီ ကိုနောင်၊ အေးမြတ်မို့ အကြောင်းကို မင်း ဘာတွေ သိထားလဲ"

ဆရာစိုး စကားကို ပြန်ဖြေဖို့အတွက် သူ စကားစ ရှာကြည့်သည်။ စိတ်ထဲ ဖြစ်လာသည်ကို အရိုးရှင်းဆုံး သူ ပြောလိုက်သည်။

"လုံ့တစ်ယောက်လို ချစ်မိစေဖို့ စေ့ဆော်တဲ့နေရာမှာ စဉ်းစားတွေးခေါ် မှုတွေက နောက်မှာ အမြဲကျန်ခဲ့ရတာချည်းပါပဲ၊ ကျွန်တော်လည်း ဒီသဘောပဲ၊ အေးရဲ့အကြောင်းကို သိစရာမှ မလိုပဲ"

"လိုတယ် ကိုနောင်၊ လိုအပ်တယ်၊ မင်းအလုပ်သင့်ဆုံးက အေးမြတ်မို့နဲ့ တတ်နိုင်သမျှ ဝေးဝေးနေဖို့ပဲ ကိုနောင်"

"ဒါ မဖြစ်နိုင်ဆုံး ကိစ္စပဲ ကိုနောင်"

"မင်းကို ငါပြောလိုက်ရင် ဒီနေရာမှာပဲ ပုံရက်သားလဲနိုင်တယ်၊ ဒါပေမယ့် ငါ ပြောမထွက်ဘူး ကိုနောင်၊ တစ်နေ့မှာတော့ ဒီအကြောင်းတွေကို မင်းသိလာလိမ့်မယ်"

"အဲဒီနေ့ကို ကျွန်တော်အခုပဲ ရင်ဆိုင်လိုက်ချင်တယ်





ဆရာစိုး၊ ကျွန်တော်နဲ့အေး နီးနိုင်သမျှနီးအောင် ကျွန်တော်အမြဲကြိုးစားနေမယ်"

ဆရာစိုး၏ စကားများကို မျက်ကွယ်ပြုပြီး သူ တင်းခံလိုက်သည်။

"ကောင်းပြီကိုနောင်၊ မင်းကို ရွေးချယ်စရာလမ်းနှစ်ခု ပေးမယ်၊ အေးမြတ်မို့နဲ့ နီးဖို့ ဆက်ကြိုးစားမယ်ဆိုရင် ငါနဲ့ လုံးဝမပတ်သက်နဲ့တော့၊ ငါ့မမြင်ကွယ်ရာမှာ မင်းကြိုက်သလို လုပ်နိုင်တယ်၊ ငါနဲ့ ဆက်ပတ်သက်နေချင်သေးတယ် အခေါ်အပြော လုပ်ချင်သေးတယ်ဆိုရင်တော့ အေးမြတ်မို့နဲ့ ကင်းနိုင်သမျှ ကင်းအောင် နေပေးပါ၊ ဒါပဲကွာ"

ဆရာစိုးကတော့ တရားဝင် စစ်ကြေငြာပြီး သူ့ရှေ့မှ ထွက်သွားလေ၏။

သူရွေးချယ်ဖို့ လမ်းနှစ်သွယ်ကိုလည်း ခင်းပြသွားသည်။

"ဆရာစိုး"

သူခေါ်သော်လည်း ဆရာစိုး လှည့်မကြည့်။

ရွေးချယ်ခြင်း ရွေးချယ်မည်ဆိုပါက အေးနှင့်ပတ်သက်ပြီးတော့ပဲ သူရွေးချယ်ရတော့မည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိုးစကားအရ ဆိုရင်တော့ ဆရာစိုးနှင့်သူ မျက်နှာချင်းဆိုင်ဖို့ မလွယ်တော့တာ သေချာသလောက် ရှိနေသည်လေ။

ဆရာစိုးကို မခင်၍မဟုတ်၊ ဆရာစိုးအပေါ် သံယောဇဉ်မရှိ၍မဟုတ်၊ အေးနှင့်မခွဲနိုင်သောကြောင့်ပင် ဒီလမ်းကို သူရွေးလိုက်ရခြင်းဖြစ်၏။ သူရွေးချယ်ခြင်းအပေါ် ဆရာစိုး နားလည်ပေးနိုင်ပါစေလို့သာ ဆုတောင်းရတော့မည်ပဲ။

ရှေ့လျှောက်ဘာတွေ ဆက်ဖြစ်ပြီး ဘာတွေကို ရင်ဆိုင်ရမည်မသိ။ နှလုံးသားအသိဖြင့် သူ ဆုံးဖြတ်ခဲ့သည်။

သူ့ဆုံးဖြတ်ချက်ကို အေးကရော သဘောတူ လက်ခံပါမည်လားလေ။



ညာရက်တာကွယ်
လာမယ်ပြောပြီး ရင်ထဲမီးမြိုက်
အပူတိုက်သလား၊ သူ့စကား သူ့အသံ
မြှန်လို့ကြားယောင်
နားထောင်ကောင်းအောင် ပြောတတ်တာ . . .။

www.burmeseclassic.com

www.burmeseclassic.com

၁။

"ကိုနောင့်မှာ ပြောစရာစကား ရှိသေးလို့လား"

"ရှိတာပေါ့ အေး၊ ပြောစရာတွေက ပို့ပိုလို့တောင်များလာသေးတယ်"

"ပြောစရာမှ မလိုတော့ဘဲ ကိုနောင်ရယ်၊ ဇာတ်လမ်းကသူ့အလိုလို ပြီးနေပါပြီ"

"အေးက ပြီးပြီလို့ ယူဆပေမယ့် ကိုနောင့်ဘက်က မပြီးသေးဘူးဆိုရင် အေး ဘာပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ကိုနောင်"

"မဖြစ်နိုင်ဘူးလို့ ဘာအတွက် အေးပြောရတာလဲ"

"အေးက ကိုနောင် ထင်ထားသလို အပျို မဟုတ်ဘူး ကိုနောင်၊ အေး အိမ်ထောင်ကျခဲ့ဖူးတယ်၊ အေးဟာ အိမ်ထောင်ပျက်ဖူးတဲ့ မိန်းမတစ်ယောက်ပါ ကိုနောင်"

◎

"ခက်တယ် ကိုနောင်ရယ်၊ ပထမ အဖြစ်အပျက်တုန်းက လွယ်လွယ်နဲ့ တွေးပြီး အေး ဆုံးဖြတ်ခဲ့လို့ မှားခဲ့ဖူးတယ်၊ ဒုတိယကြိမ် မြောက်အမှားကို အေး ထပ်ပြီး မကျူးလွန်ချင်ဘူး၊ အေးကို နားလည်ပေးပါ ကိုနောင်"

"မှားတယ်မှန်တယ် ဆိုတာဟာ ပြီးခဲ့တဲ့ အဖြစ်အပျက်ရဲ့ အကျိုးဆက်တွေကို ကြည့်ပြီး ပြောကြဆိုကြ ဆုံးဖြတ်ကြတာပါ ပထမလူကြောင့် ဖြစ်ခဲ့တဲ့ ရလဒ်ဟာ ဒုတိယလူအပေါ် မှာတော့ ဆက်ပြီး အကျိုးမသက်ရောက်နိုင်ပါဘူး အေး၊ လူတစ်ကိုယ်မှာ စိတ် တစ်မျိုးစီ ရှိကြတာပဲ၊ အသက်ရှူချင်းလည်း ကွဲကြတယ်၊ အေး နား





လည်ရဲ့လားဟင်"

"အေး မဖြေချင်ဘူး ကိုနောင်"

"ဖြေရမယ် အေး၊ ကိုနောင့်အတွက် အေး ဖြေကိုဖြေရမယ်၊ အေးကို, ကိုနောင်နားလည်သလို အေးလည်း ကိုနောင့်အပေါ် ပြန်ပြီးနားလည် ပေးသင့်တယ်"

◎

"မဖြစ်နိုင်တဲ့ အခြေအနေမှာ ရှင်သန်ထမြောက်ဖို့ ကြိုးစားနေတဲ့ ကိုနောင် နှလုံးသားကို အေး ကိုယ်ချင်းမစာဘဲ ပြောနေတာ မဟုတ်ဘူး၊ အေးရဲ့ ကုသိုလ်ကံကိုက မကောင်းခဲ့တာပါ ကိုနောင်၊ အေးကြောင့် ကိုနောင့်မှာ စိတ်ဆင်းရဲစရာတွေ ဖြစ်မလာစေချင်ဘူး"

"အေးနဲ့သာ မဆုံရရင် အေးအချစ်ကိုသာ ပိုင်ဆိုင်ခွင့် မရရင် ကိုနောင် စိတ်ဆင်းရဲရမှာ အေး၊ ချစ်သူနဲ့ ကွေကွင်းရခြင်းလောက် ဆင်းရဲတဲ့ ဒုက္ခရှိဦးမှာလား အေးရယ်"

"ကိုနောင်နဲ့အေးတို့ မတွေ့ဖြစ်ခဲ့ကြရင် အရမ်းကောင်းမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ခဲ့ကြလို့ မဆုံဖြစ်တာက အကြောင်းမဟုတ်ဘူး၊ တွေ့ခဲ့ကြုံခဲ့ကြပြီးမှ မဆုံဖြစ်ရင်သာ ဝမ်းနည်းပူဆွေးရမှာ၊ ကိုနောင် ဖြေလို့ ရမှာမဟုတ်ဘူး"

"ကိုနောင့် စိတ်တွေကို အေး နားမလည်ချင်ဘူး၊ တကယ်တော့ အေးကိုယ်တိုင်က စိတ်ပျော့လွန်းတာပါလေ"

"သူစိမ်းတွေ မဟုတ်ဘူးဆိုတဲ့ အသိက အေးမှာ ရှိနေတာပဲ၊ ဘာကြောင့်များ ရှောင်ထွက်ချင်ရတာလည်း အေး၊ အေးရဲ့ ခြေလှမ်းတွေကို အမြန် ရပ်လိုက်ပါ၊ ကိုနောင် မောလှပြီ အေး၊ ကိုနောင်တင် မဟုတ်ပါဘူး၊ အေးကိုယ်တိုင်လည်း မောပန်းနေမှာပါ၊ ကိုနောင်တို့ အချင်းချင်း နားလည်ခံစားတတ်နေကြတာပဲကွယ်"

"နားမလည်ချင်သလို မခံစားချင်ဘူး ကိုနောင်၊ ဒဏ်ရာသင့်ထားတဲ့ နှလုံးသားက အမှတ်ကြီးတယ်၊ ကိုနောင့်ကို ယုံရဲဖို့နဲ့ ကံကြမ္မာကို ပုံအပ်ဖို့ အေးမှာ သတ္တိနည်းတာ အမှန်ပဲ"

"အေး ဖြစ်ခဲ့ ပျက်ခဲ့တာတွေကို ပြောပြပါလား၊ ကိုနောင် သိခွင့်ရရင် သိချင်တယ်"

"ပြောပြပါ့မယ် ကိုနောင်၊ ဘဝကို ရှုံးနိမ့်စေခဲ့တဲ့ အမှားတွေကို ပြောပြပါ့မယ်၊ ကိုနောင် သိသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့





အဲဒီတုန်းက ကိုနောင့်လိုပဲ အေးကိုယ်တိုင်က မိုက်မိုက်မဲမဲနဲ့ ရူးသွပ်စွာ ချစ်ခဲ့မိလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

၂။

"သူက အေးထက် အသက်ငါးနှစ်ကြီးတယ်၊ သူ့ကို စတွေ့တဲ့ အချိန်က အသိနုတဲ့ အချိန်၊ သူများပြောတာ ဆိုတာကို အယုံလွယ်တဲ့ အချိန်ပါ၊ သူ့မိဘတွေနဲ့ သူ့အသိုင်းအဝိုင်းက အေးတို့ မြို့မှာ အတော်လေးကို ကြွယ်ဝချမ်းသာကြတယ်၊ အေးတို့ကတော့ အများသူငါနည်းတူ သာမန်မျှပါပဲ။

သူ့မိဘ အသိုင်းဝိုင်းကို သိပေမယ့် သူ့ကိုတော့ အမှတ်မထားခဲ့မိဘူး၊ သူက မြို့မှာ အနေနည်းတယ်လို့ ပြောသံကြားဖူးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခါတလေမှ လာတာတဲ့၊ သူ မြို့ကို လာခိုက်မှာ အေးနဲ့ဆုံဖြစ်တယ်၊ အေးကို သူက မျက်စိကျတယ်၊ နည်းမျိုးစုံ သုံးပြီး အေးအချစ်ကို ရယူဖို့ သူ ကြိုးစားခဲ့တယ်၊ နှစ်လလောက်ကြာတော့ မြို့ကနေပြီး သူ ပြန်ပျောက်သွားတယ်၊ သူ့ကို မတွေ့တော့ [illegible]နေတတ် မထိုင်တတ်သလို ခံစားရတယ်၊ နီးစပ်ရာ သူငယ်ချင်းတွေ ဝိုင်းစတော့ ငိုချင်မိတယ်၊ အဲဒီကတည်းကိုက သူ့အပေါ် စိတ်ယိုင်ခဲ့တာ နေမှာပါ၊ အေးတစ်ယောက်တည်း ဖြစ်ပျက်နေတာကို အိမ်က လူကြီးတွေက ဘယ်ရိပ်မိပါ့မလဲ။

အေးတို့ ဆယ်တန်းအောင်စာရင်း ထွက်ပြီး သိပ်မကြာခင် ရက်တွေမှာပဲ သူ မြို့ကို ပြန်ရောက်လာတယ်၊ သူ ထပ်မံပြီး အေးကို ဖြားယောင်းသိမ်းသွင်းတယ်၊ သူ့စကားတွေကို ယုံမိတယ်၊ မြို့ကနေပြီး ထပ်ပျောက်သွားဦးမလားလို့ အေး သူ့ကို မေးမိတယ်၊ အေးက ချစ်တယ်လို့ ဖြေရင် ပျောက်သွားမှာ မဟုတ်ဘူးလို့ သူပြောတယ်၊ သူ့ကို ချစ်တယ်လို့ အေး ပြောဖြစ်ခဲ့တယ်"





"ခွဲလမ်းချစ်မြတ်နိုးစိတ်ဟာ လူတစ်ယောက်ကို ရူးသွပ်သွားစေနိုင်သလို၊ အမှားပေါင်းများစွာကိုလည်း ဆက်တိုက်ကျူးလွန်စေတဲ့ သဘောသဘာဝလည်း ရှိတယ်၊ ကိုနောင့်ကိုလည်း အဲဒီလို ဖြစ်မှာစိုးတယ်"

"အေးနဲ့ ချစ်တာကို သူ့ မိဘတွေက သဘောကျမှာ မဟုတ်ဘူး၊ အေးကို မခွဲနိုင်ဘူးလို့ ပြောတယ်၊ တကယ်တော့ အေးတို့ နှစ်ယောက်ချင်းပဲ ဖြစ်ပျက်ခဲ့ကြတာ၊ တကယ်တမ်း ပြဿနာဖြစ်လာတော့ သူ့ အသိုင်းဝိုင်းက အေးကိုရော အေးမိဘတွေကိုပါ ပုံချခဲ့ကြတယ်။

သူ့စကားကိုယုံပြီး သူ့ခေါ်ရာနောက်ကို လိုက်ခဲ့တယ်၊ အေးလည်း ကြားဖူးနားဝစကားနဲ့ တရားရုံးမှာ လက်မှတ်မထိုးဘူးလားလို့ မေးမိတယ်၊ အေးအလိုကို အဲဒီအချိန်က လိုက်လျောပြီး တရားရုံးမှာ လက်မှတ်ထိုး ဖြစ်ခဲ့တယ်၊ အေးကိုယ်တိုင်က တောင်းဆိုပြီး အေးကိုယ်တိုင် ထိုးဖြစ်ခဲ့တဲ့ လက်မှတ်တစ်ခုဟာ အေးဘဝကို ချုပ်နှောင်လိုက်မှန်း အဲဒီအခါက မသိခဲ့ရိုး အမှန်ပါပဲ ကိုနောင်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်လလောက် အပျော်ကြီး ပျော်ခဲ့ကြပြီးမှ မြို့ကို ပြန်လာဖြစ်တယ်၊ သူ့အိမ်မှာပဲ နေခဲ့ရတယ်၊ ပြစ်တင်ပြုစုသံတွေကို စရောက်ကတည်းက ခေါင်းငုံ့ခံခဲ့ရတယ်။

သူနဲ့ ခိုးရာလိုက်ပြေးတာ ဟိုးလေးတခုကျော် ဖြစ်ခဲ့တယ်၊ အဖေတို့က ပြန်အပ်စေချင်ကြတယ်၊ အေးကို သူ ပြန်အပ်ခဲ့တယ်။

မင်္ဂလာဆောင်ဖို့ စကားပြောတော့မှ ပြဿနာ စတော့တာ၊ သူ့မှာ မယားကြီး ရှိတယ်၊ မင်္ဂလာဆောင်ချင်ရင်တော့ သူတို့ လုပ်ပေးမယ်လို့ အေး အဖေကို ပြောလွှတ်လိုက်ကြတယ်၊ အဖေက ဒေါသထွက်ပြီး အေးကို သတ်မယ် တကဲကဲ လုပ်လာတယ်၊ အေးလည်း ကြောက်တာနဲ့ သူ့ဆီ ပြန်ပြေးရတယ်၊ သူက အေးမိဘတွေဆီကို ပြန်မလွှတ်တော့ဘူး။

သူ့မှာ မယားကြီးရှိတာ ဟုတ်လားလို့ မေးတော့ သူအလွယ်တကူပဲ ခေါင်းညိတ်ခဲ့တယ်၊ အိမ်ပြန်ရင်လည်း အဖေက သတ်မယ်၊ ဒီမှာ ဆက်နေရင်လည်း ပြဿနာက မအေးဘူး။ သူကတော့ ဖျောင်းဖျတယ်၊ တရားဝင်လည်း လက်ထပ်ခဲ့ပြီးပြီ၊ မင်္ဂလာပွဲ ဖြစ်အောင် လုပ်ပေးမယ်ဆိုပြီး မင်္ဂလာပွဲ လုပ်တယ်၊ အေးမိဘတွေ အေးအသိုင်းဝိုင်းက လူတွေ လုံးဝ မလာကြဘူး၊ အေးကိုလည်း အခေါ်အပြော





မလုပ်ကြတော့ဘူး။

သူ့စကားတွေက တရားလက်လွှတ် နိုင်သလိုပဲ၊ မယားငယ်ဆိုတဲ့ စကားက တကယ် မရှိဘူးတဲ့၊ အရင်မိန်းမနဲ့ ကွာရှင်းဖို့အေး ပြောမိတယ်၊ ချက်ချင်းကြီးတော့ မဖြစ်ဘူး၊ နောက်တော့ ဖြစ်မှာပေါ့လို့ အချိုသတ်ခဲ့တယ်။

မင်္ဂလာဆောင်ပြီး နှစ်လလောက် ကြာတော့ အလုပ်ကိစ္စဆိုပြီး သူ မြို့က ထွက်သွားတယ်၊ သူ့အသိုင်းဝိုင်းက ကျွန်မကို နှိမ်ကြတယ်၊ ကလေးယူဖို့ စိတ်မကူးနဲ့တဲ့၊ ကလေးတိုးလိုးတွဲလောင်းနဲ့ဆိုပိုပြီး ဒုက္ခရောက်မယ်လို့ ဝိုင်းပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

၃။

"တစ်လလောက် ကြာတော့ သူ ပြန်လာတယ်၊ နောက်တစ်ခါ ထွက်သွားမှာကို စိုးရိမ်ပြီး သူ သွားရင် လိုက်ပါရစေဆိုပြီး တောင်းဆိုမိတယ်၊ ပိုက်ဆံလည်း အလုံအလောက် ပေးထားခဲ့တာ၊ အလုပ်နဲ့ သွားတာ လိုက်လို့ မဖြစ်ဘူးလို့ ခပ်မာမာပဲ ပြောတယ်။

ဒီလိုနဲ့ အေးဆီမှာ ခဏနေလိုက် ထွက်သွားလိုက်နဲ့ လုပ်လာတော့ တဖြည်းဖြည်း သဘောပေါက်လာတယ်၊ ကရားဝင် လက်ထပ်ထားလို့ မယားပြိုင်ပဲခေါ်ခေါ် ဘာကယ်တမ်းကျတော့ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



နေရာပါပဲ၊ နှစ်ယောက်ပေါင်းတဲ့ အလုပ်ကိုတော့ သဘောမကျဘူးလို့ သွေးတိုးစမ်းပြီး ပြောကြည့်တယ်၊ သူ ပြန်ပြောတဲ့ စကားက အတော် အသည်းနာဖို့ ကောင်းတယ်၊ ဒီလိုပဲ နေရမယ်တဲ့၊ အေးကိုတော့ လုံးဝ မကွာပေးနိုင်ဘူးတဲ့၊ သူ့အရင်အိမ်ထောင်ကိုလည်း အပြီးကွဲ မခံနိုင်ဘူးတဲ့၊ ဒုက္ခခံပြီး ငရဲကျနေတယ်ဆိုတာကို မြင်လာတယ်၊ ထင်ရာကို ထွက်သွားဖို့ ကျပြန်တော့လည်း ပိုပြီး ပျက်စီးတဲ့ဘဝကို ရောက်သွားမှာ ကြောက်မိပြန်ရော။

ဒီလိုနဲ့ပဲ အေးတို့မြို့ကို လေးလေး ခဏ ပြန်ရောက်လာတယ်၊ အဲဒီအချိန်မှာ သူကလည်း ထုံးစံအတိုင်း ခရီးသွားနေတယ်၊ လေးလေးနဲ့ တိတ်တဆိတ် တွေ့ပြီး ရင်ဖွင့်တယ်၊ လေးလေးက စိတ်ပြတ်နိုင်ရဲ့လားလို့ မေးတယ်၊ အေးက ပြန်ဖြေတယ်၊ ဒီတစ်သက်တင် မဟုတ်ဘူး၊ ဘဝဆက်တိုင်း ပြတ်တယ်၊ ရွံလည်း ရွံမိတယ်၊ မုန်းလည်း မုန်းတီးမိတယ်၊ ဒီလိုနဲ့ပဲ ဘယ်သူမှ မသိအောင် လေးလေးနောက်ကို အေး လိုက်ခဲ့ရတာပဲ"





"ဒီအကြောင်းတွေကို လေးလေးက ပြောပြချင်ပေမယ့် ကိုနောင့်ကို ကြည့်ပြီး ပြောမထွက်ခဲ့တာ၊ အေးလည်း ဒီအတိုင်းပါပဲ ကိုနောင်၊ တကယ်ဆိုရင် အေးက တစ်ဖက်သတ် စိတ်ပြတ်နာကျည်းပြီး ထွက်လာခဲ့တာ၊ သူနဲ့က တရားဝင် ကွာရှင်း ခဲ့ကြတာမျိုး မဟုတ်ဘူး ကိုနောင်"

"ဒါဆိုရင် မင်းနဲ့ ငါက"

"ဟုတ်တယ် ကိုနောင်၊ ကိုနောင့်အဖြစ်ကို ကိုနောင် တွေးကြည့်ဦးပေါ့၊ လေးလေး ပြောမထွက်ခဲ့တာ ဒါကြောင့်ပဲ"

"မင်း ငါ့ကို စောစောကတည်းက ကြိုပြောရောပေါ့ အေးရာ"

"အေး ဘယ်လို ရှင်းပြရမလဲ ကိုနောင်ရယ်၊ ကိုနောင် အေးကို မသတိတော့ဘူး မဟုတ်လား"

"မသတိရုံတင် မကဘူး၊ ငါ ကြောက်သွားတယ်၊ ငါ့ကိုယ်ငါ တွေးကြည့်မိတယ်၊ ငါ့နှလုံးသားကို လောင်မြိုက်သွင်းနေသလိုမျိုး ဖြစ်နေတယ်၊ အဲဒါ မင်းကြောင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပြောင်းလဲသွားသော ကိုနောင့်အမူအယာတွေနှင့် စကားလုံးတွေကြောင့်ပင် သူမ မျက်ရည်ကျခဲ့ရသည်။

တကယ်တမ်း ပြန်လည်တွေးမိသောအခါမှ အိပ်မက်ဆိုတာ သိရပြန်၏။ သူမ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတွေနှင့် ရောထွေးပြီး ကိုနောင့်ကို အိပ်မက် မက်ဖြစ်ခဲ့၏။

အိပ်မက်ထဲမှာ ကျဖြစ်သော မျက်ရည်သည် ပါးပြင်မှာပင် စွန်းထင်နေ၏။

အိပ်မက် မက်ပြီးနောက် သူမ ပြန်ပြီး အိပ်မပျော်တော့ပေ။ အိပ်ရာထက်မှာ လှဲလျှောင်းရင်းက နာရီကို ကြည့်မိ၏။

အာရုံတက်ကျော်လွန်၍ ရောင်နီပင် သန်းနေ၏။

လေးလေးနှင့် ကိုနောင်တို့တွေ့ဆုံကြပြီး နောက်ပိုင်းမှာတော့ အိမ်ကို ကိုနောင် လာခွင့် မရတော့ပေ။ လေးလေးနှင့်လည်း မျက်နှာချင်း မဆိုင်တော့ပေ။

မမထားတစ်ယောက်ကတော့ လေးလေး မသိအောင် သူမနှင့် ကိုနောင်ကို အမြဲလိုလို ဆက်သွယ်ပေး၏။ မမထားကတော့ သူမနှင့် ကိုနောင်ကို ဖြစ်စေချင်၏။ လေးလေး သိသွားခဲ့ရင်တော့ မမထား လွယ်မှာ မဟုတ်ပေ။





ကိုနောင်ကလည်း သူမအပေါ် တွယ်တာသည်ထက် တွယ်တာခဲ့သည်။ အဆုံးမဲ့ အုပ်မိုးသော ကောင်းကင်အောက်မှာ သံယောဇဉ်နှင့် မျက်နှာချင်းဆိုင်ခွင့် ရရန် ကံကြမ္မာက ဖန်တီးခဲ့၏။ ရင်မှ ခံစားရာကြောင့်ပင် ကိုနောင့်နှလုံးသား အဖြစ်အပျက်တို့အား မျက်ကွယ်ပြုခဲ့ရသည်။

အချစ်သည် ပထမအကြိမ်ကတည်းကပင် သူမ ဘဝကို လေနီကြမ်းဆင်ပြီး မွှေ့ရမ်းခြွေချခဲ့ဖူးလေ၏။ ထိုအိပ်မက်ဆိုးကြောင့် ခင်ရှေ့တိုးနောက်ဆုတ်ဖြစ် ဝေဝါးရသည်။ ကိုနောင်တစ်ယောက်ကတော့ သူမရင်ထဲသို့ ထဲထဲဝင်ဝင် ဖြစ်အောင် ဝင်ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၄။

"သိပ်ပြီးတော့ အိပ်ရေးပျက်မခံနဲ့ ကိုနောင်၊ စာမေးပွဲရက်မှာ ဖျားနာနေပါဦးမယ်"

ကိုနောင်နှင့်ဆုံတော့ မက်ခဲ့သော အိပ်မက်ကို အလိုလိုမေ့ပျောက်သွား၏။ ကိုနောင့်ကို ကြည့်ရင်းက စိုးရိမ်စွာပြောသလို ဆိုမိသည်။

"ဒီနှစ် စာမေးပွဲ အောင်မှဖြစ်မယ်၊ ပို ကြိုးစားရမယ်၊ မဟာတွေဘာတွေ ဆက်တက်ခွင့်ရရင် ပိုကောင်းမယ် အေး၊ သကြံန်ပြီးတာနဲ့ မာမီတို့ကို ကိုနောင် ဖွင့်ပြောမယ် အေး၊ အေးနဲ့အတူ နေရ

www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုနောင် စိစဉ်မယ်"

ဂတ် မျှော်လင့်ချက်တွေကို အားပါးတရဖြင့် ကိုနောင် ပြောနေသည

ကိုနောင့်ကို မမြင်တွေ့အောင် သူမ ရှောင်နေခဲ့သေး၏၊ ကိုနောင်က တစ်စက်လေးမှ စိတ်ဓာတ်ကျမသွားခဲ့ပေ။ ကိုနောင်၏ ကြင်နာတရားကို မျက်ဝါးထင်ထင် တွေ့ရလေ သူမရင်မှာ ပိုပြီး အခဲခက်ရလေ ဖြစ်၏။

"အေးဆီက ဘာနှုတ်ကတိမှ မရဘဲနဲ့ ကိုနောင် ဘာမှမစီစဉ်ရဘူးနော်၊ အေးပြောတာကို နားမထောင်ရင် ကိုနောင် မမြင်နိုင်တဲ့ နေရာကို အေး အပြီးထွက်သွားမှာ"

"ဒီစကားပြောတာ နောက်ဆုံး ဖြစ်ပါစေ အေးရာ၊ နောက်ထပ် ကိုနောင် မကြားပါရစေနဲ့၊ အေးဆီက အဖြေစကားကိုပဲ ကိုနောင် ကြားချင်တယ်"

"အချိန်တန်ရင် အေး ဖြေပါ့မယ်၊ အတိုင်းအတာ တစ်ခုအထိတော့ ကိုနောင် စိတ်ရှည်ပေးပါ"

ကိုနောင့်အပေါ် ကရုဏာတရား ပိုမိခဲ့၍ ဒီစကားကို အေးပြောပြီး နှစ်သိမ့်ခဲ့မိသည်။ အချိန်တွေကြာအောင် တမင် လုပ်နေေ





ခြင်း ဖြစ်၏။ ကိုနောင်တစ်ယောက် သူမအပေါ် အလိုလို စိတ်ပျက်ငြီးငွေ့သွားရင် ကောင်းမည်ဟု အမြဲတွေးဖြစ်ခဲ့၏။

"ကိုနောင် ရှုပ်ခဲ့ပွေခဲ့တာအပေါ် သံသယ ရှိတာနဲ့ အချိန်တွေ စောင့်ကြည့်နေတာလား အေး၊ အဲဒီသဘောဆိုရင်တော့ အချိန်တွေကို အေး အလကား ဖြုန်းတီးပစ်သလို ဖြစ်နေမှာ၊ လူ့ဘဝဆိုတဲ့ ကာလတိုလေးမှာ ချစ်ချစ်ခင်ခင် မြတ်နိုးရမယ့် ရက်တွေ နည်းသထက် နည်းသွားလိမ့်မယ်"

"အဲဒီသဘောလည်း ဖြစ်ကောင်းဖြစ်မှာပေါ့ ကိုနောင်"

ကိုနောင်နှင့် ပတ်သက်လာလျှင် အမြဲလိုလို စကားကို အလေးထားပြီး မပြောဆိုဖြစ်ခဲ့ပေ၊ အမှတ်မရှိတတ်သော ကိုနောင်ကတော့ သူမ၏ သံယောဇဉ်တို့ကို တစ်နေ့တခြား ပို ပိုလာစေရန် ပြုတတ်၏။

"အေးနဲ့ကျမှ ကိုနောင် ဘာဖြစ်တယ် မသိဘူး၊ တကယ်ပြောတာ အေး၊ သွေးအေးပြီး သူ့စိမ်းဆန်ချင်လွန်းတဲ့ သူကိုမှ ကိုနောင် ပိုပြီး တွယ်တာမိသလား မသိဘူး၊ တွယ်တာ,တာထက်ကို ပိုတဲ့ ချစ်မြတ်နိုးတဲ့ စိတ်ကြောင့်ပဲ ဖြစ်တာနေမှာပေါ့နော် အေး"

"မပြောတတ်ဘူးလေ၊ ကိုနောင် ရင်ထဲမှာ ရှိနေတာကို



www.burmeseclassic.com

www.burmeseclassic.com



အေး ဘယ်မြင်နိုင်စွမ်းရှိပါ့မလဲ"

တကယ်တမ်းကျတော့ ကိုနောင့်ရင်ကို သူမ နားလည်သည်။ မပြတ်သားသောစိတ်တွေကြောင့်ပင် ကိုနောင်နှင့် တွေ့တွေ့နေရခြင်း ဖြစ်၏။

"မဖြစ်နိုင်ပါဘူး၊ တကယ်ပဲ အေး မစာနာတတ်ဘူး ဆိုရင် ကိုနောင့်အပေါ် ဒီထက်မက ရက်စက်မှာပါ၊ အေးသံယောဇဉ် ရှိတာကို ကိုနောင်သိတယ်"

"သိရင်လည်း ပြီးရောပေါ့ ကိုနောင်ရယ်"

"ဒီလိုတော့ ပြီးစလွယ် မပြောပါနဲ့ အေး၊ ကိုနောင်ဇို့ သဘောတူထားတဲ့အတိုင်း သကြံန်ရောက်တာနဲ့ အေး အဖြေပေး မှာနော်၊ ဒီထက်ပိုပြီး ကိုနောင့်ကို မညှဉ်းချင်ပါနဲ့ အေးရယ်၊ ကိုနောင် တောင်းပန်ပါတယ်"

နားပူနားဆာ လုပ်လွန်းအားကြီးသောကြောင့် ပြီးစလွယ် ကတိစကား ဆိုခဲ့သည်။ ကိုနောင်က အမြဲ အမှတ်ထားပြီး အမြဲပြော လေ့ရှိ၏။

"အဲဒီအကြောင်းကို ခဏခဏ ပြောပါများလာရင် ကိုနောင်နဲ့ လာမတွေ့တော့ဘူးနော်၊ လေးလေးမသိအောင် တွေ့ရတာ





ဒါတောင် လေးလေးက ရိပ်မိရင် ရိပ်မိနေမှာ"

"ကိုနောင်ကတော့ အေးနဲ့ပတ်သက်ပြီး ဆရာစိုးနဲ့ တကယ်ကို ဝေးသွားခဲ့တာ လမ်းမှာ အမှတ်မဲ့ တွေ့ကြရင်တောင် တိုင်ပင်မထားဘဲ ကိုယ်စီ ရှောင်သွားခဲ့ကြတယ်"

"လူကြီးမကြိုက်တဲ့ ကိစ္စကို လုပ်ခဲ့မိတာကိုး၊ ဒီလောက်တော့ ခံရမှာပေါ့"

"ဆရာစိုးကလည်း အတွေးသိပ်များလွန်းပါတယ်၊ သူ့တူမချောချောလေးအတွက် အရမ်း အကဲပိုတာပါ၊ အကြောင်းသိတွေဆိုတော့ မယုံရဲလို့ နေမှာပေါ့၊ နောက်တော့လည်း အဆင်ပြေသွားမှာပါ၊ ဒီလိုပဲ မဟုတ်လား အေး"

"ဟုတ်ရင် ဟုတ်မှာပေါ့"

"ဟုတ်ကို ဟုတ်ရမှာ အေး၊ အေးဆီက အဖြေရပြီဆိုတာနဲ့ ကိုဒီတို့မာမီတို့ကို လာပြောခိုင်းမှာ၊ ဒါဆိုရင် ကိုနောင့်အပေါ် ဆရာစိုး ယုံကြည်ပြီး စိတ်ပြေသွားမှာ၊ အခုအချိန်မှာတော့ ဆရာစိုး အထင်လွဲတာကို ခံနေရမှာပဲ၊ အေးဆီက တိတိကျကျ အဖြေမှ မရသေးဘဲကိုး"

ကိုနောင်ကတော့ သူ့အထင်နှင့် သူ ရမ်းပြောနေ၏။ အေး



www.burmeseclassic.com

www.burmeseclassic.com



လေးအနေနှင့်က ကိုနောင် ထင်သလို မဟုတ်။ သူမ ဖြစ်ပျက်ခဲ့ဖူးသော နောက်ကြောင်းတွေနှင့် ပတ်သက်ပြီး ပြောမထွက်ရက်ခြင်းပဲ ဖြစ်၏။

ကိုနောင်၏ ချစ်ခြင်းတရားကို လေးလေးက တမင် မျက်ကွယ်ပြုခဲ့ခြင်း ဖြစ်သည်။ ဒီလိုမှ မလုပ်ရင် သူမနှင့် ကိုနောင်တို့ကြား၌ လေးလေးအဖို့ တာဝန်မကင်းရာ ရောက်မည်စိုးသောကြောင့် ဖြစ်၏။

"အခုအချိန်မှာ လေးလေးက အေးရဲ့ အုပ်ထိန်းသူပဲ၊ အုပ်ထိန်းသူရဲ့စကားကို နားမထောင်ဘဲ ကိုနောင်နဲ့ တွေ့ တွေ့နေရတာကြာလာတော့ လိပ်ပြာမလုံချင်တော့ဘူး၊ ပထမတုန်းကတော့ စကားရိပ်တွေသန်းပြီး ပြောသေးဆိုသေးတယ်၊ နောက်ပိုင်းမှာ လုံးဝ စကားမဟတော့ဘူး ကိုနောင်၊ ကြာလာရင် ကိုနောင့်လိုပဲ ရာဇသံ ပေးလာခဲ့ရင် အခက်တွေ့မှာ"

"အဆန်းမှတ်လို့ အေးရာ၊ ကိုနောင့်နောက်ကို တစ်ခါတည်း လိုက်ခဲ့ပေါ့၊ မကောင်းဘူးလား"

"ကျွန်မက မိန်းမသားရှင့်၊ တော်ကြာ မသိတဲ့နေရာကို ခေါ်သွားပြီး ရောင်းစားပစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"





"ဘယ်တော့မှ မရောင်းစားဘူး၊ အေးကို အပြီး ဝယ်ပစ်မှာ သိလား"

"တော်ရုံတန်ရုံ အခကြေးငွေနဲ့တော့ မရဘူးနော်"

"ကိုနောင့်နှလုံးသားရယ် ပြီးတော့ ကိုနောင့်ဘဝကိုပါ ထပ်ပြီး အပြီးဝယ်ပစ်မှာလေ"

စိတ်သက်သာရာရစေရန် အပြောင်အနောက် ဆိုမိသော်လည်း ကိုနောင်က ဆတ်ဆတ်ထိ မခံခဲ့ပေ။

ကိုနောင့်ကြောင့်ပင် အိပ်ပျက်ညတွေ များခဲ့ရ၏။ သို့သော် ဇွဲတွေကို ထပ်တလဲလဲ ကိုနောင် တောင်းဆိုခဲ့သည်။

ငြိမ်းချမ်းသော မေတ္တာတရားကို ရနေပါလျက် ကျေနပ်စွာ မခံယူရဲသည့် ဘဝပါပဲလေ။

ကိုနောင် သိအောင် ရင်ဖွင့်ပြလိုက်ချင်သည်။ သူမ ဘဝ သူမ နောက်ကြောင်းတွေက အပြောရခက်နေသည်မို့ ရင်ထုမနာ ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။

လိပ်ပြာမလုံသောကြောင့်ပင် လေးလေးနှင့် မျက်နှာချင်းဆိုင် စကားပြောဖို့ကို အမြဲလိုလို ရှောင်နေခဲ့၏။

လေးလေးတစ်ယောက် သူ့ ကျူရှင်အလုပ်တွေ၊ စာသင်ဝိုင်းတွေနှင့် အမြဲလို အလုပ်ရှုပ်နေခဲ့ခြင်းသည် သူမအတွက် တစ်မျိုးတော့ ကုသိုလ်ကံ ကောင်းနေသလို ဖြစ်ခဲ့သည်။

"ထားရော အေးမြတ်မိုရော လာကြပါဦး၊ သုံးယောက်ဆုံပြီး စကားမပြောဖြစ်တာ အတော်တောင် ကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



လေးလေး စာဖတ်နေသည်ကို မြင်၍ အသာရှောင်ထွက်ပြီး အခန်းထဲဝင်ဖို့ ကြိုးစားဆဲမှာပင် လေးလေးက ခေါ်တော့၏။ မမထားကတော့ လေးလေး ခြင်ကိုက် သက်သာစေရန် ခြင်ဆေးခွေ ထွန်းပေးဖို့ လုပ်နေ၏။

"ထားတို့နှစ်ယောက်ကတော့ စကားပြောဖြစ်ပါတယ်၊ ကိုသာ မနက်လင်းကတည်းက ညအိပ်ရာဝင်တဲ့ အချိန်အထိ အလုပ်ရှုပ်နေခဲ့တာကိုး"

"အချိန်ရှိတုန်း အခါအခွင့်ပေးတုန်း အလုပ် လုပ်ရတာ ထားရဲ့၊ မျောက်လောင်းတွေ အိပ်ကြပြီလား"

"စောစောကတော့ အိပ်ရာထဲမှာ ဆော့နေသံ ကြားတာပဲ လေးလေး၊ အခုတော့ အသံ ငြိမ်သွားပြီ၊ အိပ်ကုန်ပြီနဲ့ တူတယ်"

ဖတ်လက်စ စာအုပ်ကို စားပွဲပေါ်သို့ အသာတင်ရင်းက သူမကို အကဲခတ်ကြည့်နေ၏။ လေးလေး အကြည့်က တစ်စုံတစ်ခု အား ပြောဖို့ အားယူနေတာ ဖြစ်နိုင်ကောင်း၏။

"ကိုနောင်တို့ နောက်ဆုံးနှစ် စာမေးပွဲတွေ ဘယ်နေ့ ဖြေမှာလဲ မသိဘူးနော်၊ ကိုနောင်နဲ့ မတွေ့ရတာ အတော် ကြာသွားပြီပဲ"

လေးလေးစကားကြောင့်ပင် သူမကို မမထားမျက်ရိပ်ပြ၏။



သူမနှင့် မဆိုင်သလိုမျိုးပင် လေးလေးမြင်သာအောင် နေပြလိုက်သည်။

"ရှင်ပဲ မခေါ်မပြောဖို့ ပြောခဲ့တာပဲ၊ ကိုနောင့်ခမျာ အိမ်ကိုတောင် အဝင်အထွက် မလုပ်တော့ဘူး"

"ငါနဲ့သာ မျက်နှာချင်း မဆိုင်တာပါ၊ မင်းတို့နဲ့တော့ အခေါ်အပြော ရှိတယ်မဟုတ်လား ထား"

မမထား၏ စကားကြော ရှည်မှုကြောင့်ပင် အလိမ်တွေပေါ်သွား၏။ မမထားက အသံတုန်ယင်ပြီး ပါးစပ်ထဲ ရှိတာကို ဖြေလေ၏။

"တစ်ခါတလေပါတော်၊ ရှင် နေနိုင်တိုင်း ကျွန်မတို့က မနေနိုင်ဘူး၊ တွေ့ရင် ခေါ်ရ ပြောရမှာပဲ၊ ကိုယ်နဲ့ ရင်းနှီးပြီး သံယောဇဉ် ဖြစ်ခဲ့တဲ့ လူတစ်ယောက်ကိုတော့ ရှင့်လို ဥပေက္ခာ မပြုနိုင်ပါဘူး"

"ငါ ရိုက်မစစ်ရသေးဘဲ မင်းဥစ္စာက ပေါ်နေပြီ၊ မင်းတို့တွေ အခေါ်အပြောလုပ်တာ ငါ သိနေသားပဲ၊ အခု မင်းတို့ နှစ်ယောက်ကို စကားပြောဖို့ ခေါ်တာကလည်း ဒီအကြောင်းကို တမင် ပြောချင်လို့ သိရဲ့လား ထား၊ ကလေးတွေ နှစ်ယောက်ကြားမှာ မင်းက မနေတတ် မထိုင်တတ်ဘဲ အမြဲ ဝင်ပါနေ၊ တကယ်တမ်း ပြဿနာဖြစ်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ချော်နှာငယ်လေးနဲ့ ခြေမကိုင်မိ လက်မကိုင်မိ မင်း ဖြစ်ဦးမယ်"

မမထားပြီးရင်တော့ မြားဦးက သူမဆီကို လှည့်လာမှာ သေချာနေ၏။ လေးလေး မပြောမီကပင် ကြိုပြီး ကာထားတာ အကောင်းဆုံး ဖြစ်မည်ဟု တွေးလိုက်သည်။ ကိုနောင်နှင့် ပတ်သက်ဆက်ဆံပုံ တချို့ကို ပြောပြလိုက်၏။

"လေးလေးကွယ်ရာမှာ အခေါ်အပြောလုပ်တယ် ဆိုပေမယ့် မမထားကိုတော့ အသိ အမြဲပေးပါတယ် လေးလေး"

"ကိုနောင်နဲ့က ဒီတိုင်းပဲ နေသွားထိုင်သွားကြတော့မှာလား အေးမြတ်မို၊ ပတ်ဝန်းကျင်မှာ မျက်စိတွေ နားတွေ အများကြီး ရှိနေကြတယ်၊ လူတွေဆိုတာက နှုတ်စောင့်တဲ့သူ နည်းတယ်၊ ဖြစ်တာထက်ကို ပိုပြီး ချဲ့ကားပြောတတ်ကြတယ်၊ ဒါကို အေးမြတ်မိုလည်း သိမှာပါ"

"ကျွန်မနဲ့ ကိုနောင်က ရိုးရိုးသားသားပါပဲ၊ ခင်ရုံ မင်ရုံ အဆင့်ပါ၊ အခုထက်ထိ ဒီထက် မပိုကြသေးပါဘူး"

လေးလေးကို ရှင်းပြပြောဆိုနေရပေမယ့် မျက်နှာတော့ ပူမိသည်။

လေးလေးက တစ်ချက်ပြုံးပြီး လေသံအေးအေးဖြင့်





ပြော၏။

"အေးမြတ်မိုက ရိုးသားတယ်ပဲ ထားပါဦး၊ ကိုနောင် မရိုးသားချင်တာကို သိနေတာပဲဥစ္စာ၊ မသိလို့ ဆက်ဆံတယ်ဆိုတာက တစ်မျိုးလေ"

"ရှင်ကလည်း ကြားထဲက နေပြီး ပူနေရသေးတယ်၊ သူတို့ချင်း ဖြစ်သွားခဲ့ရင်လည်း ကိုယ့်ဘက်က နာစရာမှ မရှိဘဲ ဥစ္စာ၊ ကိုနောင်က တကယ့်ကို ရိုးရိုးသားသား သစ္စာရှိရှိနဲ့ ချစ်ခင်မြတ်နိုးနေတာပဲ၊ အလိုက်အထိုက် နေလိုက်ရင် ပြီးနေတာပဲ"

"မင်းစကားကို ရမ်းရမ်း မပြောနဲ့ ထား၊ ကိုယ်နေတဲ့ နေရာက အကြီးအကဲနေရာ၊ မဖြစ်သင့်တာကို မဖြစ်အောင် ပြောဆိုဆုံးမဖို့က ကိုယ့်တာဝန်ပဲ၊ မင်းတူမက အိမ်ထောင် ရှိခဲ့ဖူးတဲ့ သူ၊ ဒီကောင်လေးက ဘာမှန်းညာမှန်းမသိဘဲ အသည်းအသန် ဖြစ်ပြနေတာ၊ သူ့ဘက်က ဒီကိစ္စတွေ သိသွားလို့ ပြဿနာ မဖြစ်ဘူးပဲထားဦး၊ သူ့မိဘတွေ ရှိနေသေးတယ်၊ ပြီးတော့ အောင်သစ်နဲ့က တရားဝင် ပြတ်ပြတ်စဲစဲ ဖြစ်ခဲ့ကြတာ မဟုတ်ဘူး၊ အောင်သစ်က ပြဿနာရှာရင် အားလုံး အရှက်တကွဲဖြစ်ကုန်မှာ၊ ဒါတွေကို မင်းတွေးမိရဲ့လား ထား"

"ရှင်ကလည်း သူက မတရားသဖြင့် သိမ်းပိုက်ထားတာကို



www.burmeseclassic.com

www.burmeseclassic.com



ဆော ထည့်ပြောဦးလေ၊ ကိုယ့်ဘက်က ပြတ်သားရင် ပြီးတာပဲ၊ တစ်ပင်လဲပြီးမှ တစ်ပင်ထူတာပဲ၊ ကိုယ်က လော်လီမောက်ပြားတာမှ မဟုတ်တာ၊ အခုလည်း အောင်သစ်နဲ့က ပြတ်နေကြပြီပဲဥစ္စာ"

မကြားချင်သော အမည်နာမပါလာသောကြောင့် စိတ်ရှုပ်ထွေး သွားရသည်။ ပြီးတော့ လေးလေးပြောသော စကားများက ရင်ထဲအသည်းထဲအထိ ဖြတ်စီးသွား၏။ လေးလေးပြောသော အချက်ကို သူမ မတွေးတောဖြစ်ခဲ့ပေ။

"ကျွန်မ မေးချင်လို့ပါ လေးလေး"

"မေးလေ"

"ကျွန်မဘက်က စိတ်ပြတ်လို့ လေးလေးတို့ အိမ်ကို လိုက်လာခဲ့တာ၊ တကယ်လို့များ ကျွန်မဘဝကို ကျွန်မ ထူထောင်မယ်ဆိုရင် သူက ဘာလို့ ပြဿနာရှာရမှာလဲ"

"ဒါက ဒီလိုရှိတယ် အေးမြတ်မို၊ သူက အေးမြတ်မိုကို ဘယ်လို ရည်ရွယ်ချက်နဲ့ပဲ ယူခဲ့ယူခဲ့၊ တရားဝင် လူသိရှင်ကြား ယူခဲ့တာ၊ ထိမ်းမြားမှုနှင့် ပတ်သက်တဲ့ ဥပဒေ သတ်မှတ်ချက် အတိအကျကိုတော့ လေးလေး မသိဘူး၊ ဒါပေမယ့် အေးမြတ်မို အိမ်ထောင်ပြုချင်ရင်တော့ သူနဲ့ တရားဝင် ကွာရှင်းပြီးမှ ဖြစ်လိမ့်မယ်၊





အေးမြတ်မိုကိုတော့ ပြဿနာ မလုပ်နိုင်ပေမယ့် အေးမြတ်မိုနဲ့ ပတ်သက်တဲ့ နောက်တစ်ယောက်ကိုတော့ အောင်သစ်က တရားဥပဒေကို အကာကွယ်လုပ်ပြီး ပြဿနာ ရှာလို့ ရတာတော့ အကြမ်းဖျင်း သိထားတယ်"

လေးလေးစကားကြောင့်ပင် ကိုနောင့်မျက်နှာလေးကို ပြေးမြင်မိသည်။ ဒီအချက်ကို သူမ တကယ် မတွေးဖြစ်ခဲ့ပေ။ သူမဘက်က ပြတ်စဲရုံဖြင့် ပွဲပြီးပြီဟု ထင်ထားခဲ့သည်။

"ရှင်တို့ဟာကလည်း ရှုပ်ပါတယ်၊ ရှင်တို့ ပုရိသတွေကျတော့ လုပ်ချင်သလို လုပ်လို့ရတယ်ဆိုတဲ့ သဘောရောက်မနေဘူးလား၊ ကျွန်မတို့က တစ်ချက်မှားတာနဲ့ သေမထူး နေမထူး ဖြစ်ရမယ့်ပုံပေါက်နေပြီ"

"မင်းက မီးလောင်ရာ လေပင့် လုပ်ချင်တာကိုး၊ လုပ်ချင်ရင် ဖြစ်တယ်ဆိုတဲ့ သဘောကို ပြောတာ၊ အောင်သစ်ဆိုတဲ့လူက စိတ်ထား မကောင်းတဲ့သူဆိုတော့ ညစ်ရင် ညစ်နိုင်တယ်ဆိုတဲ့ သဘောကို ပြောတာ၊ လေးလေး ပြောပြမယ် အေးမြတ်မို၊ ကိုနောင့်ကို ဖြစ်ခဲ့ပျက်ခဲ့တာတွေ ပြောပြပြီးပြီလား"

"ကျွန်မ နှုတ်မရဲတာရယ်၊ ပြီးတော့ သူ့ကို ကြည့်ပြီး မပြော



www.burmeseclassic.com

www.burmeseclassic.com



ရက်တာရယ်ကြောင့် မပြောရသေးပါဘူး"

"လူကြီးစကားပဲ ပြောရမှာပဲ အေးမြတ်မို၊ ပြောသင့်တာကို ပြောပါ၊ ကိုယ်က အမှားတစ်ခါလုပ်ခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်၊ လူဆိုတာ အရွယ်ရှိနေရင် အဖော်ဆိုတာ လိုအပ်တာ မမှားဘူးပဲ၊ စဉ်းစားပါ အေးမြတ်မို၊ အေးမြတ်မိုတို့ကြားထဲမှာ လေးလေး ဝင်မပါချင်ဘူး၊ ဒီတစ်ခါတော့ အေးမြတ်မိုမှာ အတွေ့အကြုံ ရှိနေပြီးသားပဲ၊ အကောင်းအဆိုးကို ခေါင်းအေးအေးထားပြီး ဝေဖန်ပါ၊ ဆုံးဖြတ်ပါ၊ ရောဂါဆိုတာ ဖြစ်လာပြီဆိုတာနဲ့ ထိရောက်တဲ့ ကုသမှု ခံယူတာ အကောင်းဆုံးပဲ၊ ဒီတိုင်း ထိုင်ကြည့်နေမယ်ဆိုရင် မဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်၊ အေးမြတ်မိုပြီးရင် မင်းကို ပြောရမှာပဲ ထား၊ အရမ်းဖွတ်ပြီး ကလေးတွေကိစ္စကို မြှောက်ပင့်မပေးနဲ့"

"ဟုတ်ကဲ့ပါရှင်"

ကျောင်းဆရာပီပီ လေးလေးကတော့ ဆောင့်စေ့အောင် ပြောသွား၏၊ လေးလေးစကားများက နားဝင်စေပြီး အတွေးကိုပါ ဖြစ်စေ၏။လေးလေး အိပ်ရာဝင်သွားတော့မှ မမထားက တီးတိုး စကား ဆိုလာ၏။





"ဘယ်လို ဆက်လုပ်ကြမလဲ အေးမြတ်မို၊ သူ ပြောသွားတဲ့ အကြောင်းတွေကို ငါတို့ တကယ် မစဉ်းစားဖြစ်ခဲ့ကြဘူး"

"လုပ်စရာ တစ်ခုပဲ ရှိတော့တာပေါ့ မမထား"

ဒီနှစ်သကြန်မှာ အဖြေပေးဖို့ ချိန်းဆိုထားခြင်းကို မမထားက သိနေသည်။

သူမနှင့်ကိုနောင်တို့အတွက် စိုးရိမ်ပြီး မမထား မေးလာသည်၊ တကယ်ပဲ သူမအဖို့မှာ လုပ်စရာ တစ်လမ်းပဲ ရှိတော့၏။

"ဘာလုပ်မှာလဲ အေးမြတ်မို၊ ကိုနောင့်ကို အဖြေပေးမယ်လို့ ပြောထားပြီးသား ဖြစ်နေတယ်လေ၊ ဘာတွေ ဆက်လုပ်ကြမလဲ၊ ငါတော့ ခေါင်းမီးတောက်နေတာ အမှန်ပဲ"

"ကိုနောင့်ကို အဖြေပေးမယ့်ရက်မတိုင်မီ ဒီကိစ္စကို အပြတ်ရှင်းမှဖြစ်မယ် မမထား၊ သစ္စာမရှိတဲ့ လူရဲ့ မျက်နှာကို ကျွန်မ မျက်နှာချင်း ပြန်ဆိုင်ရမှာပေါ့"

"အောင်သစ်နဲ့ သွားတွေ့မလို့လား"

"ဟုတ်တယ် မမထား၊ ဒီလူနဲ့ တွေ့ပြီး ကိစ္စဖြတ်မှ ဖြစ်မယ်"

"တော်ကြာ အေးမြတ်မိုကို အတင်း ပြန်ပြီး ယူနေပါဦးမယ်သွားတွေ့လို့ ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူမျိုးနဲ့ ဘယ်တော့မှ မပေါင်းဘူး မမထား၊ အသက်သာ အသေခံသွားမယ်၊ မသိဘဲ မိုက်ခဲ့တုန်းကသာ သူပြောသမျှ ယုံပြီး သူလုပ်ချင်တိုင်း လုပ်လို့ရမှာ၊ အခုအချိန်မှာတော့ သွေးရဲပါတယ် မမထား"

"တစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကျွာရှင်းပေးဖို့ကိစ္စကို အပြတ် ပြော ရမှာပဲ၊ ဒီကိစ္စ မပြတ်ဘဲနဲ့ ကိုနောင့်ကို ဘာမှ မပြောပြချင်သေး အဖြေလည်း ပေးလို့ မသင့်တော်ဘူး မမထား"

"အေးဟယ် ဒို့မျှား မိန်းကလေးဘဝကလည်း အနေကျပ်ပါ တယ်၊ တစ်ချက်လေး မှားတာနဲ့ ဘဝတစ်ခုလုံး ဖောက်ထိုးမိုးမျှော် ဖြစ်တော့တာပါပဲ"

သူမကို ကြည့်ရင်း စာနာစွာဖြင့် မမထားပြော၏။

ကိုနောင်တစ်ယောက်ကတော့ သူမ တွေကြုံ ဖြစ်ပျက်ခဲ့ သည်ကို သိနိုင်မည်မထင်၊ ဒီအချိန်မှာ ကိုနောင်သိသွားလို့ မဖြစ်သေး



၆။

"ဒီပတ်ဝန်းကျင်မှာ အေး ရှိနေတယ်ဆိုတဲ့အသိနဲ့ ကိုနောင် စာမေးပွဲ ဖြေရတာ ပိုပြီး စိတ်ဖြောင့်တယ်၊ အားလည်းရှိတယ် အေး၊ စာမေးပွဲ ရက်တွေမှာ အေးအမြဲပဲ လိုက်ခဲ့ပေးရမယ်၊ စာမေးပွဲနောက် ဆုံးနေ့ကျရင် ကိုနောင်တို့ လျှောက်လည်ကြမယ်"

ကိုနောင့်စကားကို ပြန်ကြားယောင်ရင်းက တစ်ယောက် တည်း ပြုံးဖြစ်သေး၏။ စာမေးပွဲရက်အတွင်းမှာ ကားပေါ်မှာ ထိုင် စောင့်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်တို့ ဖြေဆိုသော သုံးနာရီအချိန် အတောအတွင်းမှာ သူမအဖို့ သိပ်ပြီး ပျင်းရိဖွယ် ဖြစ်မနေခဲ့ပေ။ သစ်ရိပ်များနှင့် ခမ်းနားသော အဆောက်အဦများက သူမစိတ်ကို အမြဲပဲ ဖမ်းစားနိုင်ခဲ့၏။ ကံ့ကော်တော၏ ဥဩပျံ့တေးသံမှာ ဂီတသံစဉ်သဖွယ် ကြားရသူအဖို့ သာယာစေတတ်၏။

"ကလင် . . . ကလင်"

စာမေးပွဲ ပြီးဆုံးသည့် ဘဲလ်သံရှည် ထွက်ပေါ်လာသည်။ ဒါဆိုရင်တော့ သူမရှိရာသို့ မကြာမီ ကိုနောင် ရောက်လာတော့မည်။ စာသင်ခန်းများဆီမှ ထွက်လာကြသူများ၏ အပြုံးသည် အရင်ရက်များထက် လွတ်လပ်နေ၏။

"ပျင်းနေလား အေး"

"မပျင်းပါဘူး ကိုနောင်၊ သစ်ပုတ်ပင်ကြီးကို တမေ့တမော ကြည့်နေတာရယ်၊ သစ်ရွက်ခြောက်တွေ ကြွေတာကို လိုက်ကြည့်နေရတာနဲ့ပဲ အချိန်က ကုန်လွယ်သွားတယ်၊ ဥဩငှက်ရဲ့ တေးသံကိုလည်း အပျင်းပြေသဘောနဲ့ နားထောင်ရတယ်၊ ပြီးတော့ ကိုနောင် စိတ်ကြည်လင်စွာနဲ့ စာမေးပွဲဖြေဆိုနိုင်ဖို့ ဆုတောင်းပေးရသေးတယ်လေ"





"ကျေးဇူးပါပဲ အေးရယ်၊ ကိုနောင်တို့ လွတ်လွတ်လပ်လပ် လျှောက်သွားကြရအောင်နော်"

"ကိုနောင့်သဘောပဲလေ"

သူမရင်ထဲမှာ တိတ်တခိုးဖြင့် ကိုနောင့်အလိုကို လိုက်မိမြန်သည်။

သံယောဇဉ်တရားတို့သည် ဟန်ဆောင်၍ ရကောင်းသော အရာတော့ မဟုတ်ပေ။ ဒီရက်ပိုင်း အခိုက်အတန့်လေးမှာတော့ သူမ ဟန်ဆောင်နေရပေဦးမည်။

"ပျော်လိုက်တာ အေးရယ်၊ နောက်ဆိုရင် ဒီထက်တောင် ပျော်ဖို့ ကောင်းဦးမှာ၊ ဒီနေ့ပဲ မာမီတို့ကို ပြောလိုက်ချင်တော့တယ်"

"လောကြီးလိုက်တာ၊ ရက်တွေ အကြာကြီး စောင့်လာပြီးမှကွယ်၊ သကြြိန်ရောက်ဖို့ သိပ်မှ မလိုတော့ပဲ"

သူမစကားကြောင့်ပင် ခဏငြိမ်ပြီး ကြာမည့်ရက်ကို ရေတွက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်၏ ချစ်စဖွယ် အပြစ်ကင်းသော မျက်နှာလေးကို ကြည့်ရင်း ပြုံးလိုက်မိသည်။

"ရက်နှစ်ဆယ်ကျော်တောင် ကြာဦးမယ်၊ တိတိကျကျ ပြောကြေးဆိုရင် နှစ်ဆယ့်သုံးရက်နဲ့ လေးနာရီ"

"တော်ပါတော့ ကိုနောင်ရယ်၊ ကလေးလေး ကျနေတာပဲ"

"အေးနဲ့ပတ်သက်လာရင် ကိုနောင်က တကယ့်ကို ကလေးလေး ဖြစ်သွားရတာ၊ အချစ်ကို စပြီး သိတတ်စပြုတဲ့ နှလုံးသားကြောင့်ပဲ ကိုနောင် ဒီလို ဖြစ်နေရတာပေါ့ အေး"

"အချစ်နဲ့ မစင်သေးတဲ့ ကလေးလေးရှင့်၊ ကျွန်မတို့ ဒီကနေပြီး ဘယ်ကိုများ ခရီးဆက်ဦးမှာလဲ"

ခြေဦးတည့်ရာကို ကားလျှောက်မောင်းကြပြီး ကန်တော်ကြီး၏ အရိပ်ကောင်းကောင်းတွင် ခဏ နားသည်။

"အစားတစ်ခု စားမယ်၊ အအေး သောက်မယ်၊ ပြီးရင် ဗိုလ်ချုပ်ဈေး သွားမယ်၊ အေးအတွက် အမှတ်တရ တစ်ခုခု ဝယ်ပေးမယ်"

"ကိုနောင်ပေးတဲ့ အမှတ်တရတွေက များနေပြီ၊ အေး ဘာမှ ထပ်မလိုချင်ပါဘူး"





"မငြင်းပါနဲ့ အေး၊ ချစ်သောသူက ပေးတဲ့ အမှတ်တရတိုင်းကို မငြင်းကောင်းဘူး"

သစ်ပင်ရိပ်အောက်ဆီမှ ကားလေးကို မောင်းထွက်လိုက်၏။

ကိုနောင်ကတော့ သူမ ဘာပြောပြော ဖြစ်ချင်တာတွေ ဖြစ်အောင် လုပ်မှာ သေချာသည်။

လောကကြီးမှာ အမြဲတမ်းတော့ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်နေတာ မဟုတ်ပေ။ အချို့ကိစ္စတွေကျတော့ ဖြစ်ချင်တိုင်း မဖြစ်ရသည့် သဘောသဘာဝ ရှိတတ်သည်ပဲ။

◎

"ငြင်းမယ်လို့ စကားဦး မသန်းနဲ့ အေး၊ ဒီပလက်တီနမ် လက်စွပ်လေးကို အေး အမြဲ ဝတ်ထား၊ ကိုနောင်တို့ရဲ့ အချစ်ဦး အမှတ်တရအဖြစ်ပေါ့"

ပါးစပ်ကလည်း ပြောရင်း သူမ၏ ညာဘက် လက်ခလယ်လေးမှာ တယုတယ စွပ်ကာ ပေးပြန်၏။ ကိုနောင့်ကိုကြည့်ပြီး စဉ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ချင် မိသွား၏။

"အေးကို စိတ်ချလို့လား၊ တော်ကြာ အေးက အဝေးကို တိတ်တိတ်ကလေး ထွက်သွားရင် ဘယ်နှယ့်လုပ်မလဲ"

"ဒီစကားမျိုးဆိုတာက နောက်ပြီး ပြောကောင်းတာ မဟုတ်ဘူး"

နောက်ပြောင်သော စကားကြောင့်ပင် ကိုနောင့်မျက်နှာလေး ညှိုးကျသွား၏။

"စတာ နောက်တာပါကွယ်၊ အေး ထွက်ပြေးသွားလည်း ကိုနောင် ဘာပူစရာရှိလို့လဲ၊ အေးထက်သာတဲ့လူ အေးထက်ချောတဲ့ လူတွေနဲ့ ကိုနောင် ထပ်တွေ့နိုင်တာပဲ ဥစ္စာ"

"အဲဒါတွေ အားလုံးကို မျက်ကွယ်ပြုခဲ့တဲ့ ကောင်ပါ အေးရာ၊ မရဘူး မရဘူး၊ အေးဆီက ကတိတစ်ခုတော့ တောင်းကို တောင်းရမယ်"

ကလေးဆိုးသဖွယ် သူမအပေါ် ဆိုးနွဲ့ဖို့ ကြိုးစားပြန်၏။

"ဘာကတိတွေ တောင်းဦးမှာလဲ ကိုနောင်"

"ဘာကြောင့်ပဲ ဖြစ်ဖြစ် ကိုနောင့်ကို ထားပြီး တိတ်တိတ်လေး ထွက်မသွားပါဘူးလို့ ကတိပေး"





သူမကိုယ်တိုင်ကပင် အပြောင်အပျက် သဘောဖြင့် ပြောခဲ့ဆိုခဲ့၏။ အခုတော့ ကိုနောင့်အမူအရာကို ကြည့်ရင်းကပင် ရင်မှာ ဝမ်းနည်းချင်လာ၏။

မနက်ဖြန်ဆိုရင် သူမ မြို့ကို ပြန်ရမည်။ ဒီခရီးစဉ်အတွက်တော့ ကိုနောင့်ကို အသိပေးလို့ မဖြစ်ပေ။ သွားရမည့်သူ စိတ်မဖြောင့်အောင် ကိုနောင် ပြောလာ၏။

"ကဲပါ ကိုနောင်ရယ် အေး ကတိပေးပါတယ်၊ အေး အသက်နဲ့ ခန္ဓာ မြဲနေသရွေ့၊ အသိရှိနေသရွေ့ ကိုနောင် မသိဘဲ ဘယ်အဝေးကိုမှ ထွက်မသွားပါဘူး"

သူမ သွားမည့် ခရီးစဉ်က ကိုနောင်နှင့် ဝေးသွားဖို့ မဟုတ်ပေ။ ကိုနောင်နှင့် အနီးဆုံးဖြစ်အောင် သူမ ကြိုးစားရမည့် ခရီးစဉ်ဖြစ်၏။

ဒီခရီးစဉ်မှ အပြန်မှာ ကိုနောင့်ကို ပေးထားသည့် ရက်ချိန်းထက်စောပြီး အဖြေ ပေးကောင်း ပေးဖြစ်မှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com

၇။

သူသွားမည့် ခရီးစဉ်ကို မမထားက ကြိုသိနေ၏။ လေးလေးကတော့ သွားခါနီး အချိန်မှ သိပေမည်။

ခရီးဆောင်အိတ်ကို ဆွဲထွက်လာသော သူမကို ကြည့်ရင်း လေးလေး မေးသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ အေးမြတ်မို့"

'ကျွန်မ မြို့ကို ခဏ ပြန်မလို့ပါ၊ ကိုအောင်သစ်နဲ့ တစ်ခါတည်း ကိစ္စရှင်းမလို့ပါ လေးလေး၊ ကျွန်မဘဝကို ကျွန်မ ထူထောင်

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အခါမှာ ပြဿနာ မဖြစ်ရလေအောင် ရှင်းထားချင်လို့ပါ"

အကျိုးအကြောင်းပြောရင်းက လေးလေးကို ကန်တော့လိုက်သည်။

"အေးကွယ်၊ သွားလေရာ ခလုတ် မထိပါစေနဲ့၊ လိုအင်ဆန္ဒတွေလည်း ပြည့်စုံသူ ဖြစ်ပါစေ၊ မမတို့ဆီကိုတော့ ဝင်ဖြစ်အောင် ဝင်နော်၊ မမတို့ဆီကနေမှ သွားချင်ရာကို ဆက်သွားပေါ့"

အမေတို့ဆီကို ဝင်ဖို့ လေးလေးပြောသည်။ မြို့ကို ရောက်ပြီးမှ ကိုအောင်သစ် မရှိရင်လည်း သူမ မြို့ကို ရောက်နေကြောင်း စာကြုံပါးလိုက်လို့ ရသည်ပဲ။

"သကြင်္န်အမီ ကျွန်မ ပြန်လာခဲ့မှာပါ လေးလေး"

"နေဦး အေးမြတ်မို၊ ဒီကိစ္စကို ဥပဒေအကြောင်း နားလည်တဲ့သူဆီမှာ မေးပြီး အကူအညီတောင်းတာ အကောင်းဆုံးပဲ၊ မြို့မှာ လေးလေး စာသင်ပေးဖူးတဲ့ တပည့်မတစ်ယောက် ရှိတယ်၊ သူက ဥပဒေကို စိတ်ဝင်စားပြီး ရှေ့နေလိုက်စားနေတယ်၊ သူ့နာမည်က ခင်မာဝင်းတဲ့၊ သူ့ဆီကို အကျိုးအကြောင်း စာရေးပေးလိုက်မယ်၊ သူနဲ့ တိုင်ပင်ပြီး လုပ်တာ ပိုကောင်းမယ်"

ထိုင်ရာမှ ထပြီး အခန်းထဲသို့ လေးလေး ဝင်သွား၏။





မမထားက အနားကပ်လာပြီး သေချာအောင် မေး၏။

"ကိုနောင်နဲ့ တွေ့ရင် ဘာမှ မပြောရဘူးနော်၊ နင် ရက်ကြာလို့ရှိရင် ဒုက္ခပဲ၊ ဘယ်နေ့ပြန်မယ်ဆိုတာကို ဘယ်လိုလုပ်ပြောရမလဲ"

"မနက်ဖြန် ဈေးလာခဲ့မယ်လို့ ပြောမိပြီးသား ဖြစ်နေတယ်လေ မမထား၊ မမထား သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြရင်း ကျွန်မ ရေးပေးထားခဲ့တဲ့ စာကို ပေးလိုက်လေ၊ သကြင်္န်အမီ ပြန်လာမယ်လို့သာ ပြောပေါ့"

သူမတို့နှစ်ယောက် စကားတွေ ပြောအပြီးမှာ လေးလေး ပြန်ရောက်လာ၏။

"ဒီစာကို ယူသွား အေးမြတ်မို၊ ခင်မာဝင်းကိုလည်း အကျိုးအကြောင်း ပြောပြ၊ ခင်မာဝင်းက အေးမြတ်မိုကို သိရင် သိနေမှာ"

လေးလေးနှင့် မမထားကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ အဆင်းမှာ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ရသေး၏။

တကယ်ဆိုရင် ကိုနောင်နှင့် တွေ့ပြီး အကျိုးအကြောင်းကို သေချာ ပြောသင့်သည်။ ဟိုတွေးဒီတွေးတွေ ကိုနောင် လျှောက်တွေးရင် ဒုက္ခပဲဟု စိုးရိမ်မိ၏။

ကားချိန်နီးသောကြောင့်ပင် စိတ်ကို ဖြတ်ပြီး အမြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။



## ၈။

"ဟယ် သမီး ပြန်လာတယ်"

သူမကို တွေ့တွေ့ချင်းမှာ အမေက ဆီးကြို ပွေ့ဖက်၏။ အပြင်မှ ပြန်ရောက်လာသော အဖေကလည်း ရုတ်တရက်ကြီး ဝမ်းသာမလို ပြုပြီးမှ မျက်နှာ ပြန်တည်သွား၏။

"ဘာလုပ်ဖို့ ပြန်လာရတာလဲ အေးမြတ်မို"

"သမီးမှာ ကိစ္စရှိလို့ပါ အဖေ၊ သမီး ဒီက ထွက်သွားပြီး လေးလေးတို့ဆီမှာပဲ နေ့နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မပြောဘူးလား၊ မောင်လေးစိုးဝေဆီမှာပဲ ရှိနေမှာပါလို့"

"သမီး ပြန်လာတာ စိုးဝေ သိရဲ့လား"

"သိပါတယ် အဖေ၊ လေးလေးကိုယ်တိုင်ကကို စာရင်းအပြတ် ရှင်းဖို့ လွှတ်လိုက်တာပါ"

"သမီးစိတ်က ပြတ်ရင် ပြီးတာပါပဲ၊ ဘာလို့ ဇာတ်လမ်းရှုပ်ချင်ရတာလဲ"

"ဟုတ်တယ်သမီး၊ ဒီကောင် မြို့မှာ ပြန်နေ့နေပြီ၊ သူ့မယားကြီးဆုံးသွားတာ လေးလလောက် ရှိသွားပြီ ပြောတယ်၊ သမီးရောက်တာသိရင် ဒီကောင် ပေါက်ချလာမှာပဲ"

"သူဘာသာ ဘာပဲဖြစ်ဖြစ် အမေ၊ ဒီလူ့ကိုတော့ ဒီတစ်သက် ပြန်မပေါင်းဘူး၊ ပြတ်ပြတ်စဲစဲ လုပ်ချင်တယ်ဆိုတာလည်း သမီးဘဝကို သူ နှောင့်ယှက်လို့ မရအောင်ပါ"

အဖေက တအံ့တဩဖြင့် ကြည့်သည်၊ အမေကတော့ သူမ၏ စကားတွေကို ကြားရသဖြင့် ဝမ်းသာ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်လည်နေ၏။

◎



သူ မြို့ကိုရောက်တာ သုံးရက်မြောက်သွားသော်လည်း ကိုအောင်သစ်နှင့် ဆုံခွင့်မရသေးပေ။ သူမ ရောက်သည့် မနက်မှာပင် ကိစ္စတစ်ခုနှင့် အပြင်ထွက်သွားသည်ဟု သိရသည်။

ကိုအောင်သစ် မရောက်ခင် လေးလေးပြောလိုက်သော မခင်မာဝင်းနှင့်လည်း မဆက်သွယ်မိသေးပြန်။

မခင်မာဝင်းမှာလည်း အမှုကိစ္စတစ်ခုကြောင့် တခြားမြို့ကို ရောက်နေ၏။ သုံးလေးရက်လောက်ကြာမှ ပြန်ရောက်မည်ဟု သိရသည်။

လေးရက်မြောက်သော နေ့လည်ခင်းမှာတော့ သူမ အမေ အိမ်သို့ လူကြီးစုံရာဖြင့် ကိုအောင်သစ် ပေါက်ချလာသည်။

ကိုအောင်သစ်နှင့်အဖွဲ့ကို အဖေက အိမ်ရိပ်နင်းခွင့် မပေးပေ။

အမေကတော့ သူမ ခဏမှေးနေသည့် အခန်းတွင်းသို့ ဝင်လာပြီး တီးတိုး စကားပြော၏။

"သမီး ဟိုကောင်ရောက်လာပြီ၊ သမီးအဖေကတော့ ခြံထဲ အဝင်မခံဘူး"

"သူ တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတွေတချို့လည်း ပါကြတယ်"

"အဖေ့ကို ပြောလိုက်ပါ အမေ၊ သူတစ်ယောက်တည်းကိုပဲ ဝင်ခွင့်ပေးလိုက်ပါလို့၊ သူနဲ့ သမီးစကားပြောမှ ဖြစ်မယ်၊ ဒီအိမ်ပေါ်မှာပဲ စကား အပြတ်ပြောမယ်"

"အေးအေး သမီး၊ အမေ သွားပြောလိုက်မယ်၊ သမီး အဖေကတော့ ဒေါသကြီးနေတာ၊ တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ စိုးရတယ်၊ သမီးတို့ချင်း ရှင်းကြတာ ပိုကောင်းတာပေါ့"

အခန်းထဲမှ အမေ ပြန်ထွက်သွားတော့ အဝတ်အစားတို့ ဖရိုဖရဲ ဖြစ်နေမှုကို ပြင်လိုက်သည်။ မျက်နှာကိုလည်း အလှပဆုံး ဖြစ်အောင် ပြင်ဆင်လိုက်၏။

သူမဘက်မှ အသင့် အနေအထားဖြင့် ကိုအောင်သစ် အလာကို စောင့်နေမိ၏။

အိမ်ပေါ်သို့ ပထမဆုံးတက်လာသူမှာ ကိုအောင်သစ် မဟုတ်ဘဲ အဖေဖြစ်နေသည်။

"သမီး အမေကိုပြောခိုင်းလိုက်တယ်ဆို၊ ဟုတ်ရဲ့လား သမီး ဒီကောင့်ကို အိမ်ပေါ်ပေး မတက်စေချင်တာ အမှန်ပဲ သမီး"

"ပေးတက်လိုက်ပါ အဖေရာ၊ ဒီအိမ်ပေါ်မှာ ပြောရဆိုရတာ





ပိုကောင်းပါတယ်၊ သူတစ်ယောက်တည်းပဲ လွှတ်လိုက်နော် အဖေ၊ ကျန်တဲ့သူတွေကို အိမ်ပေါ်တက်မလာစေဖို့ အဖေ တားထားပေးဦး"

"ကောင်းပြီ သမီး၊ အခုချက်ချင်း ဒီကောင့်ကို အဖေ လွှတ်လိုက်မယ်"

အိမ်ပေါ်မှာ အဖေ ပြန်ဆင်းသွား၏။

အပေါက်ဝကို ကျောပေးပြီး အသင့် ထိုင်စောင့်နေမိ၏။

သူတစ်ယောက်တည်းကို တွေ့ခွင့်ရသောကြောင့် ကိုအောင်သစ် ဝမ်းသာနေမည်လား မပြောတတ်ပေ။

◎ ◎ ◎



www.burmeseclassic.com

www.burmeseclassic.com

၉။

"အေးမြတ်မို"

"ကြွပါ၊ ကျွန်မနဲ့ မျက်နှာချင်းဆိုင် ထိုင်ဖို့ ဖိတ်ခေါ်ပါတယ်"

သစ္စာတရားကို မသိတတ်သော ယောကျ်ားတစ်ယောက်၏ မျက်နှာသည် အတော်လေးကို မင်္ဂလာမဲ့နေပြန်၏။

"ကိုအောင်နဲ့ ပြန်လိုက်ခဲ့ပါလား အေးမြတ်မို၊ အေးမြတ်မို ပျောက်သွားကတည်းက ကိုအောင် အနံ့ ရှာခဲ့တယ်၊ အမြဲလည်း နားစွင့်နေမိတယ်၊ အခုလည်း ခနီးက ပြန်ရောက်ရောက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အေးမြတ်မို ရောက်နေတယ်ဆိုတာကို သိတာနဲ့ လူကြီးတွေ ခေါ်ပြီး ကိုအောင် လာခဲ့တာပါ"

သရုပ်ဆောင်ကောင်းလွန်းသောကြောင့် အကယ်ဒမီတွေ တသီတတန်းကြီး ပေးဖို့ ကောင်းနေ၏။ ဘီလူးက လူယောင်ဆောင်တာ အသက်ပါလွန်းသည်။

"ရှင့်မှာ ပြောစရာတွေ ဘာကျန်သေးလဲ"

"ရှိတာပေါ့ အေးမြတ်မို၊ အခုဆိုရင် အေးမြတ်မို ဖြစ်ချင်တဲ့ အတိုင်း သူ့အလိုလို ဖြစ်လာခဲ့ပြီ၊ ကိုအောင့် ဇနီးဆုံးသွားလို့ ကလေးတွေနဲ့ ဒီမြို့မှာပဲ အိမ်ဆောက်ပြီး ပြန်အခြေချနေပြီ၊ ကိုယ့်အိုးကိုယ့်အိမ်ရာနဲ့ဆိုတော့ အေးမြတ်မိုလည်း မျက်နှာငယ်စရာ မလိုတော့ဘူးပေါ့"

စကားတွေကို နားထောင်နေရင်းကပင် အမြင်ကပ်လာ၏။ ဆက်ပြောဖို့ ဟန်ပြင်ဆဲမှာပင် ဒေါသတကြီး တားမြစ်လိုက်ရ၏။

"တော်တော့ ဘာမှ မကြားချင်ဘူး၊ ရှင့်အသံကို ကြားရတာ ရှင့်စကားတွေကို နားထောင်ရတာ အတော်လေးကို ကျက်သရေမဲ့လွန်းအားကြီးတယ်၊ ဒီမယ် ကိုအောင်သစ် ရှင်နဲ့ကျွန်မ ပေါင်းဖို့ ပြန်လာခဲ့တာ မဟုတ်ဘူး၊ ကိုယ့်လမ်းကိုယ်လျှောက်ကြဖို့ အတွက်





တရင်း အပြတ်လာရှင်းတာပဲ"

"အေးမြတ်မိုစကား ဘာဆိုလိုချင်တာလဲ"

"ရှူးချင်ဟန် ဆောင်မနေပါနဲ့၊ ရှင်နဲ့ကျွန်မ တရားဝင်ကွာရှင်းဖို့ ပြောနေတာ ရှင်းပြီလား"

မထင်မှတ်ထားသော တိုက်ကွက်ကြောင့်ပင် ကိုအောင်သစ် ငိုင်ကျသွား၏။

သူမအဖို့ ပထမအဆင့်အနေဖြင့် အပေါ်စီးက ရနေသည်ဟု ကောက်ချက်လို့ ရနေသည်။

◎

သရုပ်ဆောင်ကောင်းသော ကိုအောင်သစ်က မစားရတော့မည့် အမဲကို သဲနှင့်ပက်ဖို့ စကားတွေဖြင့် တိုက်ခိုက်လာလေသည်။

သူမကလည်း တင်းခံကာ ပြန်လည် ထိုးစစ်ဆင်သည်။

"ဟား . . . ဟား"

"ရှင် ဘာလှောင်တာလဲ"

"ရယ်စရာ ကောင်းလို့ပါ အေးမြတ်မို၊ ငါနဲ့ တစ်နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကင်းကွာသွားတာနဲ့ အရမ်းလှလာပြီး အရမ်းစကားတွေ တတ်လာတယ်၊ ကြည့်ရတာ မင်းဦးလေးကျူရှင်ဆရာရဲ့ လေတွေပဲ ဖြစ်မှာပေါ့"

"ရှင် လေးလေးကို ဘာမှ စော်ကားမော်ကား ပြောစရာအကြောင်းမရှိဘူး၊ လေးလေးက ကျွန်မ ဘဝ မိုးမှောင်ကျနေတာကို ကယ်တင်ခဲ့တဲ့လူ၊ ရှင့်လို နှမချင်း၊ သားသမီးချင်း ကိုယ်ချင်းမစာတဲ့သူ မဟုတ်ဘူး"

"တူမ အချောအလှလေးကို ကယ်တင်ချင်မှာပေါ့၊ မင်းက ဒီမြို့မှာတော့ ငါ့မယားပဲ၊ ဒီမြို့ကနေ ရန်ကုန်ရောက်သွားတော့ နတ်ရေကန်ထဲ ပစ်ချလိုက်သလို အပျိုလေး ပြန်ဖြစ်သွားရော၊ ဒီမှာတင် မင်းကို ကြိုက်ဈေးခေါ်မယ့် နွားမရှုံ့ပိတ်လုပ်ပြီး တခြားသူ လက်ထဲ ထည့်ပေးမယ့် ကယ်တင်ရှင်ကြီးပေါ့"

"ရှင် မစော်ကားနဲ့နော်၊ လေးလေးက ရှင်ပြောသလို မယုတ်မာဘူး၊ ပြီးတော့ ကျွန်မရဲ့ ကိုနောင်ကလည်း ရှင့်လောက် စိတ်ထားယုတ်မာတဲ့သူ မဟုတ်ဘူး၊ ရှင်နဲ့ ဘာဆို ဘာမှ မဆိုင်ဘူး၊ ခိုင်းနှိုင်းတာတောင် လုံးဝ မပတ်သက် မစပ်အပ်ဘူး"

"ဟုတ်ပါပြီ၊ ခင်ဗျားလေးက ကျုပ်နဲ့ ကွာရှင်းပြီးမှ ဒီအစ





အစဉ်ကို လုပ်လို့ရမှာ ဆိုပါတော့၊ သေတဲ့အထိ မှတ်ထား၊ မင်း ငါ့ကို ပြန်မပေါင်းနဲ့ ကိစ္စမရှိဘူး၊ ဒါပေမယ့် မင်းကိုတော့ ငါ ကွာမပေးနိုင်ဘူး"

အောင်သစ်၏ ယုတ်မာမှုက တစ်ခဏချင်းမှာ ဘူးပေါ် သလို ပေါ်လေတော့၏။

"ရတယ်လေ၊ ရှင်က လွယ်လွယ်နဲ့ ပြောမရရင် ရှင့်ထက် တတ်ကျွမ်းတဲ့ ရှေ့နေ ရှေ့ရပ်တွေနဲ့ စကားပြောရမှာပေါ့"

"မင်း သွားဆွေးနွေးဖို့တောင် လမ်းညွှန်ပေးလိုက်ဦးမယ်၊ ဒီနယ်တစ်ဝိုက်မှာ ငါတို့မြို့က ရှေ့နေပေါက်စမလေး ခင်မာဝင်းက အရမ်း လက်စောင်းထက်တယ်လို့ နာမည်ကြီးနေတာ၊ သူ့ဆီ မင်း သွားပြီး တိုင်ပင်လိုက်ပါ၊ မင်း သဘောပေါက်သွားလိမ့်မယ်၊ ဒီမှာ ငါ့ဆီက ကွာရှင်းစာချုပ် မရဘဲ မင်း လုပ်ချင်ရာ လုပ်မယ်ဆိုလို့ကတော့ အားလုံး အရှုံးကွဲပြီး မင်းရဲ့ အကောင် မယားနိုးမှု မြောက်မှာ သေချာတယ်"

ကိုအောင်သစ်က ပြောပြောဆိုဆိုနှင့် ဒေါသများ ဝေလျှံကာ အိမ်ပေါ်မှ ပြန်ဆင်းသွား၏။

ကိုအောင်သစ်ကိုတော့ လျှော့တွက်လို့ မဖြစ်ပေ။ ရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



မခင်မာဝင်းကိုပင် သိနေပြန်၏။ သူမ တိုင်ပင် ငှားရမ်းဖို့အတွက်ပင် လမ်းညွှန်ပေးပြန်သည်။

◎ ◎ ◎

၁၀။

ကိုအောင်သစ် ဆင်းသွားပြီး သိပ်မကြာခင်မှာပင် အိမ်ပေါ်သို့ အဖေနှင့် အမေတို့ တက်လာကြ၏။ ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စများကို သူမ စဉ်းစားနေရပြီ။

"အဆင်မပြေဘူးလား သမီး"

"မပြေဘူးလို့ ဆိုရမယ် အမေ"

"သမီးတို့ချင်း စကားပြောတာ အသံကျယ်ကျယ် ထွက်လာကတည်းက အဖေ ပြေးတက်ပြီး အဆုံးလုပ်မလို့ပဲ၊ သမီးအမေကဲ

www.burmeseclassic.com

www.burmeseclassic.com



အတင်း ဆွဲထားလို့ တက်မရတာ၊ ဒီလိုကောင်မျိုးကို ပါးစပ်နဲ့ ပြောလို့ ရမှာ မဟုတ်ဘူး"

အဖြေကတော့ အတော်လေး ရှင်းနေပြီ။ ကိစ္စအားလုံးကို သူမ ချပြလိုက်တာ မှားသွားလေသလား မသိပေ။ ကိုအောင်သစ်ကတော့ အကြောင်းစုံ သိသွားပြီး ရသမျှ လိုက်ညစ်မှာ သေချာ၏။

"ရတယ် အဖေ၊ သူနဲ့ ပြောတာ အဆင်မပြေလည်း ကိစ္စမရှိပါဘူး၊ ဥပဒေ တတ်ကျွမ်းတဲ့ ရှေ့နေနဲ့ စကားပြောရမှာပေါ့"

"သမီးတွေးတာ အမှန်ဆုံးပဲ၊ သမီး သွားတဲ့ ရှေ့နေလေးခင်မာဝင်းက အရမ်း တော်တာ၊ မှန်တဲ့ဘက်ကိုလည်း ရပ်ပေးတယ်"

သူမ ပြောလိုက်သောစကားကို အမေက အားတက်သရော ထောက်ခံ၏။ လေးလေး စာရေးပေးလိုက်သော မခင်မာဝင်း၏ ဂုဏ်သတင်းမှာ အတော်လေး မွှေးနေသောကြောင့် အားတက်သွားမိ၏။

"သမီးလည်း သူ့ဆီ အခု သွားတွေ့မှာပါ၊ လေးလေးကလည်း သူ့ဆီကို စာရေးပေးလိုက်ပါတယ်"

"သမီး အဖေ အဖော် လိုက်ခဲ့ရမလား"

"ရတယ် အဖေ၊ သမီး သွားရဲပါတယ်"

"ဒါဆိုလည်း စက်ဘီးနင်းတာ ကြည့်နင်း၊ ရှေ့နေမလေး





အိမ်က အဝေးပြေးလမ်းဘေးမှာဆိုတော့ ကားတွေကို ဂရုစိုက်ဦး၊ စက်ဘီးနဲ့ကား တစ်ချက် မှားတာနဲ့ အမြဲလိုလို တိုက်တော့တာပဲ"

"ဟုတ်ကဲ့ အဖေ"

ပန်းကမ္ဘာစက်ဘီးလေးကို စီးပြီး ထွက်လာခဲ့မိသည်။

မခင်မာဝင်းကတော့ ဒီနေ့ ဒီအချိန်ဆို ပြန်ရောက်နေလောက်ပြီ ထင်၏။

"မမအာနေနဲ့ ဆရာနဲ့ ပတ်သက်ပြီးတော့ရော၊ ညီမလေးကို သနားလို့ပါ ကူညီချင်ပါတယ်၊ ဒါပေမယ့် ဒီလူက လူလည် ညီမလေးရဲ့ သူက ဥပဒေအကြောင်းကို တော်တော် သိထားပုံရတယ်"

စိတ်ဓာတ်တက်ကြွစွာဖြင့် အားကိုးတကြီး လာခဲ့ခြင်းတွေကို အပိုင်းပိုင်း ဖြစ်စေပြန်၏။

မခင်မာဝင်း ပြောသောစကားတွေကိုသာ မှင်သက်မိပြီး နားထောင်နေဖြစ်၏။ တကယ်တော့ အရာအားလုံးအတွက် မျှော်လင့်ချက် မဲ့သွားခြင်းလည်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးအနေနဲ့ ကိုယ့်ဘဝနဲ့ ကိုယ်ထူထောင်မယ့် အစီအစဉ်ကို သူသိသွားတာ ပိုညစ်လို့ ကောင်းသွားတာပေါ့၊ ဒီအတိုင်းဆိုရင်တော့ ညီမလေး အခက်တွေ့သလို မမအနေနဲ့လည်း ဘာမှ အကူအညီ ပေးနိုင်မှာ မဟုတ်ဘူး။ နားအလည်ဆုံးဖြစ်အောင် အရပ်စကားနဲ့ ပြောရမယ်ဆိုရင် မိန်းမတစ်ယောက်ဟာ ယောကျ်ားနဲ့ တစ်နှစ်ခွဲတိတိ အဆက်အသွယ်မရပဲ ကင်းကွာနေခဲ့မယ်ဆိုရင် အဲဒီယောကျ်ားဟာ အဲဒီမိန်းမကို ကွာရှင်းခွင့်တောင်းနိုင်တယ်၊ ဒါက ယောကျ်ားက ကွာရှင်းချင်ရင် လုပ်နိုင်တဲ့ အခွင့်အရေးပဲ၊ မိန်းမတစ်ယောက်အဖို့ကျတော့ လင်ယောကျ်ားနဲ့ သုံးနှစ်တိတိ အကူအညီ အထောက်အပံ့မရပဲ ကင်းကွာနေခဲ့မယ်ဆိုရင် အဲဒီယောကျ်ားကို ကွာရှင်းဖို့ မိန်းမကနေပြီး တရားရုံးမှာ ဦးတိုက်လျှောက်ခွင့်ရှိတယ်၊ ကွာရှင်းနိုင်တယ်လို့ ပြောတာ မဟုတ်ဘူးနော်၊ ကွာရှင်းခွင့် တောင်းခံခွင့်ပဲ ရှိတယ်၊ အခု ညီမလေးနဲ့ ဒီလူနဲ့က ကွဲသွားကြတာ တစ်နှစ်ခွဲ သာသာပဲ ရှိသေးတယ်၊ ပြီးတော့ ညီမလေးကလည်း သူမသိအောင် ထွက်သွားခဲ့တာ"

"ဒါဆို ကျွန်မဘဝကို သူလုပ်ချင်သလို လုပ်ခွင့်ရှိနေတဲ့ သဘောလား မမ၊ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ တရားမဲ့





ချုပ်ကိုင်မှုကို ကျွန်မ လည်စင်းပေးရုံပဲပေါ့"

သူမ စိတ်တို့ အတော်လေးကို ပုံပျက်သွားခဲ့ရ၏။

အားကိုးတကြီးနှင့် လာခဲ့သော်လည်း အရာမထင်။

ကိုနောင့်မျက်နှာလေးကို ပြေးမြင်မိ၏။

မကြာမီရက်များမှာ သကြိန်ကို ရောက်တော့မည်။ သူမ အဖို့ သကြိန်မီအောင် ပြန်ရမည်။

အခုအခြေအနေအတိုင်းမှာ သူမ ပြန်သွားလည်း ဘာမှ အကြောင်းထူးမှာ မဟုတ်ပေ။

မပြီးပြတ်နိုင်သေးသော ဒီအနေအထားမှာ ကိုနောင့်ကို အဖြေ ပေးဖို့ လုံးဝ မဖြစ်နိုင်တော့ပေ။

ဒီဘဝမှာတော့ ကိုနောင်နှင့် ဝေးရပြီဟု တွေးလိုက်မိသည်။

စိတ်ထွေပြားစွာဖြင့် ပတ်ဝန်းကျင်ကို ဂရုမထားမိပဲ ပန်းကမ္ဘာဘီးလေးကို နင်းပြီး ပြန်ခဲ့သည်။

လမ်းအကွေ့မှာပင် ရှေ့တည့်တည့်ဆီသို့ ရိပ်ခနဲ ထိုးဝင်လာသော သဏ္ဍာန်တစ်ခုကိုသာ မြင်လိုက်ရ၏။

တစ်ကိုယ်လုံး မြောက်တက်သွားပြီး နာကျင်ခံပြင်းမှုတို့ ဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်ရေ . . . ဟုပင် စိတ်အစဉ်မှာ မြည်ဟီးစွာ အော်ဟစ်မိလိုက်လေ၏။

◎ ◎ ◎



သူ့နှုတ်ဖျားက
ပြောသမျှအကုန်ပင်
ပုံပြင်ဆိုလဲ (လည်း)
တကယ်ပဲထင်
ယုံလိုက်ချင်ရဲ
မပြင်သာမှ အတွေးမှာတွေ
မေ့မှုပြစ်မှာလို့ သိချိန်မှာစွဲလန်း ...
အမြဲတမ်း ဖျက်မရတဲ့ ဓာတ်ရာ ရပြီပဲ ...။

www.burmeseclassic.com

www.burmeseclassic.com

၁။

"မာမီတို့အနေကတော့ သား ရွေးချယ်တဲ့သူကို တွေ့ချင်မြင်ချင်တာတော့ အမှန်ပဲ၊ အဲဒီမိန်းကလေးရဲ့ ကံကောင်းခြင်းတွေကို ချီးကျူးရမှာ သေချာတယ်"

"ဟုတ်တယ် သား၊ ဒီလောက် မြန်မြန်ဆန်ဆန်နဲ့ သားဘဝကို လွှမ်းမိုးနိုင်တဲ့ မိန်းကလေးကို ဒယ်ဒီတို့က ဘာမှ ငြင်းနေစရာအကြောင်း မရှိဘူး၊ သူ့ကို သားနည်းတူပဲ လက်ခံကြည်ဖြူရမှာပေါ့သား"

www.burmeseclassic.com

www.burmeseclassic.com



အေးမြတ်မိုဆိုသော နာမည်လေးကို ကြားပြီး ဒယ်ဒီမာမီ တို့ကတော့ အတော်လေး သဘောကျနေ၏။ ချက်ချင်းဆိုသလိုပင် အေးကို မြင်ချင်တွေ့ချင်ကြ၏။ အေးဆီမှ ရရှိမည့်အဖြေကို သူ စောင့်ဖို့ လိုသေး၏။

"သကြံန်မလွန်ခင် အေးကို တွေ့ရမြင်ရမှာပါ၊ ဒီရက်ပိုင်းမှာ တော့ ဒက်ဒီတို့ ခဏလေး သည်းခံပေးပါ၊ အေးကို မြင်ရင် ဒက်ဒီတို့ ပိုပြီး ချစ်မြတ်နိုးမှာ သေချာပါတယ်"

ဒက်ဒီမာမီတို့ ရှေ့မှာ အေးကို အမွမ်းတင်ပြီး ပြောခဲ့သည်။

ဒီအကြောင်းတွေကို အေး သိရပါက ဝမ်းသာမှာ သေချာ နေ၏။

အေးနှင့် တစ်ရက်မျှ ကင်းကွာပြီး နေခဲ့ရသော အချိန်များ သည် သူ့အတွက်တော့ အတော်လေးကို ခြောက်ကပ်ကပ် နိုင်လွန်း လှသည်။

နောက်နေ့မနက် အေးနှင့် ချိန်းဆိုထားရာ ဈေးထိပ်က အအေးဆိုင်မှာ သူ ဝီရိယကောင်းပြီး ထိုင်စောင့်ဖြစ်သည်။

သူ့စိတ်ကပဲ မျှော်ရလွန်း၍ စိုးရိမ်မကင်း ဖြစ်မိခြင်းလား မသိ။





အေးတစ်ယောက် အရင်ရက်တွေထက် ပိုပြီး ဈေးအလာ နောက်ကျခဲ့နေ၏။

အချိန်တို့ တဖြည်းဖြည်း ကုန်ဆုံးလာသည်နှင့် သူ့ရင်တို့ ပို၍ ပင်ပန်းနေရသည်။ တစ်စုံတစ်ခုသော အတားအဆီး အဖြစ်အ ပျက်ကြောင့်သာ အေးတစ်ယောက် မရောက်လာနိုင်တာပဲ ဖြစ်ရ မည်ဟု တစ်ထစ်ချ တွေးမိပြန်၏။

◎

မျှော်တော်ဇောဖြင့် မောပန်းရင်ဖိုရစဉ်မှာပင် ဆိုင်ရှေ့သို့ မမထားတစ်ယောက် ရောက်လာ၏။ မမထားကို မြင်ရသောအခါမှ ပင် သူ့ကြောင့်ကြမှုက ပိုထင်ရှားသွားရ၏။

"မမထား အေးရောဟင်၊ အေး ဘာဖြစ်လို့ မလာတာလဲ၊ အေး နာဖျားနေလို့လား"

သူ့မေးခွန်းများကို ကျေနပ်အောင် မမထား မဖြေ၊ တိုတိုတုတ်တုတ်ဖြင့် စကားဖြတ်ဖို့ မမထား ကြိုးစားနေ၏။

"အေးမြတ်မို ဒီနေ့ ဈေးမလာဖြစ်ဘူး ကိုနောင်၊ ဒီစာကို

www.burmeseclassic.com



အေးမြတ်မို ပေးခိုင်းလိုက်တာ၊ မင်းရဲ့ ဆရာစိုး ပါလာတယ်၊ မမထား သွားတော့မယ်"

သူ့ရှေ့သို့ စာအိတ်လေး ပစ်ချပေးပြီး မမထား ထွက်သွား၏။ စိုးရိမ်ပူပန်ခြင်းကြောင့် မမထားကို အသံဖြင့် လှမ်းတား၏။

"မမထား ခဏနေပါဦး"

သူ့တားမြစ်ခြင်းက အချည်းနှီး ဖြစ်ရ၏။ မမထားက သူ့ကို တစ်ချက်လေးမှ ငဲ့မကြည့်ဘဲ ဥပက္ခာခြေလှမ်းတွေဖြင့် ထွက်ခွာသွားနေသည်။

သူ့ရှေ့စားပွဲပေါ်မှာ ထီးတည်းဖြစ်နေသော စာအိတ်လေးကို အကြည့်ရောက်ဖြစ်သည်။ အေး အမှာရှိသည်ဆိုသော စာအိတ်လေးကို ကောက်ကိုင်ပြီး အမြန် ဖောက်ဖတ်မိတော့၏။

သူ့လက်တို့ တုန်ယင်နေသလို၊ သူ့ရင်ခုန်သံသည်လည်း မူမမှန်သော စည်းချက်များဖြင့် လှုပ်ရှားနေရပြန်၏။





ကိုစနောင် ...

နှုတ်မဆက်၊ စကားမဆိုဖြစ်တဲ့အတွက် အေးကို နားလည်စေချင်တယ်။

အရေးတကြီးကိစ္စတစ်ခုကြောင့် မနေ့ကပဲ မြို့ကို အေး ပြန်ဖြစ်တယ်။

ကိုစနောင်နဲ့ ဝေးရာကို ထွက်သွားတယ်လို့ တွေးထင်ပြီး စိတ်ပူမနေနဲ့ဦးနော်။

ကိစ္စပြီးတာနဲ့ အေး ချက်ချင်း ပြန်လာခဲ့မယ်။

တချို့အပင်တွေမှာ ပိတောက်တွေ ဖူးနေကြပြီ ကိုစနောင်၊

အေး

အေး စာကို အကြိမ်ပေါင်းထပ်မျှ သူ ဖတ်ပြီး အမိပ္ပာယ် ဖော်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အရေးတကြီးကိစ္စကြောင့် မြို့ကို ပြန်သွားသည် မသိပေ။ စိုးရိမ်နေသော သူ့နှလုံးသားကိုမှ အေး ကျီစားပျက်ရယ် ပြုသွားသည်လား။

ပြန်လာခဲ့မည် . . . ဆိုသော စကားကို မျှော်လင့်ကြီးစွာဖြင့် သူ ယုံချင်သည်လေ . . .။



## ၂။

ပြဿနာ အခက်အခဲတို့ ရှိနေပါလျက် အေး စကားရိုပ် မဟာခဲ့။

သူ့ကို တစိမ်းသူ . . . ဟု အေး ထင်မှတ်လေသလား။ ရှိနေသော ပြဿနာ အခက်အခဲကို အေးနှင့်အတူ ဖြေရှင်းချင်၏။ အခုတော့ ဘာတွေဖြစ်လို့ နောက်ဆက်တွဲ ဘာတွေ ထပ်ဖြစ်မည်ကို သူ မသိရပေ။

အေး ထွက်သွားတာ နှစ်ရက်ပြည့်မြောက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



အေး မရှိသော ဝန်းကျင်၊ အေး စကားသံတို့ ဆိတ်သုဉ်းရသော အချိန်နာရီတို့သည် သူ့အတွက်တော့ စိုးရိမ်ကြောင့်ကြစရာများ ထပ်တလဲလဲ ဖြစ်ခဲ့ရပြန်သည်။

ငိုချင်သူကို လက်တို့သည်ပဲ ဆိုရမည်လားလေ။

ဆောက်တည်ရာ မရချင်သော စိတ်ကြောင့်ပင် မာမီ ဖတ်နေကျ လစဉ်ထုတ် မဂ္ဂဇင်းတစ်ခုကို သူ လှန်ဖတ်ကြည့်သည်။

အဖွင့်စာမျက်နှာ၏ တတိယမြောက် ကဗျာလေးကို ဖတ်မိပြန်တော့ သူ့အဖြစ်ကို တမင် ရည်ညွှန်းပြီး ရေးဖွဲ့လေသလား . . . ဟု ထင်မှားမိပြန်၏။





**၁၀ဂါ**

လာမှာပါလေ ...
ယုံကြည်နေဆဲ
အချိန်လဲ (လည်း) ကျော်
ခုချိန် ...သူညာပြီပေါ့
မလာတော့တာ သေချာပြီပဲ
ညာရက်ရဲတာ ...။

ညာရက်တယ်ကွယ်
လာမယ်ပြောပြီး၊ ရင်ထဲမီးမြိုက်
အပူတိုက်သလား၊ သူ့စကား သူ့အသံ
ပြန်လို့ ကြားယောင်။
နားထောင်ကောင်းအောင် ပြောတတ်တာ ...။

သူ့နှုတ်ဖျားက
ပြောသမျှ အကုန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပိုမြင်ဆိုလဲ (သည်း)
တကယ်မဲထင်
ယုံလိုက်ချင်ရဲ့
မမြင်သာ အစေ့အေးမှာတွေ့
မေ့မှဖြစ်မှာလို့ သိချိန်မှာ စွဲလန်း ...။
အမြဲတမ်း မျက်မရတဲ့ ဓာတ်ရာတာ ရပြီမဲ ...။

အနီး ပတ်ဝန်းကျင်မှာ ပျံ့လွင့်နေသော သကြီးနံကြို တေး များကြောင့်ပင် ကောင်းကင်က မာယာပြုပြီး သကြီးနံကြိုမိုးကို ရွာခဲ့ စေပြန်၏။

နောက်မနက်ဆိုရင် ပိတောက်တွေ ပွင့်နိုင်ကောင်း၏။ အေး စာထဲမှာ ပြောခဲ့သော ပိတောက်ဖူးတွေက ပွင့်အာကြတော့မှာ သေချာနေ၏။

တကယ်လို့သာ ဒီကဗျာလေးထဲက ဖြစ်သည့်အတိုင်း သကြီးနံမှာ အေး ရောက်မလာဖြစ်ရင် သူ့အဖို့တော့ ရင်ကျွမ်းလောင် မြိုက်ရပြီ။

သူ မထင်ထားသော ခရီးတစ်ခုကို အနားနီးမှ အေး ဖန်





တီးခဲ့သည်ပဲ ...။

ရင်ထဲမှာ စိုးရိမ်ရသော်လည်း အေး ပြောသမျှတွေကို သူ ယုံချင်သည်။

ဒါကလည်း အခုအကြိမ်မှ မဟုတ်ခဲ့ပါလေ ...။

အေးနှင့် စတင်တွေ့ရှိချိန်မှ ယနေ့ကာလအထိ အေး ပြော သမျှကို သူ ယုံခဲ့ရသည်ပဲ ...။

သူ့ယုံကြည်မှုတွေ ပျက်ယွင်းအောင်တော့ အေး ပြုနိုင်စွမ်း မည် မထင်။

မဆိုစကောင်း ဆိုစကောင်း အကြောင်းမသင့်၍ ဖြစ်ခဲ့ရ သည်ရှိသော် ...၊ အေး ပြောသမျှ စကားတွေကို သူ ဆက်ပြီး ယုံနေဦးမှာ သေချာသည်ပဲ ...။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

၃။

အေး ထွက်သွားပြီး တတိယမြောက်သောနေ့မှာတော့ သူနှင့် မမထားတို့ လမ်းမှာ ဆုံဖြစ်ခဲ့ကြသည်။

သူ့အရိပ်ကို မြင်၍ ရှောင်လွှဲချင်သော မမထားကို သူ မရမက မျက်နှာချင်းဆိုင်ရသည်။

မမထား၏ အမူအရာတွေကြောင့်ပင် သူ့ပူပန်မှုတို့က ပိုမိုလာခဲ့ရသည်။

"မမထား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလဲ ကိုနောင်"

"တွေ့ရက်သားနဲ့ ဘာလို့ ရှောင်ချင်ရတာလဲ မမထား"

မမထား အမူအရာတွေက အတော်လေး မူပျက်နေ၏။

အကြောင်းအရာ တစ်ခု၊ ဖြစ်စဉ်တစ်ခုက မမထား၏ စိတ်တွေကို လွှမ်းမိုးထားနေပုံ ရသည်။

"ဒီလိုလည်း မဟုတ်ပါဘူး ကိုနောင်၊ အေးမြတ်မို ထွက်သွားတာနဲ့ ပတ်သက်ပြီး ကိုနောင် မေးလာခဲ့ရင် မမထား မပြောတတ် မဆိုတတ် ဖြစ်မှာ စိုးလို့ပါ"

"အေးက ဒီရက်ပိုင်းကျမှ ဘာကိစ္စနဲ့ မြို့ကို ပြန်ရတာလဲ မမထား၊ သကြိန်ရောက်ရင် ကျွန်တော့်အတွက် အဖြေပေးမယ်ဆိုတာ မမထားလည်း သိနေတာပဲ၊ သကြိန်နီးမှ ကပ်ပြီး သူ ရုတ်တရက်ကြီး ခရီးထွက်သွားတာ တစ်ခုခုတော့ အကြောင်း ရှိမှာပါ"

"မင်းနဲ့ရော သူနဲ့ပါ ပတ်သက်နေတာ မှန်ပေမယ့် မင်း ပူပန်သလိုမျိုးတော့ မဟုတ်ဘူး၊ သူ မြို့ကို ပြန်သွားရတာက အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ တစ်ခုကြောင့်ပဲ ကိုနောင်"

မမထား၏ စကားတွေက ဝေဝါးဝါး၊ သူ့အတွေးတွေကို နည်းပေါင်းစုံဖြင့် လှည့်စား ဖြားယောင်နေတာလည်း ဖြစ်နိုင်၏။





"အကျိုးအကြောင်းကို ပြောပြသင့်တာပေါ့ မမထား၊ ဘာမှ ရေရေရာရာ မသိရတော့ ကျွန်တော် လျှောက်တွေးနေဖြစ်တယ်၊ ပြောပြပါ မမထား"

"မဖြစ်ဘူး ကိုနောင်ရယ်၊ မမထား ဒီအကြောင်းတွေကို ပြောပြလို့ မဖြစ်ဘူး၊ တော်ကြာ မမထား မပြောတတ် မဆိုတတ်တာနဲ့ အဓိပ္ပာယ်တွေက တစ်မျိုး ဖြစ်သွားမယ်၊ မင်းတို့ချင်း ပြန်တွေ့ကြတဲ့အခါမှာ မင်း သိရမှာပဲ ကိုနောင်၊ အေးမြတ်မို ပြန်ရောက်လာတဲ့ နေ့ကိုပဲ မင်း စောင့်နေလိုက်ပါ"

မမထား စကားတွေက တစ်စုံတစ်ခုအတွက် တမင် ချန်ထားနေတာ သေချာ၏။ သူ ထပ်ပြောမည် ပြင်ဆဲမှာပင် မမထား ထွက်သွားပြန်၏။

"မမထား"

မမထား၏ ခြေလှမ်းတို့က မရပ်။

သူ ဘာတွေလုပ်ပြီး ဘယ်လိုနေရမည် မသိတော့ပေ။ သူ့နှလုံးသားကိုတော့ အေးက ကောင်းကောင်းကြီး ပြုစားရစ်နေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



အေး ထွက်သွားပြီး လေးရက်မြောက်သောနေ့တွင် တစ်နေ့လုံး သူ့စိတ်တွေ လေးလံနေခဲ့ပြန်၏။

ရာသီမဟုတ် အုံ့မှိုင်းပွေလီခဲ့သော ကောင်းကင်ကလည်း တစ်စုံတစ်ခုအတွက်ပင် အုံ့မှိုင်းကာ မရွှင်မပျ ဖြစ်နေခဲ့၏။

ညဘက် အိပ်ရာဝင်တော့ အိပ်မက်ထဲမှာ အေးကို မြင်မက်၏။

သူ့ဆီသို့ အေး ပြန်ရောက်လာခဲ့၏။

သူ့ကိုကြည့်ပြီး မျက်ရည်တွေသာ တွင်တွင်ကျနေခဲ့၏။

သူ့ကို စကားတစ်ခွန်းမျှ မပြောမဆို နေပြခဲ့သည်။

အေး၏ မျက်ရည်တွေကြောင့်ပင် သူ့ရင်မှာလည်း ဝမ်းနည်းပူဆွေးခဲ့ရလေ၏။



၄။

အေးကို မျက်ရည်များဖြင့် အိပ်မက်မှာ မြင်တွေ့ပြီး မနက်လင်းတော့ အေး ထွက်သွားသည်မှာ ငါးရက်မြောက်သွား၏။

အိပ်ရာထစဉ်မှာပင် အေး ကိုယ်ငွေ့တွေကို သူ နီးနီးစပ်စပ် ရနေခဲ့ပြန်၏။

သွားရင်းလာရင်းကပင် အေးသင်္ကြာန်တို့ကို အနီးအပါးမှာ ဖြတ်ခနဲ အမြဲတွေ့တွေ့နေပြန်၏။

ထူးခြားသော အာရုံခံစားမှုများကြောင့်ပင် အေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မိပြန်၏။

အဝေးတစ်နေရာမှာ အေးတစ်ယောက် မည်သည့် ပြဿနာတွေနှင့် ရင်ဆိုင်နေရသည် မသိ။

တစ်နေကုန် ကားတစ်စီးဖြင့် သူ လျှောက်သွားနေဖြစ်သည်။

နောက်ဆုံးမှာတော့ ဆရာစိုးတို့ အိမ်ကို သူ သွားရောက်ဖို့ ဆုံးဖြတ်လိုက်ရသည်။

သူ့စိတ်ထဲမှာ ထူးဆန်းစွာဖြင့် အေးကို မြင်ယောင်မိနေသောကြောင့် အေးတစ်ယောက် ပြန်ရောက်နေမည် . . . ဟု မဝံ့မရဲ တွေးမိသည်။

အေး ပြန်မရောက်သည်ပဲ ထားဦး။ မတင်မကျ ဝေဝေဝါးဝါး ပြောခဲ့သော မမထား စကားများကို သိရဖို့အတွက် ဆရာစိုးနှင့် တွေ့မှ ဖြစ်ပေတော့မည်။

ရှေ့မျက်နှာ နောက်ထားပြီး ဆရာစိုးနှင့် ရင်ဆိုင်တော့မည်။ ဆရာစိုးကတော့ ဝေဝေဝါးဝါး စကားများ မဆိုဘဲ ပြဿနာ အဆုံး အကောင်းကို ပြောပြလိမ့်မည် . . . ဟု သူ ယုံကြည်မိပြန်၏။





ဆရာစိုးတို့ မြို့ရှေ့သို့ ကားထိုးရပ်လိုက်တော့ ညဆယ်နာရီ ထိုးနေပြီ။ ဒီအချိန်ဆိုတော့ ဆရာစိုးတစ်ယောက် အိမ်မှာ မလွဲမသွေ ရှိ၏။

မြို့တံခါးကို ဆင်းအဖွင့်မှာပင် ရှေ့မလှမ်းမကမ်းမှာ အေးကို တွေ့လိုက်ရသည်။

သူ ဝယ်ပေးခဲ့ဖူးသော ဝတ်စုံလေးဖြင့် အိမ်ပေါ်သို့ ထင်ရှားစွာ အေး တက်သွားလေ၏။

ဝမ်းသာစွာဖြင့် အေးနောက်ကို အမီလိုက်မိသည်။

အိမ်ပေါက်ဝကို ရောက်သည်နှင့် အေးကို မမြင်မတွေ့ရတော့ပေ။

"ကိုနောင် ရောက်လာပြီ"

သူ့ကို မြင်သည်နှင့် မမထားက ပြောလိုက်သည်။

ညှိခန်းမှာ သူ့ ထိုင်တော့ ဆရာစိုး ရောက်လာသည်။

"မင်း ရောက်လာပြီလား ကိုနောင်၊ ထားကတော့ မင်းဆီ ဖုန်း ခဏခဏ ဆက်နေတာ"

"ဟုတ်တယ် ကိုနောင် ကိုးနာရီလောက်အထိ အိမ်ကို မင်း ပြန်မရောက်သေးဘူး၊ အိမ်က ပြောလိုက်လို့ မင်း လိုက်လာတာလား



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်"

"မဟုတ်ဘူး မမထား အိမ်ကို ကျွန်တော် ပြန်ကိုမရောက်သေးတာ၊ ဆရာစိုးနဲ့ တွေ့ချင်လို့ တမင် လာခဲ့မိတာ"

သူ့စကားများက အမှားပါသွားလေသလား မသိ။ မမထားရော ဆရာစိုးတို့ပါ မျက်နှာပျက်သွားကြ၏။ ချက်ချင်းဆိုသလိုပင် အေးကို မေးလိုက်မိသည်။

"အေး ပြန်ရောက်နေပြီ မဟုတ်လား မမထား"

"မင်း ဘယ်လို ထင်လဲ ကိုနောင်"

"ပြန်ရောက်နေပြီလို့ ထင်တယ် ဆရာစိုး။ ကျွန်တော် ခြံတံခါးဖွင့်တော့ ကျွန်တော့်ရှေ့ကနေပြီး အေး အိမ်ပေါ်တက်သွားတာ"

"အင့် . . . အင့်"

သူ့စကားကြောင့်ပင် မမထား ဝမ်းနည်းပက်လက်ဖြစ်ပြီး ငိုကြွေးတော့၏။

ရင်ဆိုင်ကြုံတွေ့နေရသော အဖြစ်အပျက်များကြောင့်ပင် တစ်ခုခု ဖြစ်နေတာကို ရိပ်စားမိတော့၏။

"မင်း ထင်လို့ပါ။ ဒီတစ်သက် မင်းဆီကို အေးမြတ်မို ပြန်လာမှာ မဟုတ်ဘူး ကိုနောင်"





"ဘာဖြစ်လို့လဲ အေးက ဘာလို့ ပြန်မလာရတာလဲ၊ အေး ကျွန်တော့်ကို မမြင်မတွေ့ချင်တော့တာလား ဆရာစိုး"

"အဲဒီလို မှတ်ယူရင် မင်းအဖို့ ပိုပြီး သက်သာရာရလိမ့်မယ် ကိုနောင်"

"မဟုတ်တာပဲ ဆရာစိုး၊ ဘာတွေဖြစ်ပျက်နေတာလဲ ဆရာစိုး၊ ကျွန်တော့်ကို ပြောပြကြပါ၊ ဝေဝေဝါးဝါး မလုပ်ကြပါနဲ့ဗျာ၊ ကြာရင် ခေါင်းတွေရှုပ်ထွေးပြီး ကျွန်တော် ရူးသွားရလိမ့်မယ်"

မရှက်မကြောက်စတမ်းပင် ရင်ထဲရှိသည့်အတိုင်း သူ တောင်းဆိုလိုက်မိသည်။

မမထားကလည်း မျက်ရည်များဖြင့် ဆရာစိုးအား ဖြစ်ကြောင်းကုန်စင် ပြောဖို့ တောင်းဆိုလိုက်၏။

"ဟုတ်သားပဲရှင် ကိုနောင် သိအောင် ရှင်ပဲ အကြောင်းစုံ ပြောလိုက်ပါ"

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ ဒီစာကို မင်းအရင် ဖတ်ကြည့်လိုက် ကိုနောင်"

ဆရာစိုးက အိတ်ထဲမှ စာရွက်ကို ထုတ်ယူပြီး သူ့ကို ကမ်းပေးလိုက်သည်။ ရင်မောစွာဖြင့် လှမ်းယူကာ သူ ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေး . . .

အားလုံးတော့ ကိုယ်ကျိုးနည်းကုန်ပြီ။

အောင်သစ်နဲ့ သမီး တွေ့ကြတယ်။ အဆင်မပြေကြတော့ သမီးက ရွှေနေမလေးဆီ သွားတယ်။

ရွှေနေမလေးဆီကလည်း ဘာမှ ထွေထွေထူးထူးမသိခဲ့ရလို့ ထင်ပါတယ်ကွယ်။

အောင်သစ် ညစ်တဲ့အတိုင်း လည်စင်းပေးရုံပဲ ရှိတော့တာ အမှန်ပဲ။ သမီးလေး စိတ်တွေ အရမ်းညစ်သွားလိမ့်မယ် ထင်တယ်၊ရွှေနေမလေးဆီက စက်ဘီးနင်းပြီး အပြန်မှာပဲ  ကားတိုက်ခံရတယ်၊ အချို့ကတော့ကားရှေ့ကို တမင် တိုးဝင်တာလို့ ပြောကြတယ်၊ ဘာပဲဖြစ်ဖြစ် သမီးလေးကတော့ နေရာမှာပဲ ပွဲချင်းပြီး သေသွားပြီ မောင်လေး။

ဒီစာရရချင်း မောင်လေး လိုက်လာခဲ့ပါ။

မမ





စာကို ဖတ်ရင်း ဖတ်ရင်းနှင့် ဝမ်းနည်းတုန်ယင်နေမိ၏။ စာပြီးဆုံးသွားသည်နှင့် အလန့်တကြား သူ မေးလိုက်မိသည်။

"ဒါဆို အေး ဆုံးပြီပေါ့ ဟုတ်လား ဆရာစိုး"

"ဟုတ်တယ် ကိုနောင်၊ မနေ့က ဆုံးတာ၊ ဒါကြောင့်ပဲ မင်းဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ တွေ့တွေ့ချင်းမှာ ပြောလိုက်ရတာပေါ့ ကိုနောင်"

အမြင် အကြားတို့မှာ သူ မယုံချင်။

အေး ဆုံးပြီဆိုသော သတင်းကို အတည်မပြုချင် . . .။

သူ့ရင်နှင့်တကွ သူ့နှလုံးသားတို့ ပြင်းထန်စွာ ဝမ်းနည်းမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## ၇။

"ကိုယ်ပြောပြတာတွေကို ကိုနောင် သဘောပေါက်လောက်ရောပေါ့၊ တစ်နေ့ကျရင် အေးမြတ်မိုအကြောင်း သိရလိမ့်မယ်လို့ ကိုယ် ပြောခဲ့ဖူးပါတယ်၊ ဒီအကြောင်းတွေကြောင့်ပဲ ကိုနောင်နဲ့ အေးမြတ်မိုကို မပတ်သက်စေချင်ခဲ့တာ၊ ကိုနောင့်ကို ကြည့်ပြီး ဒီအကြောင်းတွေကို အရင်က ကိုယ် ပြောမထွက်ခဲ့ဘူး။ အေးမြတ်မိုက ကိုနောင့်ကို ပြောပြလိမ့်မယ်လို့ ကိုယ် ထင်ခဲ့တယ်၊ ဒါပေမယ့် ကိုယ်ထင်သလို မဟုတ်ခဲ့ကြဘူး။ အေးမြတ်မိုကလည်း ကိုနောင့်ကို ကရုဏာဖြစ်မိပြီး ပြောမပြခဲ့ဘူး၊ ကိုနောင်နဲ့ အလိုက်သင့်နေပေးခဲ့တာလည်း အေးမြတ်မိုက သံယောဇဉ် ရှိခဲ့လို့ပဲ၊ ဒီသကြိန်မှာ အဖြေပေးမယ်လို့ဆိုတာ ထား ပြောပြလို့ ကိုယ် သိရတယ်၊ ကိုနောင့်ကို အဖြေ

www.burmeseclassic.com

www.burmeseclassic.com



မပေးခင်မှာ အောင်သစ်နဲ့ ကိစ္စပြတ်ဖို့ အေးမြတ်မို ကြိုးစားရင်းနဲ့ပဲ အသက် ဆုံးသွားခဲ့တာ၊ မင်းတို့နှစ်ယောက်စလုံးရဲ့ အဖြစ်အပျက်ကို တကယ်ပဲ ကိုယ် စိတ်မကောင်း ဖြစ်ရတယ်"

နောက်ကြောင်း ပြန်ပြောနေသော အဖြစ်အပျက်တွေကို ဝမ်းနည်းမှုများဖြင့် သူ နာခံယူနေမိသည်။

ပြောပြနေသော ဆရာစိုး၏ အသံတို့သည် မှုမှန်မှု ရှိမနေ။

သူ့အပေါ် သံယောဇဉ်ကြီးခဲ့သော၊ သူ့အတွက် ငဲ့ညှာလွန်းခဲ့သော အေး တစ်ယောက်ကတော့ ဒီကမ္ဘာက အပြီးအပိုင် ထွက်ခွာသွားခဲ့လေပြီပဲ။

◎

"ကိုယ်တို့တွေ အခုချက်ချင်း ထလိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ ကိုနောင်၊ ခုအချိန်ခါမျိုးမှာ မင်း ကားမောင်းလို့ မဖြစ်ဘူး။ အခုလည်း ညဆယ့်တစ်နာရီ ထိုးနေပြီ၊ မနက်စောစော လိုင်းကားနဲ့ပဲ လိုက်သွားကြမယ်၊ သင်္ဂြိုလ်တာကိုတော့ ကိုယ်တို့ မီမှာပါ"

သူ့အပါးမှနေပြီး ဘယ်တော့မှ အဝေးကြီး ထွက်မသွားဘူး





ဟု ပြောဆိုသော အေး တစ်ယောက် အခုတော့ မရှိတော့ပြီ။

သူ့ရင်တို့ ဖြေဆည်မရအောင် ကြေကွဲရ၏။ သူ့လိုပင် အေးလည်း ကြေကွဲမှုများဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်မည်။

တကယ်တော့ သူနှင့်အေးတို့ကို ရင်ကျိုးစေသော သူမှာ မညှာတာ မထောက်ထားရက်သော ကံကြမ္မာပင် ဖြစ်လေ၏။

ဆောင်းစိန်ဝင်း (ပုတီးကုန်း)



www.burmeseclassic.com